# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 1 May 2019 ၉၆၃၆


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော)လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## အလုပ်သမားများ၏ဘဝ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက အလေးပေးဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ**
**အလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ**
(၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်)

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

ယနေ့ကျရောက်သည့် အလုပ်သမားနေ့အခါသမယမှာ ပြည်ပနိုင်ငံအသီးသီး၌ ရောက်ရှိနေကြသည့် မြန်မာ ရွှေ့ပြောင်းအလုပ်သမားများအပါအဝင် မြန်မာအလုပ်သမားထုတစ်ရပ်လုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်ဝပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေ၊ လုပ်ငန်းခွင်အေးချမ်းသာယာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားများကို အလေးထားဂုဏ်ပြုသည့်အနေဖြင့် ပေါ်ပေါက်ခဲ့သော အလုပ်သမားနေ့သည် ခေတ်အဆက်ဆက် ရှည်လျားသည့် သမိုင်းကြောင်းနှင့်အတူ ကျော်ဖြတ်ခဲ့ရခြင်းဖြစ်ပါသည်။ စက်မှုတော်လှန်ရေးအဆက်ဆက်တွင် အလုပ်သမားများအနေနှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ၊ လိုလားချက်များကို အခက်အခဲမျိုးစုံကြားမှ တောင်းဆိုရယူနိုင်ခဲ့ကြပါသည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှ အလုပ်သမားများ၏ ရသင့်ရထိုက်သည့် အခွင့်အရေးများသည်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး


**ဖနောင်ပင် ဧပြီ ၃၀**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်သို့ ရောက်ရှိပြီး ဂုဏ်ပြုပန်းခွေချ အလေးပြုသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နတ်ရွာစံ ဘုရင်မင်းမြတ်၏ ဖခမည်းတော် Preah Borom Ratanak Kaudh ၏ အထိမ်းအမှတ်ရုပ်တုသို့ ရောက်ရှိပြီး ဂုဏ်ပြုပန်းခွေချဂါရဝပြုသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ရုံး (Peace Palace) သို့ ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo Hun Sen က ကြိုဆိုနှုတ်ဆက်သည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ✩




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo Hun Sen တို့ ဦးဆောင်၍ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်စဉ်။

## ၂၀၁၉ ခုနှစ် အလုပ်သမားနေ့အား ဂုဏ်ပြုပါ၏။




# ကြေးမုံ
## အလုပ်သမားအခွင့်အရေးမြှင့်တင်

ယနေ့သည် (မေလ ၁ ရက်) အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ဖြစ်သည်။ အလုပ်သမားနေ့တွင် နိုင်ငံအသီးသီးရှိ အလုပ်သမားများအား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပကြသည်။ ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်ရေးသာမက နိုင်ငံ့အကျိုးအတွက် သယ်ပိုးထမ်းရွက်ကြသော ကာယ၊ ဉာဏ အလုပ်သမားအပေါင်းတို့ကို ဤနေ့ ဤရက်တွင် အသိအမှတ်ပြုရပေမည်။

အလုပ်သမားများနှင့် ပတ်သက်လျှင် အစိုးရ၊ ပုဂ္ဂလိက အလုပ်သမားအားလုံး ပါဝင်ပတ်သက်ပြီး အလုပ်သမားအခွင့်အရေးများ ကွာဟမှုနည်းနိုင်သမျှနည်းအောင် ဖော်ဆောင်ပေးရမည် ဖြစ်ပေသည်။ ထိုသို့ဖော်ဆောင်ရာတွင် အလုပ်ရှင်၏ အခန်းကဏ္ဍမှာ အဓိကကျပြီး အလုပ်ရှင်နှင့် အလုပ်သမား ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ အပြန်အလှန် အမှီသဟဲပြုဆက်ဆံမှသာ မိမိတို့လုပ်ငန်း အောင်မြင်မည်ဖြစ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအရှေ့သို့ ရောက်ရှိနိုင်မည် ဖြစ်သည်။

ဒီမိုကရေစီအသွင် ကူးပြောင်းသည့် ကာလတွင် အလုပ်သမားများ၏ အခန်းကဏ္ဍမှာ ပြောင်းလဲသွားပြီး တရားမျှတမှုကို အခြေခံသည့် အလုပ်ရှင်၊ အလုပ်သမား မိတ်ဖက်ဆက်ဆံရေး ပေါ်ပေါက်လာသည်ကို တွေ့ရသည်။ အလုပ်သမားများဘဝကို မြှင့်တင်ပေးခြင်းသည် ကုန်ထုတ်လုပ်မှု တိုးတက်စေသဖြင့် အလုပ်သမားအခွင့်အရေးများကို အလေးထားဆောင်ရွက်လာခြင်း ဖြစ်သည်။

အလုပ်သမားများ၏ဘဝသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းသဘောဖြစ်နေသည့်အတွက် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ သုံးပွင့်ဆိုင်ဖွံ့ဖြိုးတိုးတက်ရေး ယနေ့ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံတွင် အလုပ်သမားအခွင့်အရေး ပိုမိုရရှိရေး၊ လူမှုဘဝမြင့်မားရေးအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း ILO နှင့် ပူးပေါင်းရေးဆွဲထားသည့် သုံးနှစ်စီမံကိန်း ၂၀၁၈-၂၀၂၁ ကို အကောင်အထည်ဖော်နေသည်။

သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် ရေရှည်တည်တံ့သည့် စွန့်ဦးတီထွင် စီးပွားရေးအခွင့်အလမ်းများကို အလုပ်လုပ်နိုင်သူများ ပိုမိုရရှိလက်လှမ်းမီရေး၊ အလုပ်သမားဈေးကွက် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာခြင်းအားဖြင့် အလုပ်ခွင်များတွင် အခြေခံစည်းမျဉ်းများနှင့် အခွင့်အရေးများ ကျင့်သုံးမှုအားကောင်းလာစေရေး၊ ထိခိုက်လွယ်သည့် အလုပ်သမားနှင့် ပြည်သူများအတွက် လူမှုအကာအကွယ်ပေးမှု အကျုံးဝင်စေရန် တိုးချဲ့ရေးစသည့် ဦးတည်ဆောင်ရွက်ရမည့် ဦးစားပေးနယ်ပယ်သုံးရပ် ချမှတ်ကာ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ဆိုင်ရာ နိုင်ငံအဆင့်အစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

မေဒေးဟုခေါ်တွင်သော အလုပ်သမားနေ့သည် နိုင်ငံတကာမှ အလုပ်သမားလူတန်းစားများအနေဖြင့် နိုင်ငံရေးအရ အရေးပါသောနေ့တစ်နေ့ဖြစ်သည်။ ရှေးက အလုပ်သမား ပစ္စည်းမဲ့လူတန်းစားများအား ဖိနှိပ်ချုပ်ချယ်ခဲ့သော အရင်းရှင်စနစ်ကိုတော်လှန်၍ အလုပ်သမားတို့၏ ဘဝသစ်တည်ဆောက်ရန် အလုပ်သမားများ သွေးစည်းသောနေ့တစ်နေ့ဟု ဆိုခဲ့ကြသည်။ တစ်နည်းဆိုလျှင် ဖိနှိပ်ခံအလုပ်သမားများက အလုပ်ရှင်တို့အပေါ် စတင်အရေးဆိုခဲ့သောနေ့ ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံတွင် အလုပ်ရှင်နှင့် အလုပ်သမားဆိုင်ရာ အခွင့်အရေးများကို အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ အလုပ်ချိန်၊ လုပ်ခ၊ ရပိုင်ခွင့်မှအစ အလုပ်သမားများအခွင့်အရေးကို ဦးစားပေးဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်၍ နိုင်ငံတကာနှင့်နှိုင်းစာလျှင် အခွင့်အရေးများ နည်းပါးသေးသည်မှာ မှန်သော်လည်း နိုင်ငံဖွံ့ဖြိုးလာရေးကိုရှေးရှု၍ အလုပ်ရှင်၊ အလုပ်သမား ညီညွတ်မျှတစွာဖြင့် ကုန်ထုတ်စွမ်းအားများ မြင့်မားတိုးတက်အောင် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ မေဒေး (ခေါ်) အလုပ်သမားနေ့သည် နိမ့်ကျခဲ့ရသည့် အလုပ်သမားကြီးများဘဝ မြင့်မားတိုးတက်ရေးအတွက် စတင်သန္ဓေတည်သောနေ့ ဖြစ်သည်နှင့်အညီ အလုပ်သမားများဘဝ မြင့်မားတိုးတက်ရေးကို အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ သုံးပွင့်ဆိုင်လက်တွဲဆောင်ရွက်နိုင်ပြီဖြစ်၍ နိုင်ငံဖွံ့ဖြိုးရေးကို တက်ညီ၊ လက်ညီဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း။ ။

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ မုံရွာမြို့သို့ ဒေသစာရီကြွချီအပူဇော်ခံ

**မုံရွာ ဧပြီ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကဦးဆောင်၍ နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ စုပေါင်းအင်အားဖြင့် တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးမြို့မှ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ဒေသစာရီကြွချီအပူဇော်ခံသည်။



### အလှူငွေများလှူဒါန်း

စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ယနေ့နံနက်ပိုင်းက ပုဂံ-ညောင်ဦးမြို့၊ ပခုက္ကူမြို့၊ ရေစကြိုမြို့၊ ချောင်းဦးမြို့ လမ်းကြောင်းတစ်လျှောက် ပင့်ဆောင်အပူဇော်ခံရာ လမ်းတစ်လျှောက်တွင် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများက လှိုက်လှဲစွာဖြင့် ကြိုဆိုဖူးမြော်ကြပြီး စေတီတော်ကြီးတည်ထားကိုးကွယ်ရေး အလှူငွေများ လှူဒါန်းကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဆင်ဖြူရှင်တံတားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၏ဇနီး ဒေါ်တင့်တင့်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက မုံရွာမြို့သို့ ကြိုဆိုပင့်ဆောင်ကြသည်။

### နှစ်ရက်တာအပူဇော်ခံထားရှိ

စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား မုံရွာမြို့ ရွှေစည်းခုံဘုရားဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်တွင် ရွှေစည်းခုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ရင်ငွေ့လှုံကာ ဒေသခံပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် နှစ်ရက်တာ အပူဇော်ခံထားရှိမည် ဖြစ်သည်။

မေ ၁ ရက် ည ၇ နာရီတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက မုံရွာမြို့ မြို့တော်ခန်းမ၌ စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ပင့်ဆောင်ပူဇော်ခြင်း အထိမ်းအမှတ် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ တရားတော်ကို ဟောကြားချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဟန်လင်းနိုင်၊ ထွန်းကိုကို(ယင်းမာပင်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အပူပိုင်းဒေသ စိမ်းလန်းဖို့
ပူးပေါင်းပါဝင်ဆောင်ရွက်စို့

## အသိပေးကြေညာခြင်း

**နေပြည်တော် ဧပြီ ၃၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website ကို ဝင်ရောက်ကြည့်ရှုရာတွင် www.uecmyanmar.org Domain Name အစား www.uec.gov.mm Domain Name ဖြင့် ပြင်ဆင်ကြည့်ရှုနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့်နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဧပြီ ၃၀**

ရန်ကုန်(ရွှေဈေး) ၁၀၃၈၅၀၀ - ၁၀၃၈၅၀၀ မန္တလေး(ရွှေဈေး) ၁၀၃၈၅၀၀ - ၁၀၃၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၁၀ ကျပ် | ၁၀၂၀/၁၀၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၆၅ ကျပ် | ၁၀၁၀/၁၀၂၅ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၉၁၀ ကျပ် | ၉၃၀/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၇၅/၁၀၂၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၂၀/၉၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၃၀/၉၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၈၀/၈၉၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၂.၇ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၀၆.၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆.၀၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၆၈၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၈.၁၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၈၂၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၆၇.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၅၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၃.၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၈.၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

❖ ရှေ့ဖုံးမှ

ယခင်ကထက် ပိုမိုတိုးတက်ရရှိနေကြောင်း တွေ့မြင်နိုင်ပါသည်။ ယခုကဲ့သို့ တိုးတက်မှုများ ဖြစ်ပေါ်လာရန် စိတ်ထားကောင်းနှင့် ဦးဆောင်ဦးရွက်ပြုခဲ့သည့် အလုပ်သမားများကို လေးစားအသိအမှတ်ပြုအပ်ပါသည်။ အလုပ်သမားများ ရသင့်ရထိုက်သည့် အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် အလေးထား ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

ယနေ့မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းနေသည့်နိုင်ငံဖြစ်ပြီး ပြည်တွင်းမှာသာမက နိုင်ငံတကာ မျက်နှာစာတွင်ပါ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသဖြင့် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရေးအတွက် ပြည်သူလူထု အားသာမက ပြည်တွင်းပြည်ပ မိတ်ဖက်များ၏ အကူအညီများကို ရယူဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူအများ ဆန္ဒပြင်းပြမျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူထဲက ပြည်သူဖြစ်သည့် အလုပ်သမားများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြပြီး ကြုံတွေ့ရသည့် အခက်အခဲများကို ဥပဒေနှင့်အညီ စေ့စပ်ညှိနှိုင်းဆွေးနွေးဖြေရှင်းကြရမည် ဖြစ်ပါသည်။

**လုပ်သားအားလုံး၏ ထုတ်လုပ်နိုင်မှုစွမ်းအားကို အသုံးချ**

နိုင်ငံတော်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များကို အခြေခံပြီး ချမှတ်ထားရှိသော မြန်မာနိုင်ငံရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MSDP) (၂၀၁၈-၂၀၃၀)တွင်လည်း (၂၁)ရာစု လူမှုအသိုက်အဝန်းအတွက် လူသားအရင်းအမြစ်များနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ပန်းတိုင်သတ်မှတ်ထားရှိပြီး ရွှေ့ပြောင်းလုပ်သားအပါအဝင် လုပ်သားအားလုံး၏ ထုတ်လုပ်နိုင်မှုစွမ်းအားကို အသုံးချရေးနှင့် အလုပ်သမား အခွင့်အရေးကို ကာကွယ်ပေးရေးဟူ၍ မဟာဗျူဟာ ထည့်သွင်းသတ်မှတ်ကာ အလုပ်သမားများဘဝ သာယာရေး အတွက် လုပ်ငန်းစဉ်များကိုလည်း ဦးစားပေးလုပ်ငန်းစဉ်များထဲတွင် ထည့်သွင်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းစဉ်များအရ အလုပ်သမားရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အလုပ်ရှာဖွေနေသူများ အလုပ်အကိုင်ရရှိရေးအတွက် ဝန်ဆောင်မှုအပြည့်အဝပေးရေး၊ လိုအပ်သည့်ကျွမ်းကျင်မှုသင်တန်းများ ပေးရေး၊ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရေး၊ လုပ်ငန်းခွင်ဝင်ရောက်စဉ် လုပ်ခလစာများ ပုံမှန်ရရှိရေး၊ ခွင့်ရက်အလုပ်ပိတ်ရက်များ ခံစားရရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းသာယာပြီး လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်စေရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို အာမခံအလုပ်သမားများမှ ရရှိခံစားနိုင်ရေး၊ အလုပ်သမားရေးရာ အငြင်းပွားမှုများ ဖြစ်ပေါ် လာပါက တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဖြေရှင်းရေး စသည့် လုပ်ငန်းရပ်များအား အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

အလုပ်လုပ်ကိုင်လိုသူတိုင်း အလုပ်အကိုင်ရရှိနိုင်စေရန် နိုင်ငံတော်၏ စီမံကိန်းများနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ၊ အလုပ်အကိုင်မူဝါဒ၊ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ နိုင်ငံအဝန်းအလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ Mobile Team များ၊ One Stop Service များ ဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများမှတစ်ဆင့် ဝန်ဆောင်မှုပေးခြင်းတို့ဖြင့် စီစဉ်ပေးလျက်ရှိပါသည်။

ထို့အပြင် ပြည်ပအလုပ်အကိုင် ရရှိစေရန်အတွက် မူဝါဒချမှတ်ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ရွှေ့ပြောင်းလုပ်သားများနှင့်စပ်လျဉ်း၍လည်း အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂)ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။

**ပြည်ပရောက် မြန်မာရွှေ့ပြောင်းလုပ်သားများကို ကာကွယ်စောင့်ရှောက်**

အလားတူ ပြည်ပရောက် မြန်မာရွှေ့ပြောင်းလုပ်သားများကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများတွင် အလုပ်သမားသံအရာရှိများ ခန့်အပ်ပြီး သက်ဆိုင်ရာ မြန်မာသံရုံးများနှင့်ပူးပေါင်းကာ ဖြေရှင်းပေးလျက်ရှိပါသည်။ ထို့အပြင် ပြည်တွင်းရွှေ့ပြောင်းလုပ်သားများအတွက်ကိုလည်း ILO၊ IOM အကူအညီများနှင့် ထောက်ပံ့ကူညီရေးဗဟိုဌာနများ ဖွင့်လှစ်ထားပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရုပ်မြင်သံကြားနှင့် သတင်းမီဒီယာများမှ အသိပညာပေး အစီအစဉ်များ ထုတ်လွှင့်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် ကျင့်ဝတ်နှင့်အညီ အလုပ်သမားစုဆောင်းရန်နှင့် ဥပဒေနှင့် ညီညွတ်စေရန် ကြပ်မတ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ နေရပ်ပြန်လုပ်သားများဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းပေါင်းစပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ခေတ်ကာလနှင့်အညီ အလုပ်သမားများ၏ ကျွမ်းကျင်မှုသည် အထူးအရေးပါလာသောကြောင့် နိုင်ငံတော်အနေဖြင့် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရေးဆိုင်ရာ ကိစ္စရပ်များအား အလေးထားဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဈေးကွက်မှတောင်းဆိုနေသည့် ကျွမ်းကျင်လုပ်သားများဖြစ်စေရန်၊ အလုပ်သမားများကိုယ်တိုင်က အားထုတ်ရန်လည်း လိုအပ်ပါသည်။

အလုပ်ရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးသောကြောင့် ကျွမ်းကျင်မှု ရန်ပုံငွေထူထောင်နိုင်ရန်အတွက် တည်ဆဲအလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်းကိုလည်း အသိပေးအပ်ပါသည်။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် လုပ်ငန်းခွင်များ ဘေးကင်းလုံခြုံစေရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရန် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ အသစ်ကိုလည်း ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို အလုပ်သမားများ ပိုမိုရရှိခံစားနိုင်စေရန်အတွက် ဝန်ဆောင်မှုများတိုးချဲ့ခြင်းနှင့် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့နိုင်ရေးတို့အတွက် ပြုပြင်ပြောင်းလဲခြင်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ရေးအတွက်ကိုလည်း အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) များကို လုပ်ငန်းခွင်တိုင်းတွင် အလုပ်ရှင်၊ အလုပ်သမားများမှ ညှိနှိုင်းဖွဲ့စည်းရေးကိစ္စရပ်များနှင့် အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်အတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း စနစ်တကျ ကြိုးပမ်းစီမံပေးလျက်ရှိပါသည်။

**နိုင်ငံခြားသားအလုပ်သမားဥပဒေရေးဆွဲ**

နိုင်ငံတော်အနေဖြင့် အလုပ်သမားများအကျိုးရှေးရှုပြီး ခေတ်ကာလနှင့်ဆီလျော်သော အလုပ်သမားလျော်ကြေးများရရှိနိုင်ရန် ဥပဒေပြင်ဆင်ရေးဆွဲခြင်း၊ အခြားနိုင်ငံများမှ မြန်မာနိုင်ငံအတွင်း လာရောက်လုပ်ကိုင်မည့် နိုင်ငံခြားသားအလုပ်သမားများကို စနစ်တကျ ကြီးကြပ်နိုင်ရန် နိုင်ငံခြားသားအလုပ်သမားဥပဒေရေးဆွဲခြင်း၊ ခေတ်ကာလနှင့် မလျော်ညီသည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

လက်ခံကျင့်သုံးလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာစံများနှင့်အညီ အလုပ်သမားရေးရာ ကိစ္စရပ်များအား ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အခြေခံအလုပ်သမားအဖွဲ့အစည်းများ၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့ချုပ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့ချုပ် စသည်ဖြင့် ယနေ့အထိ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်း စုစုပေါင်း (၂၉၃၂)ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် ILO နှင့် ပူးပေါင်း၍ တိုင်ကြားမှုယန္တရားတစ်ရပ် ထူထောင်ဆောင်ရွက်လျက်ရှိသကဲ့သို့ ထိခိုက်လွယ်သော ပြည်သူတို့အပါအဝင် တိုင်းရင်းသားလူနည်းစု၏ အလုပ်သမားအခွင့်အရေးများ မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ အဓမ္မခိုင်းစေမှု ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲလျက်ရှိပြီး နိုင်ငံအဆင့် တိုင်ကြားမှုယန္တရားတစ်ရပ် (National Complaints Mechanism) အမြန်ဆုံး ထူထောင်နိုင်ရေး ဆောင်ရွက်နေပါသည်။

**အန္တရာယ်ရှိသော အလုပ်များစာရင်း အတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်**

ကလေးအလုပ်သမားများ လျော့နည်းပပျောက်ရေးနှင့် အဆိုးရွားဆုံးပုံစံနှင့် ခိုင်းစေမှုမရှိစေရေးအတွက် သက်ဆိုင်ရာကော်မတီများအား ကြပ်မတ်လမ်းညွှန်ခြင်းနှင့် အလုပ်ရှင်၊ အလုပ်သမားဆိုင်ရာ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဖြေရှင်းခြင်းတို့ဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး အန္တရာယ်ရှိသော အလုပ်များစာရင်း အတည်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

"အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆက်ဆံရေး ကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များ ဖြစ်ပေါ်စေရေး" ဟူသော ရည်မှန်းချက်ဖြင့် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ (National Tripartite Dialogue Forum-NTDF)များကို လေးလတစ်ကြိမ်ကျင်းပ၍ အလုပ်သမားဥပဒေ ပြင်ဆင်ရေး အပါအဝင် အလုပ်သမားရေးရာကိစ္စရပ်များ ဆွေးနွေးအတည်ပြု ဆုံးဖြတ်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုပန်းတိုင်ရောက်ရှိရန် မျှော်မှန်း၍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါဖြစ်သည်နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို စုပေါင်းအင်အားဖြင့် ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်ပါသည်။ အလုပ်သမားများ၏ ဘဝ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက အရေးကြီးသောမူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းများ အလေးပေးဆောင်ရွက်နေချိန်တွင် အလုပ်ရှင်၊ အလုပ်သမားနှင့် သက်ဆိုင်ရာဌာနများအနေဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အပြန်အလှန်နားလည်မှုရှိရှိ ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၃၀**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) ကော်မတီ၏ (၂/၂၀၁၉)ကြိမ်မြောက်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယခုအစည်းအဝေးတွင် ဆောင်ရွက်ခဲ့ပြီးလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့် ဘဏ္ဍာရေးစည်းမျဉ်းများအရ လိုအပ်သောအတည်ပြုမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးရေးနှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသကဲ့သို့ ကြက်ခြေနီလှုပ်ရှားမှုအနေဖြင့်ပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ UEHRD၏ စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်များဖြင့် လူသားချင်းစာနာမှုအကူအညီများပေးခဲ့ကြောင်း၊ UEHRD ကော်မတီ၏ လုပ်ငန်းများနှင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းများသည် ဆက်စပ်ဆောင်ရွက်ရသောလုပ်ငန်းများ ဖြစ်ပါကြောင်း၊ ASEAN-ERAT အဖွဲ့အပါအဝင် ရခိုင်ပြည်နယ်၏ အခြေအနေများကို ဆန်းစစ်လေ့လာသည့် အဖွဲ့အစည်းများ၏ ဖော်ထုတ်ချက်အရ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံးအချက်မှာ လူမှုစီးပွားဖွံ့ဖြိုးမှုနိမ့်ကျနေမှုကို ဖြေရှင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လူမှုသဟဇာတဖြစ်ရေးသည် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးအတွက် UEHRD ကော်မတီ၏ လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့၏ ဆောင်ရွက်မှုများသည် အရေးပါကြောင်း၊ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်အောင်မြင်မြင် ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။



ထို့နောက် UEHRD ကော်မတီဝင်များက ကဏ္ဍအလိုက်ဆွေးနွေးကြပြီး ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo Hun Sen တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

☆ **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

အခမ်းအနားတွင် မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ ဂုဏ်ပြုတီးမှုတ် အလေးပြုကြသည်။

**ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေး**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်တို့ဦးဆောင်၍ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှု၊ ပညာရေး၊ ခရီးသွားလာရေး၊ အာဆီယံအဖွဲ့အပါအဝင် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး၊ ကုလသမဂ္ဂ၊ ဘက်မလိုက်လှုပ်ရှားမှုအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

ထို့ပြင် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အပြန်အလှန် အကာအကွယ်ပေးရေးစာချုပ်၊ အခွန်နှစ်ထပ်ကျသင့်မှုရှောင်ရှားရေး သဘောတူစာချုပ်နှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးတို့အတွက် နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘောဒီးယားနိုင်ငံ အစိုးရမှ ရခိုင်ပြည်နယ်လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် အမေရိကန် ဒေါ်လာ ကိုးသောင်း ပေးအပ်လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားပြီး ကမ္ဘောဒီးယားဝန်ကြီးချုပ်အား နှစ်ဦးနှစ်ဖက် အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကမ္ဘောဒီးယားနိုင်ငံ လွှတ်တော်အဆောက်အအုံသို့ရောက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Ponhea Chakrei HENG SAMRIN နှင့် တွေ့ဆုံသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်အား ဂုဏ်ပြုပန်းခွေချ အလေးပြုစဉ်။

**တွေ့ဆုံ**

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ လွှတ်တော်အဆောက်အအုံ Senate Building သို့ရောက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Samdech Vibol Sena Pheakdey SAY Chhum နှင့် တွေ့ဆုံသည်။


တွေ့ဆုံပွဲများတွင် နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေးနှင့် လွှတ်တော်နှစ်ရပ်အကြား အတွေ့အကြုံဖလှယ်ရေးလုပ်ငန်းစဉ်များ ၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်များ အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော်သို့ရောက်ရှိပြီး

**စာမျက်နှာ ၅ သို့** ☆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ Samdech Akka Moha Ponhea Chakrei HENG SAMRIN နှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Samdech Vibol Sena Pheakdey SAY Chhum နှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ် His Majesty Norodom Sihamoni နှင့်တွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ်၏မယ်တော် H.M. Norodom Monineath Sihanouk နှင့်တွေ့ဆုံစဉ်။

☆ စာမျက်နှာ ၄ မှ

ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် His Majesty Norodom Sihamoni နှင့် တွေ့ဆုံသည်။

**တွေ့ဆုံ**

တွေ့ဆုံစဉ် မြန်မာ -ကမ္ဘောဒီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် His Majesty Norodom Sihamoni အား နှစ်ဦးနှစ်ဖက် အဆင်ပြေသည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကမ္ဘောဒီးယား ဘုရင့်မယ်တော် စံအိမ်တော်သို့ရောက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ်၏မယ်တော် H.M. Norodom Monineath Sihanouk နှင့် တွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ရုံး၌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Hun Sen က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo Hun Sen က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။

❖ ကျောဖုံးမှ


ဒေါင်ဗားချောင်းတံတားသည် အရှည်ပေ ၂၅၀၊ အကျယ် ပေ ၃၀ ရှိပြီး စီမံကိန်းတန်ဖိုးအားဖြင့် ငွေကျပ်သန်း ၁၃၀၀ ခန့်မှန်းထားသည်။ အဆိုပါ စီမံကိန်းကို ၂၀၁၉ ခုနှစ် ဧပြီ ၃ ရက်တွင် စတင်ဆောင်ရွက်ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်တွင် တံတားတစ်စင်းလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလင်းက ဟားခါး - ဟာသာ - မှန်တော လမ်းဖောက်လုပ်နေမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက အဆိုပါ လမ်းပိုင်းသည် မုံရွာ -ယာကြီး - ကလေးဝလမ်းနှင့် ဆက်စပ်နေသည့်အတွက် အိန္ဒိယနိုင်ငံနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်လာမည်ဖြစ်ပြီး ဟားခါးမြို့မှ အထက်မြန်မာပြည်သို့ သွားရောက်ရာတွင် အဓိကကျသည့် လမ်းပိုင်းတစ်ခုဖြစ်ကြောင်း၊ လမ်းတာခဲ့ရန် လိုအပ်သော အပိုင်းများကို ၃၄ ပေအကျယ်အထိ ဆောင်ရွက်သွားရန်၊ အတက် / အဆင်း မတ်စောက်သည့် နေရာများကို ပြေပြစ်အောင် ဆောင်ရွက်သွားရန်၊ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် လိုအပ်သည့် ဘဏ္ဍာငွေရရှိရေးအား ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် လုပ်ငန်းနှောင့်နှေးမှု မရှိစေရေးနှင့် အရည်အသွေးပြည့်မီစေရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်မှုများကို အလေးထားလုပ်ဆောင်သွားရန် မှာကြားသည်။

အဆိုပါ လမ်းလုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပေ ၂၀ အကျယ် လမ်းသစ်ဖောက်လုပ်ခြင်း ကိုးမိုင် နှစ်ဖာလုံ၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် (ခြောက်လဘတ်ဂျက်) လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ၃၄ ပေအကျယ် လမ်းတာခဲ့ခြင်း ၁၅ မိုင် နှစ်ဖာလုံ၊ ၃၄ ပေအကျယ် လမ်းသစ်ဖောက်ခြင်း လေးမိုင် ၀ ဖာလုံ၊ ရေထုတ်ပြွန်တည်ဆောက်ခြင်း ၃၃ လုံး၊ Gabion Wall တည်ဆောက်ခြင်း ၅၀၅ ကုဗမီတာ၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ၃၄ ပေ အကျယ် လမ်းတာခဲ့ခြင်း ငါးမိုင် ၇ ဒသမ ၅ ဖာလုံ၊ ၁၄ ပေအကျယ် အမာခံလမ်းခင်းခြင်း နှစ်မိုင် လေးဖာလုံနှင့် တစ်ကြောင်းထိုးဖောက်လုပ်ခြင်း၊ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် လုပ်ငန်းလျာထားချက်အနေဖြင့် ၃၄ ပေ အကျယ် လမ်းဖောက်လုပ်ခြင်း ခြောက်မိုင် ခုနစ်ဖာလုံ၊ ရေထုတ်ပြွန်တည်ဆောက်ခြင်း ကိုးလုံး၊ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း နှစ်စင်း၊ ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း ၁၆၄ ပေနှင့် တစ်ကြောင်းထိုးဖောက်လုပ်ခြင်းတို့ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၃၀**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E Mr. Steve Marshall အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ နိုင်ငံ့ဝန်ထမ်းအဆင့်မြင့် အရာရှိကြီးများအတွက် ခေါင်းဆောင်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Senior and Executive Leadership Scheme-SELS) ကို ရေးဆွဲပြုစုနေမှု၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်းများတွင် ပံ့ပိုးကူညီပေးမည့် အစီအစဉ်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ပေးရေး "English Language Training for Government Officials" သင်တန်းပေးနေမှုနှင့် နယူးဇီလန်နိုင်ငံ State Services Commision (SSC) မှ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုကျွမ်းကျင်ပညာရှင် နှစ်ဦး လာရောက်၍ နည်းပညာဆိုင်ရာ အကူအညီအထောက်အပံ့များပေးရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

**နေပြည်တော် ဧပြီ ၃၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဌာန၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စိစစ်ရာတွင် လာမည့်ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း(BE)တွင် ဆောင်ရွက်နိုင်သည်များကို(BE)မှသာ တောင်းခံရန်နှင့် ယခုနှစ်အတွင်း သုံးစွဲရန်ကာလသည်လည်း ဤဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးမှသာ သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် ၄ လခန့်သာကျန်ရှိသဖြင့် အမှန်တကယ်သုံးနိုင်မည့်ကိစ္စများ၊ ဆောင်ရွက်ဆဲ စီမံကိန်းများနှင့် မဖြစ်မနေ လိုအပ်လာသည့်ကိစ္စများကိုသာ ဦးစားပေးတောင်းခံပါရန် ကြိုတင်အကြောင်းကြားခဲ့ပြီး အဆိုပါအချက်များကို အခြေခံ၍စိစစ်ခဲ့ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများအနက် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုကြောင့် ထပ်မံလိုအပ်လာသည့် အသုံးစရိတ်များ၊ ပင်စင်လစာနှုန်းတိုးမြှင့်၍ ထပ်မံလိုအပ်လာသည့် စရိတ်များ၊ မဖြစ်မနေပေးချေရမည့်စရိတ်များ၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေစသည့် နိုင်ငံတော်ကရရှိမည့် အသုံးစရိတ်များကို ဦးစားပေး၍ခွင့်ပြုခဲ့ပါကြောင်း၊ ပြည်ပအကူအညီရငွေများနှင့် ချေးငွေများထပ်မံရရှိလာခြင်းကြောင့် လိုအပ်လာသည့် အသုံးစရိတ်၊ အမှန်တကယ်ထပ်မံလိုအပ်သည့် လစာစရိတ်၊ ဒေသစရိတ်၊ ပြည်တွင်းအတိုးပေးငွေ၊ ပြည်ပချေးငွေအတွက်အတိုးနှင့် အရင်းပေးဆပ်ငွေများကိုလည်း စိစစ်၍ ခွင့်ပြုခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့က ချေးယူနိုင်သည့် ငွေကျပ်သန်းပေါင်း ၇၂ သိန်းဖြစ်ပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းတွင် ပြည်ပချေးငွေကျပ် ၁၇၁ ဒသမ ၁၀၁ ဘီလီယံ ထပ်မံတိုးလာသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတွင် သန်းပေါင်း ၅ သိန်း ထပ်မံလျာထားပါကြောင်း။

သို့ဖြစ်၍ ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့တင်ပြထားသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်ပြီး အတည်ပြုပေးပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီထံမှ ယူရို ၃၅ ဒသမ ၇ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မြန်မာနိုင်ငံအတွင်း ဓာတ်အားထုတ်လုပ်လျက်ရှိသည့် ရေအားလျှပ်စစ်စက်ရုံ ၂၈ ရုံအနက် ငါးရုံမှာ စက်မောင်းနှင်မှု သက်တမ်းအနည်းဆုံး ၁၀ နှစ်ကျော်မှ အများဆုံးနှစ် ၃၀ ကျော် ကြာမြင့်ပြီဖြစ်သော်လည်း နှစ်ကာလအပိုင်းအခြားအရ ရေအားလျှပ်စစ်စက်ရုံများ ဆောင်ရွက်သင့်သော အကြီးစားပြင်ဆင်မွမ်းမံမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်းမရှိခဲ့၍ စက်မှုပိုင်းဆိုင်ရာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ Control စနစ်များ ချွတ်ယွင်းမှုများရှိလာသည့်အတွက် ထိုစက်ရုံများသည် စိတ်ချယုံကြည်စွာ လျှပ်စစ်ထုတ်နိုင်ရန် အားနည်းလျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ဒဂုံမြို့သစ် (တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်



ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်

## ရေအားစက်ရုံများ၏ သဘောသဘာဝအရ သက်တမ်း ၁၀ နှစ်လျှင် တစ်ကြိမ် အကြီးစားပြင်ဆင်ရန် လိုအပ်

ရေအားစက်ရုံများ၏ သဘောသဘာဝအရ သက်တမ်း ၁၀ နှစ်လျှင် တစ်ကြိမ် အကြီးစားပြင်ဆင်ရန် လိုအပ်ပြီး ဓာတ်အားပေးစက်များကို အလိုအလျောက်ထိန်းချုပ်မောင်းနှင်သည့် Automatic Electronic Control System များနှင့် ယင်းတို့၏ Software များကို ငါးနှစ်တစ်ကြိမ် Upgrade ပြုလုပ်ရန်လိုအပ်ပါကြောင်း၊ အဆိုပါစက်ရုံ ငါးရုံသည် စက်သက်တမ်း ၁၀ နှစ်ကျော်မှ အများဆုံးနှစ် ၃၀ ကျော်အထိ အကြီးစားပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်မှုမရှိသည့်အတွက် စက်များကို စိတ်ချလက်ချ မောင်းနှင်နိုင်မှုကျဆင်းလာပြီး တာဘိုင်၊ ဂျင်နရေတာ၊ Control System များ မကြာခဏ ချွတ်ယွင်းမှုကြောင့် အရေးပေါ်စက်ရပ်တန့် ပြုပြင်ခြင်းများ ဆောင်ရွက်နေရပါကြောင်း။

အဆိုပါ စက်ရုံ ငါးရုံမှ ဓာတ်အားပေးစက်များ ချွတ်ယွင်း၍ အရေးပေါ်ရပ်တန့်ပြုပြင်ရသဖြင့် ဓာတ်အားထုတ်လုပ်မှုသည် တစ်နှစ်လျှင် ၂၄၆ ကီလိုဝပ် နာရီ သန်းပေါင်းခန့် ဆုံးရှုံးနစ်နာလျက်ရှိပါကြောင်း၊ ဓာတ်အားပေးစက်ရုံများ ချွတ်ယွင်းမှုဖြစ်ပေါ်ပြီး ရက်ရှည်လများကြာမြင့်စွာ စက်ရပ်တန့်ပြုပြင်နေရပါက ဓာတ်အားစနစ်တွင် ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်နိုင်ပါကြောင်း။

AFD ချေးငွေဆိုင်ရာ အချက်အလက်များသည် ချေးငွေပမာဏယူရို ၃၅ ဒသမ ၇ သန်း၊ ချေးငွေသက်တမ်း အနှစ် ၂၀၊ ဆိုင်းငံ့ကာလ ခုနစ်နှစ်၊ ပြန်ဆပ်ကာလ ၁၃ နှစ်နှင့်အတိုးနှုန်း ၀ ဒသမ ၆၈ ရာခိုင်နှုန်းဖြစ်သည့်အတွက် အကျိုးအမြတ်၊ ကုန်ကျစရိတ်အချိုး ၁ ဒသမ ၁၂၊ အရင်းကျေကာလ ရှစ်နှစ်နှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) ၁၂ ရာခိုင်နှုန်းဖြစ်သည့်အတွက် အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများကို ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများဖြစ်သည့် ရဲနွယ်၊ မုန်းချောင်း၊ ကင်းတား၊ ဇောင်းတူနှင့် သဖန်းဆိပ်စက်ရုံ ငါးရုံတို့အား အလုံးစုံပြုပြင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက လက်ရှိထုတ်လုပ်မှုပမာဏမှ ၈၁ ကီလိုဝပ်နာရီ သန်းပေါင်း တိုးတက်ထုတ်လုပ်ခြင်းကို ၂၅ နှစ်တာကာလအထိ ယုံကြည်စိတ်ချစွာဖြင့် မောင်းနှင်သွားနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်၍ ကုန်ကျစရိတ်နှင့် ပြန်လည်ရရှိမည့် အကျိုးကျေးဇူးများသည်လည်း သင့်လျော်မှုရှိသဖြင့် ပြင်သစ်နိုင်ငံ၊ AFD ထံမှ ချေးငွေယူရို ၃၅ ဒသမ ၇ သန်း ရယူ၍ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လိုခြင်းကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ(AFD)ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များအရ ဆိုင်းငံ့ကာလ ခုနစ်နှစ်၊ ပြန်ဆပ်ကာလ ၁၃ နှစ်၊ စုစုပေါင်းချေးငွေသက်တမ်း နှစ် ၂၀ ဖြစ်ပြီး အတိုးနှုန်းသည် တစ်နှစ်လျှင် EURIBOR - 40 bps ဖြစ်ကြောင်း၊ AFD နှင့် ညှိနှိုင်းတွက်ချက်မှုအရ ၎င်းတို့နှင့် ဆွေးနွေးစဉ်အချိန် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလခန့်တွင် အတိုးနှုန်း ၀ ဒသမ ၆၈ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ယခု စီမံကိန်းချေးငွေ၏ Grant Element ကို တွက်ချက်ရာ ၄၃ ဒသမ ၉ ရာခိုင်နှုန်းရရှိသည့်အတွက် သက်သာမှုရှိသော ချေးငွေ (Concessional Loan) ဖြစ်ပါကြောင်း။

အဆိုပါချေးငွေဖြင့် ပဲခူးတိုင်းဒေသကြီး ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မကွေးတိုင်းဒေသကြီး မုန်းချောင်းရေအားလျှပ်စစ်စက်ရုံ၊ ပဲခူးတိုင်းဒေသကြီး ဇောင်းတူရေအားလျှပ်စစ်စက်ရုံ၊ မန္တလေးတိုင်းဒေသကြီး ကင်းတားရေအားလျှပ်စစ်စက်ရုံနှင့် စစ်ကိုင်းတိုင်းဒေသကြီး သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စုစုပေါင်း စက်ရုံ ငါးရုံကို ပြုပြင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း။

## ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ငါးရုံ အလုံးစုံ ပြင်ဆင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ၆၄၆ ကီလိုဝပ် နာရီသန်းအထိ ထွက်ရှိလာမည်

အဆိုပါ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ငါးရုံ အလုံးစုံပြင်ဆင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဓာတ်အားပေးစက်ရုံများကို ယုံကြည်စိတ်ချစွာဖြင့် စက်စွမ်းအားပြည့်မောင်းနှင်နိုင်မည်ဖြစ်ပြီး လက်ရှိတွင် တစ်နှစ်လျှင် ၅၆၅ ကီလိုဝပ်နာရီသန်းသာ ထုတ်လုပ်နိုင်ရာမှ ၈၁ ကီလိုဝပ်နာရီသန်းပေါင်း တိုးတက်ထုတ်လုပ်နိုင်ကာ စုစုပေါင်း ၆၄၆ ကီလိုဝပ်နာရီသန်းပေါင်းအထိ ထွက်ရှိလာမည်ဖြစ်သဖြင့် နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများမှ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရုံသာမက ရေလှောင်တမံများ၏ ဘေးအန္တရာယ်ဆိုင်ရာ လုံခြုံစိတ်ချမှု အစီအမံနှင့် ခေတ်မီမိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ တိုင်းထွာရေးကိရိယာများဖြင့် ရေလှောင်တမံများ၏ ရေကြီး၊ ရေလျှံဖြစ်ပေါ်မှု၊ ငလျင်ဘေးအစရှိသော သဘာဝဘေးအန္တရာယ်များကို ကြိုတင်သိရှိ ကာကွယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း။

ချေးငွေအပြည့်အဝထုတ်ယူသုံးစွဲပါက အကြမ်းအားဖြင့် ဆိုင်းငံ့ကာလအတွင်း တစ်နှစ်လျှင် အတိုးယူရို ၀ ဒသမ ၂၄ သန်းခန့်နှင့် ပြန်ဆပ်ကာလအတွင်း တစ်နှစ်လျှင် အရင်း၊ အတိုးပေါင်း ယူရို ၂ ဒသမ ၉၇၅ သန်းခန့်တို့ကို ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း၊ အချိန်စေ့ရောက်သည့်နှစ်အလိုက် အတိုး၊ အရင်းပြန်လည်ပေးဆပ်နိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ခြင်းကြောင့် ပိုမိုတိုးတက်ရရှိလာမည်ဖြစ်သော လျှပ်စစ်ဓာတ်အားခဝင်ငွေများကို သက်ဆိုင်ရာဌာနဘတ်ဂျက်သို့ နှစ်အလိုက်ပေးသွင်းပြီး ချေးငွေပေးဆပ်ရန်ကိုလည်း နှစ်အလိုက် လျာထားသုံးစွဲရန်ဖြစ်ပါကြောင်း။

ဤချေးငွေစီမံကိန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၈ ခုနှစ်၊ "ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှုမဟာဗျူဟာ"၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒတို့နှင့် ကိုက်ညီမှုရှိသည့်အပြင် မကြာသေးမီက ထုတ်ပြန်ထားသော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)၏ မဟာဗျူဟာနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း။

သို့ပါ၍ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ငါးရုံ အလုံးစုံပြင်ဆင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းအတွက် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (AFD)ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၇ သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အထက်ပါ ချေးငွေကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ထိုင်းနိုင်ငံ Neighbouring Countries Development Cooperation Agency(NEDA) ထံမှ ချေးငွေထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်းချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက အထက်ပါချေးငွေနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၈၂ ဒသမ ၂၇၃ ဘီလီယံ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က မိလ္လာပြွန်စနစ်ဖွံ့ဖြိုးမှုစီမံကိန်းအတွက် ဂျပန်ယန်း ၄၅ ဒသမ ၉ ဘီလီယံသည် ပန်းဘဲတန်း၊ ကျောက်တံတား၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ လမ်းမတော်နှင့် လသာမြို့တွင်း ခြောက်မြို့နယ်နှင့် ဒဂုံမြို့နယ် စုစုပေါင်း ခုနစ်မြို့နယ်အတွက်သာဖြစ်ပြီး စီမံကိန်းကာလ ကိုးနှစ် ကြာမြင့်မည်ဖြစ်ပါကြောင်း၊ Pakage သုံးခုနှင့် ဆောင်ရွက်ရမည်ဖြစ်ပြီး မိလ္လာပြွန်အသစ် ၅၂၆၃၉ မီတာ တည်ဆောက်ရန် ဂျပန်နည်းပညာအသုံးပြုသော Pilot Works အဖြစ် ဆောင်ရွက်ရန်တို့ ပါဝင်သည်ဟု သိရပါကြောင်း။ **စာမျက်နှာ ၇ သို့ »»**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်  မေ ၃၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Steve Marshall အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စ၊ ပြည်သူများ၏ တိုင်ကြားစာဆိုင်ရာကိစ္စ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ဥစားကြက်ခြံစီမံကိန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၊ လူမှုအဖွဲ့အစည်းနှင့် ကုမ္ပဏီတို့ ရေရှည်အကျိုးကျေးဇူးရရှိစေမည်

**နေပြည်တော်  မေ ၃၀**

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ယနေ့နံနက် ၉ နာရီတွင် M Gallery ဟိုတယ် နေပြည်တော်၌ ကျင်းပသည့် ရောဝတီဘဏ်လီမိတက်မှ အတိုးနှုန်း သက်သာသော နှစ်ရှည်ချေးငွေနှင့် ပံ့ပိုးကူညီအကောင်အထည်ဖော်ထားသော တပ်ကုန်းမြို့နယ်ရှိ ပေတောကျေးရွာ ဥစားကြက်ခြံစီမံကိန်းအတွက် ပေတော ကျေးရွာ ရန်ပုံငွေဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ရောဝတီဘဏ်လီမိတက်နှင့် Myanmar CP.Livestock Co.,Ltd. တို့အကြား ချေးငွေသဘောတူ စာချုပ် ချုပ်ဆိုခြင်းအခမ်းအနားသို့ တက်ရောက်သည်။

**ရေရှည်အကျိုးကျေးဇူးရရှိစေမည်**

အဆိုပါ ပေတောကျေးရွာ ဥစားကြက်ခြံစီမံကိန်းဆောင်ရွက်နိုင်ရေး အတွက် ချေးငွေထောက်ပံ့ရေးအစီအစဉ်အား ၂၀၁၈ ခုနှစ် မေလမှစတင် ညှိနှိုင်းခဲ့ပြီး စီမံကိန်းအတွက် ရောဝတီဘဏ်မှ ငွေကျပ်သိန်း ၁၃၀၀ ကို အတိုးနှုန်း ၁၁ ရာခိုင်နှုန်းဖြင့် ချေးငွေသက်တမ်း ၁၀ နှစ် ထုတ်ချေးပေးခဲ့ခြင်း ဖြစ်ပြီး စီမံကိန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၊ လူမှုအဖွဲ့အစည်းနှင့် ကုမ္ပဏီတို့ အတွက် ရေရှည်အကျိုးကျေးဇူးရရှိစေမည်ဖြစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ရောဝတီဘဏ်လီမိတက်၊ Myanmar CP.Livestock Co.,Ltd.နှင့် ပေတောကျေးရွာရန်ပုံငွေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူတို့က စာချုပ်ချုပ်ဆိုသည့် အကြောင်းအရင်းနှင့် ရရှိလာမည့်ရလဒ်များကို ရှင်းလင်း ပြောကြားသည်။



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ရောဝတီဘဏ်လီမိတက်နှင့် Myanmar CP. Livestock Co.,Ltd.၊ ပေတောကျေးရွာ ရန်ပုံငွေဖွံ့ဖြိုးတိုးတက်ရေး အသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

»» စာမျက်နှာ ၆ မှ

မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတွင်လည်း ဂျပန်ယန်း ၂၄ ဒသမ ၀၈၅ ဘီလီယံ ချေးယူမည်ဖြစ်ပြီး မရမ်းကုန်း၊ လှိုင် အစရှိသည့် မြို့နယ် ၈ မြို့နယ်အတွက် ရေကြီးရေလျှံမှု လျှော့ချရေး၊ ယာဉ်ကြောပိတ်ဆို့မှု လျှော့ချရေးနှင့် မြို့သာယာလှပရေးများပါဝင်ပြီး စီမံကိန်း ကာလအနေဖြင့် ၅ နှစ်ကြာမြင့်မည်ဟု သိရပါကြောင်း။

**မျက်ခြည်မပြတ်လေ့လာ**

ယခုချေးငွေသည် အဆင့်မြင့်ပညာများနှင့် အတွေ့အကြုံများရမည့် ချေးငွေရယူခြင်းမျိုးဖြစ်သည်ဟု တင်ပြထားသော်လည်း မိမိတို့နိုင်ငံတွင် မိမိတို့ကိုယ်တိုင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများအတွက် ပြန်ဆပ်စရာမလိုသည့် အကူအညီမျိုးကိုပင် သေချာစဉ်းစားပြီးမှ ရယူသင့်ပါကြောင်း၊ အခြားမည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်သင့်သည်ကို ရှာဖွေကြံဆသင့်ပါကြောင်း၊ ရေရှည်ကောင်းမွန်ပြီး ကုန်ကျစရိတ်သက်သာသည့် နည်းလမ်းများရှာဖွေစေလိုပါကြောင်း၊ ယခု ၇ မြို့နယ်နှင့် အခြားမြို့နယ်များအတွက် မည်သို့စဉ်းစားပြီး စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း၊ တစ်နေ့တခြားတိုးတက်လာသည့် နည်းပညာများကိုလည်း မျက်ခြည်မပြတ် လေ့လာဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်က ဒဂုံမြို့သစ်(တောင်ပိုင်း) အပါအဝင် ဒဂုံမြို့သစ် ၄ မြို့နယ်နှင့် လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်များကို ၁၉၈၉-၁၉၉၀ ပြည့်နှစ်က တည်ဆောက်ထားခဲ့သော်လည်း ယနေ့အထိ ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ မပြည့်စုံခြင်းများ ဖြစ်နေပါကြောင်း၊ ခုံးကျော်တံတားစီမံကိန်းများ ပယ်ဖျက်ပြီး ၎င်းငွေဖြင့် ရန်ကုန်မြို့ပြင် မြို့နယ်များ တည်ဆောက်ရေးလုပ်ငန်း ထောက်ပံ့စဉ်ကလည်း မိမိတို့မြို့နယ် ၆ မြို့နယ်မပါဝင်ပါကြောင်း၊ ယခင်ရေစီးရေလာကောင်းမွန်ရေး ချေးငွေရယူပြီးဆောင်ရွက်မည့် ရန်ကုန်မြို့တွင်း စီမံကိန်းများတွင်လည်း မပါဝင်ပါကြောင်း၊ ယခုလည်း မပါဝင်ပါကြောင်း။

အထူးသဖြင့် မြို့နယ် ၆ မြို့နယ်မှ ပြည်သူများအဓိက လိုလားတောင့်တမှုသည် ရေစီးရေလာ ကောင်းမွန်ရေးအတွက် စီမံကိန်းများ စနစ်တကျရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ မြို့နယ်အချို့သည် တစ်နှစ်ပတ်လုံး ရေထဲတွင် နေထိုင်နေရပါကြောင်း၊ အုတ်ရေမြောင်းများ၊ ကွန်ကရစ်ရေမြောင်းများသည် မရှိသလောက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ချေးငွေဖြင့်လည်းကောင်း၊ ပြည်ထောင်စုဘဏ္ဍာငွေခွဲဝေခြင်းဖြင့် လည်းကောင်း၊ မြို့နယ် ၆ မြို့နယ် ရေစီးရေလာကောင်းမွန်ရေး စီမံကိန်းများ စနစ်တကျရေးဆွဲပြီး အမြန်ဆုံးဖော်ဆောင်ပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဦးမြစိန်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး(ဘောဂဗေဒ)၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ တောင်ဥက္ကလာ မဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်၊ လှိုင်သာယာ မဲဆန္ဒနယ်မှ ဦးဝင်းမင်း၊ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးညဏ်လင်း၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းနှင့် ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်တို့က ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနိ" မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေး

**နေပြည်တော်  မေ ၃၀**

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက် အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း "ဖနိ"သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့ဘက် ၂၉၅ မိုင်ခန့်၊ မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၃၁၀ ခန့်၊ ဗီဇာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ၃၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနိ"သည် အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဖနိ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဖနိ"သည် ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၁၃ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၅ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၇၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းဖြစ်သည်။

**နောက် ၃၆ နာရီအတွင်း ခန့်မှန်းချက်**

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနိ"သည် နောက် ၆ နာရီအတွင်း အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနိ"အဖြစ်သို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနိ"သည် အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး နောက် ၃၆ နာရီအတွင်း မြောက်-အရှေ့မြောက်ဘက်သို့ကွေ့ကာ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေဆီသို့ ဦးတည်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း လုပ်ငန်းအပ်နှံသည့်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

**နေပြည်တော်   မေ ၁၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) အတွက် ဓာတ်အားလိုင်း၊ ထရန်စဖော်မာတည်ဆောက်ရေး တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ လုပ်ငန်းအပ်နှံသည့်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**ကျေးရွာ ၅၉၀ တွင် အကောင်အထည်ဖော်**

အဆိုပါ စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ ကျေးရွာ ၅၉၀ တွင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီများမှ မန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားရာတွင် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးကို ရည်မှန်း၍ စီမံကိန်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေအနေတွင် တစ်နိုင်ငံလုံး၏ အိမ်ထောင်စုများအားလုံးအနက်မှ ၄၄ ရာခိုင်နှုန်းသည် လျှပ်စစ်ဓာတ်အား အသုံးပြုခွင့်ရရှိနေပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အိမ်ထောင်စု ၅၅ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး ရည်မှန်းချက်အဖြစ် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် အိမ်ထောင်စုဦးရေ ၇၅ ရာခိုင်နှုန်း၊ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး အိမ်ထောင်စုဦးရေ ၁၀၀ ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**စာချုပ်ချုပ်ဆို**

ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိနိုင်ရန် တည်ဆောက်ရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေရရှိရေးကို ပြည်ထောင်စုဘဏ္ဍာငွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ နှစ်စဉ်ခွင့်ပြုရန်ပုံငွေ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော World Bank၊ ADB၊ JICA၊ KfW Bank တို့မှ အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေများဖြင့် တွန်းအားပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန် ဒေါ်လာသန်း ၃၁၀ ဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် ဓာတ်အားစနစ်မှ နှစ်မိုင်အတွင်း ကျေးရွာ ၅၀၈၀ အတွက် လိုအပ်သော ထရန်စဖော်မာ၊ ကွန်ကရစ်တိုင်၊ ကြေးသီး၊ ကြိုး၊ လက်တန်းနှင့် ဆက်စပ်ပစ္စည်းများကို (International Competitive Bidding- ICB) ဖြင့် ခေါ်ဆိုခဲ့ပြီး ပစ္စည်းများ ရောက်ရှိနေပြီဖြစ်ကြောင်း၊ တည်ဆောက်တပ်ဆင်ခြင်းတင်ဒါကို ကမ္ဘာ့ဘဏ်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခဲ့ပြီး ယခုကဲ့သို့ စာချုပ်ချုပ်ဆိုခြင်း ဖြစ်ပါကြောင်း။

ယနေ့ချုပ်ဆိုသည့် စာချုပ်များအရ မီးလင်းနိုင်မည့် အိမ်ထောင်စုဦးရေမှာ ရန်ကုန်တိုင်းဒေသကြီးတွင် အိမ်ထောင်စုဦးရေ ၂၀၂၉၂ စု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၃၅၁၉ စု၊ မကွေးတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၉၄၅၉ စု၊ ရခိုင်ပြည်နယ်တွင် အိမ်ထောင်စု ၄၈၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် အိမ်ထောင်စု ၁၀၄၄ စု၊ ကရင်ပြည်နယ်တွင် အိမ်ထောင်စု ၄၂၂၀၊ မွန်ပြည်နယ်တွင် အိမ်ထောင်စု ၁၃၃၂ စု၊ မန္တလေးတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၃၅၇၄၂ စု တိုးတက်လာမည်ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို ယခုနှစ်ဇန်နဝါရီတွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်ဇွန်လတွင် ပြီးစီးမည်ဖြစ်ပါကြောင်း။

**ရှင်းလင်းပြောကြား**

NEP ဒုတိယအဆင့်အနေဖြင့် ဓာတ်အားလိုင်းမှ ငါးမိုင်အတွင်း ကျေးရွာများ ဓာတ်အားရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်တွင် ပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးစီးပါက ကျေးရွာပေါင်း ၈၅၃၇ ရွာရှိ အိမ်ထောင်စုပေါင်း ၁၀၃၂၄၁၁ စုခန့် လျှပ်စစ်ဓာတ်အားရရှိလာမည်ဖြစ်ပြီး စုစုပေါင်း Electrification Rate ၉ ဒသမ ၅ ရာခိုင်နှုန်းခန့် တိုးတက်လာကာ တစ်နိုင်ငံလုံး၏ Electrification Rate မှာ ၂၀၁၉ ခုနှစ်ကုန်တွင် ရာခိုင်နှုန်း ၅၀ နှင့် ၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံး Electrification Rate ၅၅ ရာခိုင်နှုန်းထိ တိုးတက်လာမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ တည်ဆောက်ရေးတင်ဒါများအတွက် တာဝန်ရှိသူများနှင့် လက်မှတ်ရေးထိုး၍ စာချုပ်များ အပြန်အလှန်လဲလှယ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# (၁၅) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော်   မေ ၁၀**

(၁၅) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**မူဘောင်များ ချမှတ်**

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးကဏ္ဍလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်းများပြားသဖြင့် ပူးပေါင်းဆောင်ရွက်မှုသာမက စနစ်တကျ ချိန်ကိုက်ချိတ်ဆက်ဆောင်ရွက်မှုမှာလည်း အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ အစည်းများ၊ INGO/ Local INGO များ၊ မိတ်ဖက်အဖွဲ့အစည်းများစသည်တို့အကြား သတင်းအချက်အလက် အပြန်အလှန်ဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ချိတ်ဆက်မှုပိုမိုအားကောင်းစေရေးအတွက် ထိရောက်သော မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့် မူဘောင်များချမှတ်သွားရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများအကြား လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှု မူဘောင်ရေးဆွဲချမှတ်ထားရှိခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် အောင်မြင်မှုအခြေအနေ ဆန်းစစ်သုံးသပ်ရာတွင် လည်းကောင်းများစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ INGO/ Local NGO နှင့် မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် နှစ်အလိုက် လုပ်ငန်းဆောင်ရွက်အောင်မြင်မှု စာအုပ်များကိုလည်း ပြုစုစေလိုပါကြောင်း၊ ဝန်ကြီးဌာနရှိ ကျန်းမာရေးစီမံချက်များအနေဖြင့် နှစ်ပတ်လည်အစီရင်ခံစာများပြုစုထုတ်ဝေသည့်အခါ သက်ဆိုင်ရာစီမံချက်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကိုပါ ထည့်သွင်းစေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ မကူးစက်တတ်သော ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဦးစားပေးသတ်မှတ်ဆောင်ရွက်လျက်ရှိရာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆီးချိုနှင့်သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးပေးခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အဆိုပါ ဆေးပေးခန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ကာ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ခွင့်ပြုဘဏ္ဍာငွေ၊ အဖွဲ့အစည်းများမှ ရန်ပုံငွေများကို ရရှိဖြန့်ဝေသုံးစွဲမှုဆိုင်ရာ Resource Flow Analysis ကိုလည်း ဆောင်ရွက်သွားစေလိုပါကြောင်း။

**ပူးပေါင်းချိတ်ဆက်**

ကျန်းမာရေးကဏ္ဍလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရေးအတွက် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုကောင်းစွာဖြင့် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။




အစည်းအဝေးတွင် M-HSCC Secretariat Mr. Ole က tracking of last meeting minutes action points ကိုလည်းကောင်း၊ UNOPS အဖွဲ့က Brief on Reprogramming 2019 and 2020 ကိုလည်းကောင်း၊ Save the Children အဖွဲ့က Global Fund Reinvestment Plan of HIV, TB and Malaria ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (မကူးစက်) ဒေါက်တာ ကျော်ကံကောင်းက Response to NCD and Action Plan Development ကိုလည်းကောင်း၊ နည်းပညာအကြံပေး Mr. Leigh Mitchell က Myanmar's Aid Information Management System ကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က Restructuring of Myanmar Health Sector Coordinating Committee ကိုလည်းကောင်း၊ UNOPS နှင့် Save the Children အဖွဲ့တို့က Reports of Global Fund Grants Implementations ကိုလည်းကောင်း၊ လက်ထောက်အတွင်းဝန် (NIMU) ဒေါက်တာသန့်စင်ထူးက Updates from NIMU on health financing and mapping of ODA to health sector and discussion ကိုလည်းကောင်း၊ Technical Strategy Group ခုနစ်ခုတို့မှ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ နောက်ဆုံးအချက်အလက်များနှင့် Updates from Regional Steering Committee Meeting ကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

**သတင်းစဉ်**

# ဆွမ်ပရာဘွမ်မြို့နယ်၌ ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**ဆွမ်ပရာဘွမ်   မေ ၁၀**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ဆေးရောင်ခြယ်ပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ဆွမ်ပရာဘွမ် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်သက်ဦးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကလေးများအား စိတ်ကြိုက်ပုံဆွဲစေပြီး ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၅၂ ဦးယှဉ်ပြိုင်ကြရာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ဦးစီးမှူးက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပေးခဲ့ပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား အာဟာရမုန့်နှင့် Malk Milk တို့ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ပြည်သူများအား တိကျခိုင်မာသည့် သတင်းအချက်အလက်များပေးနိုင်ရန် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၁၀**

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်နှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာတို့အကြား ဟန်ချက်ညီပူးပေါင်းဆောင်ရွက်မှုတိုးတက်စေရန်နှင့် ပြည်သူများအား တိကျခိုင်မာသည့် သတင်းအချက်အလက်များ ပေးနိုင်ရန်တို့အတွက် တတိယအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယခုကဲ့သို့ မဏ္ဍိုင်လေးရပ် တွေ့ဆုံကြခြင်းသည် မဏ္ဍိုင်များအချင်းချင်းအကြား အခက်အခဲများကို အပြန်အလှန် ညှိနှိုင်းအဖြေရှာနိုင်ရန်ဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံပွဲမှတစ်ဆင့် သတင်းနှင့် စာနယ်ဇင်းလွတ်လပ်ခွင့်များ ပိုမိုခိုင်မာလာရန်နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှု ပိုမိုချောမွေ့လာရန် မျှော်လင့်ပါကြောင်း၊ မဏ္ဍိုင်အချင်းချင်းအကြား အပြန်အလှန် ထိန်းကျောင်းမှုခံယူနေရသလို ပြည်သူများ၏အသံနှင့်အတူ ဝေဖန်ထောက်ပြသည့် မီဒီယာများ၏ ထိန်းညှိမှု၊ ထောက်ပြမှုကိုလည်း မပြတ်ခံယူနေရပါကြောင်း၊ မဏ္ဍိုင်အသီးသီးတွင် လုပ်ပိုင်ခွင့်များရှိသလို အကန့်အသတ်များလည်း ရှိပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် သတင်းမီဒီယာများကို ကိုယ်စားပြုသည့် စတုတ္ထမဏ္ဍိုင်က လုပ်ပိုင်ခွင့်များတောင်းဆိုခြင်းနှင့် ဆွေးနွေးဖြေရှင်းခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးမှုအောင်မြင်ပါက မီဒီယာများအတွက် ပိုမိုအကျိုးရလဒ်ရရှိမည်ဖြစ်ပြီး ကျန်သည့်မဏ္ဍိုင်များသည်လည်း ဂုဏ်သိက္ခာတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ယုံကြည်မှုတည်ဆောက်**

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီဦးအုန်းကြိုင်က အစိုးရနှင့် သတင်းမီဒီယာအကြား ယုံကြည်မှုတည်ဆောက်ရန် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ နားလည်မှုမှတစ်ဆင့် ယုံကြည်မှုတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် အစိုးရနှင့် မီဒီယာအကြား ယုံကြည်မှုတည်ဆောက်သည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက သတင်းသမားများကို စနစ်တကျ အသိအမှတ်ပြုကတ်ပြားများ ထုတ်ပေးခြင်းအားဖြင့် ယနေ့ကြုံတွေ့နေရသည့် သတင်းသမားနှင့် သတင်းဖြေကြားသူများအကြား မယုံကြည်မှုများ၊ သံသယစိတ်များ ပပျောက်သွားမည်ဟု ယုံကြည်ပါကြောင်း၊ သတင်းမီဒီယာနှင့် မဏ္ဍိုင်သုံးရပ်၏ နားလည်မှုသည် အရေးကြီးပါကြောင်း၊ သတင်းမီဒီယာများသည် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးမဏ္ဍိုင်သုံးရပ်နှင့် ပြည်သူအကြား ပေါင်းစပ်ပေးပါကြောင်း၊ မဏ္ဍိုင်သုံးရပ်မှ တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှု၊ နားလည်မှုသည် သတင်းမီဒီယာသမားများအတွက် အရေးကြီးပါကြောင်း၊ သို့မှသာ လွတ်လပ်၍တရားမျှတသည့် သတင်းအချက်အလက်များကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာမျိုးသန့်တင်က စတုတ္ထမဏ္ဍိုင်သည် ပြည်သူပြည်သားများ၏ အသံ၊ မျက်လုံးဖြစ်ပြီး နိုင်ငံနှင့်လူမျိုး အဓွန့်ရှည်စွာ တည်ရှိနေရန်အတွက် ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း၊ ယခု မဏ္ဍိုင်သုံးရပ်နှင့် စတုတ္ထမဏ္ဍိုင်တို့ ညှိနှိုင်းပြီး မိမိတို့နိုင်ငံတွင် ဒီမိုကရေစီမပျက်သုဉ်းစေရန်၊ နိုင်ငံနှင့်လူမျိုးအတွက် ရေရှည်တည်တံ့အောင် ဆွေးနွေးပွဲများ ပြုလုပ်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**အကာအကွယ်ပေးနိုင်**

ထို့နောက် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းက သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းသည် သတင်းမီဒီယာကဏ္ဍအတွက်သာမက မိမိတို့နိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ရေး၊ လူ့အခွင့်အရေးနှင့် ပြည်သူ့ဘဏ္ဍာဆုံးရှုံးမှုများမရှိစေရေးတို့ကို အကာအကွယ်ပေးနိုင်သည့်အတွက် အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညိုထွန်းက ၂၀၁၄ ခုနှစ် သတင်းမီဒီယာ ဥပဒေ ထွက်ပေါ်လာပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရုံးသတင်းမီဒီယာလက်စွဲကို ထုတ်ပြန်ခဲ့ပါကြောင်း၊ သတင်းပြန်ကြားရေးအဖွဲ့များကို တရားရုံးအဆင့်ဆင့်တွင် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ သတင်းမီဒီယာများ၏ သိလိုသည့်သတင်းများကို တစ်နိုင်ငံလုံးရှိ တရားရေးသတင်းပြန်ကြားရေးအရာရှိများက ထုတ်ပြန်ပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များကို နှစ်အလိုက် အစီရင်ခံစာထုတ်ပြန်လျက်ရှိပါကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တတိယအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်**

ဆက်လက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက တပ်မတော်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ထုတ်ပြန်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် သတင်းမီဒီယာများနှင့် စဉ်ဆက်မပြတ်ထိတွေ့ဆက်ဆံလျက်ရှိပါကြောင်း၊ တပ်မတော်နှင့် သတင်းမီဒီယာဆက်ဆံရေးကို စာနယ်ဇင်းကောင်စီ စတင်ဖွဲ့လှစ်ကတည်းက အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က သတင်းမီဒီယာများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးကျော်စွာမင်းက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများက မဏ္ဍိုင်ကြီးသုံးရပ်နှင့် သတင်းမီဒီယာကဏ္ဍတို့အကြား သတင်းမှန်ရရှိရေးနှင့် အပြန်အလှန်နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ BNI (Burma News International)၊ မြန်မာစာနယ်ဇင်းသမဂ္ဂ၊ မြန်မာအမျိုးသမီး သတင်းစာဆရာအဖွဲ့တို့မှ သတင်းမီဒီယာသမားများ၏ မေးမြန်းဆွေးနွေးချက်များအပေါ် မဏ္ဍိုင်သုံးရပ်မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ပထမအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင်လည်းကောင်း ပြုလုပ်ခဲ့သည်။

**အတည်ပြုနိုင်**

ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် ရလဒ်အဖြစ် မြန်မာ့မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဏ္ဍိုင်လေးရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်နှင့် ပြည်ထောင်စုအဆင့် မဏ္ဍိုင်လေးရပ် တွေ့ဆုံမှုများကို အနည်းဆုံး တစ်နှစ်တစ်ကြိမ်ဆောင်ရွက်သွားရန်၊ သတင်းမီဒီယာသမားများ ကျင့်ဝတ်စည်းကမ်းနှင့်အညီ သတင်းရယူနိုင်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ဦးစီးပြီး အခြားအဖွဲ့အစည်းအသီးသီးက လိုအပ်သလို ပံ့ပိုးကူညီဆောင်ရွက်သွားရန်၊ သတင်းအချက်အလက်ရယူခြင်းနှင့်ပတ်သက်၍ စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းရာတွင် မဏ္ဍိုင်လေးရပ်အကြား အပြန်အလှန်လေးစားမှုကို အခြေခံလျက် ဆောင်ရွက်သွားရန်၊ သတင်းမီဒီယာသမားများ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ဦးစီးဆောင်ရွက်သွားရန်နှင့် ကျန်မဏ္ဍိုင်များမှလည်း လိုအပ်သလို ပံ့ပိုးကူညီဆောင်ရွက်သွားရန်၊ ပုံနှိပ်မီဒီယာကဏ္ဍ ရေရှည်ရှင်သန်ရပ်တည်နိုင်ရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားရန်၊ သတင်းမှားများပပျောက်ရေး၊ သတင်းမှန်များ လျင်မြန်စွာ ထုတ်ပြန်နိုင်ရေးနှင့် သတင်းအချက်အလက်သိနားလည်မှု (Media and Information Literacy) မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများအား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်၊ ဝန်ကြီးဌာနများအနေဖြင့် သတင်းများကို အချိန်မီထုတ်ပြန်ပေးရန်နှင့် သက်ဆိုင်ရာ Website နှင့် Page များတွင် အချိန်နှင့်တစ်ပြေးညီ သတင်းများ လွှင့်တင်ပေးရန်၊ လွှတ်တော်တွင်း မီဒီယာသမားများ သတင်းရယူမှုများ ပိုမိုအဆင်ပြေချောမွေ့စေရေး လိုအပ်သလို ညှိနှိုင်းပေးရန်၊ မဏ္ဍိုင်လေးရပ်ဆွေးနွေးပွဲများမှ ရရှိသောရလဒ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီတစ်ရပ်ဖွဲ့စည်းနိုင်ရေး ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်၊ သတင်းအတုအယောင်များ၊ သတင်းမှားများ ရေးသားဖြန့်ဖြူးနေမှုများနှင့်ပတ်သက်၍ သတင်းမီဒီယာများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ဖော်ထုတ်ပြီး ပြည်သူလူထုသို့ အသိပေးဖြန့်ဝေသွားရန်၊ Social Media အလွဲသုံးမှုများကို တရားဝင်ထိန်းချုပ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများက လိုအပ်သလို ဆောင်ရွက်ပေးရန်၊ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ဥပဒေများ အမြန်ဆုံးပေါ်ထွက်လာရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လွှတ်တော်တို့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများက တိုင်းရင်းသား မီဒီယာအပါအဝင် သတင်းမီဒီယာသမားများ သတင်းရယူရာ၌ တန်းတူအခွင့်အရေးရရှိစေရေး ဆက်လက်ဆောင်ရွက်ပေးရန်ဟူသည့် အချက်(၁၃)ချက်ကို သဘောတူညီခဲ့ကြသည်။ **သတင်းစဉ်**




တတိယအကြိမ် မဏ္ဍိုင်လေးရပ် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော်  ဧပြီ  ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

ယင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ထိရောက်စွာဆောင်ရွက်နိုင်ရေး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၁၉ ခုနှစ် ဧပြီ ၃၀ ရက်အထိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေများတွင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုအားလုံး ရပ်ဆိုင်းပေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း။

အထက်ပါ စစ်ရေးဆိုင်ရာလှုပ်ရှားမှုအားလုံး ရပ်ဆိုင်းပြီး အပစ်အခတ်ရပ်စဲရေးကာလအတွင်း NCA လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှလည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ထိုသို့ ဆွေးနွေးကြရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သော KIA၊ TNLA နှင့် MNDAA တို့မှ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) အား လက်မှတ်ရေးထိုးနိုင်သည်အထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆွေးနွေးဆောင်ရွက်နိုင်ရေး အပစ်အခတ်ရပ်စဲရေးကာလအား ထပ်မံတိုးမြှင့်ပေးရန် တောင်းဆိုလာခဲ့ကြောင်း။

သို့ဖြစ်ပါ၍ တပ်မတော်အနေဖြင့် အဆိုပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်အရ ထာဝရငြိမ်းချမ်းရေးရရှိစေရေးဦးတည်လျက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်အား ပိုမိုထိရောက်စွာ ဆက်လက်ဆောင်ရွက်နိုင်ရန် အထက်ဖော်ပြပါ တိုင်းစစ်ဌာနချုပ်နယ်မြေများ၌ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများအား ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်အထိ ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးသွားမည်ဟု သတင်းထုတ်ပြန် ကြေညာအပ်ပါကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဂျပန်နိုင်ငံ နာဂိုယာမြို့ရှိ မြန်မာနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဧပြီ  ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဂျပန်နိုင်ငံ အအိချိခရိုင် နာဂိုယာမြို့ရှိ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ဖြစ်သူ မစ္စတာ တိုရှိအို နီရှိမူရနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ကဗျာ၊ စာပေ၊ ပန်းချီ၊ အနုပညာယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး၊ Documentary၊ Drama၊ Action ရုပ်ရှင်ဇာတ်ကားများ ပူးပေါင်းရိုက်ကူးရေးနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Animation များ ပူးပေါင်းဆောင်ရွက်ရေး၊ ခရိုင်၊ မြို့နယ်တို့ရှိ စာကြည့်တိုက်များနှင့် ကလေးစာကြည့်တိုက်များသို့ ကူညီဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**ရွေးချယ်ခန့်အပ်**

မစ္စတာ တိုရှိအို နီရှိမူရအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်အဖြစ် ရွေးချယ်ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၉ ခုနှစ် ကမ္ဘာ့အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် တပ်ကုန်းဘဏ်ခွဲ ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၃၀**

၂၀၁၉ ခုနှစ် ကမ္ဘာ့အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် နေပြည်တော် တပ်ကုန်းမြို့ ဘဏ်ခွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲပရဝဏ်၌ ကျင်းပသည်။

**လှည့်လည်ကြည့်ရှု**

ရှေးဦးစွာ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်မော်က အင်းဝဘဏ်လီမိတက် နေပြည်တော် တပ်ကုန်းမြို့ ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဘဏ်ကောင်တာတို့အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သော အင်းဝဘဏ်လီမိတက် နေပြည်တော် တပ်ကုန်းမြို့ ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၅၉ ခုမြောက် ဘဏ်ခွဲဖြစ်ပြီး အမှတ်(၆၄၅) ဗိုလ်မင်းရောင်ရပ်ကွက် သူရိယလမ်း နယ်မြေ(၁၁) တပ်ကုန်းမြို့ နေပြည်တော်ကောင်စီနယ်မြေတွင် ဖွင့်လှစ်ထားရှိကာ အပ်ငွေများလက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာများ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ အမျိုးမျိုးထုတ်ပေးခြင်း၊ Debit Card များထုတ်ပေးခြင်း စသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

**ချေးငွေများထုတ်ချေးပေး**

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ကိုးရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့်အချိန်ကာလ အပိုင်းအခြားအလိုက်မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီးလုပ်ကိုင်သူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




## စာပေဆိုင်ရာလှုပ်ရှားမှုများအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ်၏ အစည်းအဝေးခန်းမကို အခမဲ့ငှားရမ်းအသုံးပြုနိုင်

**နေပြည်တော်  ဧပြီ  ၃၀**

စာပေဆိုင်ရာလှုပ်ရှားမှုများအတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် (၂၁၂) သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ်၏ အစည်းအဝေးခန်းမကို အခမဲ့ငှားရမ်းအသုံးပြုနိုင်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးခန်းမတွင် စာအုပ်မိတ်ဆက်ပွဲများ၊ စာပေဆွေးနွေးပွဲများ၊ စာပေဟောပြောပွဲများနှင့် စကားဝိုင်းများ စသည့် စာပေဆိုင်ရာလှုပ်ရှားမှုများ ကျင်းပနိုင်ရန်အတွက် စကားပြောစင်မြင့်၊ အသံစနစ်နှင့် နေရာထိုင်ခင်းများကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ပြင်ဆင်ဆောင်ရွက်ပေးထားသည်။

“ခန်းမက လူဦးရေ ၃၀၀ ဝင်ဆံ့ပါတယ်။ လာမယ့် မေလဆန်းကစပြီး ခန်းမကို လတ်တလောမှာ အခမဲ့ငှားရမ်းအသုံးပြုနိုင်ဖို့ စီစဉ်ပေးထားပါတယ်။ စာပေဆိုင်ရာလှုပ်ရှားမှုတွေအတွက် အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ချက်နဲ့ ဒီလိုစီစဉ်ပေးတာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် ခန်းမထဲမှာ အဲကွန်းတွေ၊ အသံဆိုင်ရာတွေနဲ့ နေရာထိုင်ခင်းတွေကို စီစဉ်ပေးထားပါတယ်” ဟု သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ မန်နေဂျာ (ထုတ်လုပ်) ဒေါ်ဖြူဖွေးသန့်စင်က ပြောသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဦးထက်မြက်က “ခန်းမအသုံးပြုခွင့်ကို ကြိုဆိုပါတယ်။ စာပေသမားတွေသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးသင့်ပါတယ်။ စာတမ်းဖတ်ပွဲတွေကိုလည်း ခွင့်ပြုပေးစေလိုပါတယ်” ဟု အဆိုပါအစည်းအဝေးခန်းမ အခမဲ့အသုံးပြုခွင့်ပြုမည့် သတင်းနှင့်ပတ်သက်၍ မှတ်ချက်ပြုသည်။

အစည်းအဝေးခန်းမကို ငှားရမ်းအသုံးပြုလိုပါက အသုံးပြုမည့်သူ/အဖွဲ့အစည်းအမည်၊ အသုံးပြုလိုသည့်အကြောင်းအရာ၊ အသုံးပြုမည့်နေ့ရက်နှင့် တက်ရောက်မည့် ခန့်မှန်းအင်အားတို့ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသို့ သုံးရက်ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ရန်ကုန်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးလှရွှေ ဖုန်း ၀၉-၂၅၀၁၈၉၂၇၇၊ ဒေါ်ဖြူဖွေးသန့်စင် (မန်နေဂျာ-ထုတ်လုပ်) ဖုန်း ၀၁-၂၀၁၁၉၂၊ ၀၉-၂၅၀၀၆၄၅၉၉ တို့ထံ ဆက်သွယ်၍ ငှားရမ်းအသုံးပြုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂံလူရည်ချွန်စခန်းရှိ လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ကြီးများ တွေ့ဆုံ

**ပုဂံ ဧပြီ ၃၀**

"ပညာ သမ္မာ အာဘာနတ္ထိ" ဆိုသည့်အတိုင်း ပညာနှင့်တူသော အလင်းရောင်သည် မရှိကြောင်း၊ ပညာဆိုသည်မှာ အသိပညာ၊ အတတ်ပညာ နှစ်မျိုးရှိပြီး အသိပညာကြောင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်နိုင်သလို အတတ်ပညာကြောင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်နိုင်ကြောင်း၊ ထို့ကြောင့် လူရည်ချွန်ကျောင်းသားကျောင်းသူများအနေဖြင့် အသိပညာရော အတတ်ပညာပါ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြစေလိုကြောင်း ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက (သုံးထပ်ကွမ်း လူရည်ချွန်)က ဩဝါဒမြွက်ကြားသည်။

**အတွေ့အကြုံများ မျှဝေ**

ယနေ့နံနက်ပိုင်းက ပုဂံမြို့ရှိ မြန်နန်းဘုံ Royal Emerald River View Resort ဟိုတယ်၌ ကျင်းပသည့် ပုဂံလူရည်ချွန်စခန်းရှိ အဋ္ဌမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ကြီးများ တွေ့ဆုံပွဲအခမ်းအနားတွင် ဆရာတော်က အထက်ပါအတိုင်း ဩဝါဒမြွက်ကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့် လူရည်ချွန်ကြီးများအဖွဲ့သည် တစ်ဦးချင်း မိတ်ဆက်စကားပြောကြားကာ ၎င်းတို့၏ အတွေ့အကြုံများ မျှဝေခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက ဩဝါဒစကားပြောကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

မွန်းလွဲပိုင်းတွင် လူရည်ချွန်ကြီးများက ဦးဆောင်၍ ၂၀၁၉ ခုနှစ် အဋ္ဌမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများကို အုပ်စုခွဲပြီး ဉာဏ်စမ်းပဟေဠိ



မေးခွန်း ၅၀ မေးမြန်းကာ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့(အထက်မြန်မာပြည်) ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက လူရည်ချွန်ဟူသည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ (အထက်မြန်မာပြည်) ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းမြင့်မြင့်လွင်က ပုဂံခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးမြင့်လွင်က အချိန်နှင့်တန်ဖိုး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြပြီး မျိုးဆက်သစ်လူရည်ချွန်အဖွဲ့က ၎င်းတို့၏ ပရဟိတလုပ်ဆောင်မှုများကို ရှင်းလင်းပြောကြားကြသည်။

ပုဂံလူရည်ချွန်အပန်းဖြေစခန်းဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး ပုဂံလူရည်ချွန်စခန်းရှိ အဋ္ဌမတန်း ကျောင်းသားကျောင်းသူများသည် ပုဂံဒေသရှိ ရှေးဟောင်းတန်ခိုးကြီးဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညိုကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ကိုမင်း၊ ဓာတ်ပုံ - မင်းမင်း**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေစခန်းရှိ လူရည်ချွန်များအား တွေ့ဆုံ

**ညောင်ရွှေ ဧပြီ ၃၀**

၂၀၁၉ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်း၌ ၁၉၆၇ ခုနှစ် လူရည်ချွန်ဟောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဇနီးတို့ပါဝင်သော လူရည်ချွန်ကြီးများနှင့် လူရည်ချွန်မောင်မယ်များ တွေ့ဆုံပွဲနှင့် ပညာရေးဆိုင်ရာဟောပြောပွဲများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

**ပြန်လည်ဖြေကြား**

ပညာရေးဆိုင်ရာဟောပြောပွဲတွင် ညောင်ရွှေမြို့နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာအကြောင်း သိကောင်းစရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လေ့ကားထစ်စိုက်ပျိုးနည်း၊ မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးနည်းတို့ကို ဟောပြောဆွေးနွေးကြပြီး လူရည်ချွန်ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။



ထို့နောက် လူရည်ချွန်လူငယ်မောင်မယ်များသည် အထွေထွေဗဟုသုတဆိုင်ရာ ဉာဏ်စမ်းပဟေဠိများကို မေးမြန်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီး ၁၉၆၇၊ ၁၉၆၈၊ ၁၉၇၀ သုံးထပ်ကွမ်း လူရည်ချွန်ဟောင်း ဒေါက်တာဒေါ်ခင်သန်းအေးတို့ပါဝင်သော ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများက လူရည်ချွန်လူငယ်မောင်မယ်များအား တွေ့ဆုံ၍ မိတ်ဆက်အားပေးစကားပြောကြားကြကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် လူရည်ချွန်ကြီးများက လူရည်ချွန်တေးသီချင်းများ သင်ကြားပေးပြီး ဉာဏ်စမ်းပဟေဠိများ မေးမြန်းဖြေကြားကြကာ ဆုရရှိသူလူရည်ချွန်များအား ဆုများပေးအပ်ကြသည်။

**အစမ်းလေ့ကျင့်**

ညနေပိုင်းတွင် မေ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပမည့် အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေစခန်းဖွင့်ပွဲအခမ်းအနားအတွက် အစမ်းလေ့ကျင့်ကြသည်။ မေ ၂ ရက်တွင် လူရည်ချွန်များသည် အင်းလေးကန်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ၊ တိုင်းရင်းသားရိုးရာ လက်မှုလုပ်ငန်းများ လေ့လာခြင်း၊ ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရား၊ ရွှေဇာဓိမြို့ဦးစေတီ ဖူးမြော်လေ့လာခြင်း၊ ညောင်ရွှေဟော်နှင့် ညောင်ရွှေစံပြစိုက်ခင်းများလေ့လာခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒသမတန်း လူရည်ချွန်မောင်မယ်များ တွေ့ဆုံ

**ငွေဆောင် ဧပြီ ၃၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ၂၀၁၈ - ၂၀၁၉ ဒသမတန်း လူရည်ချွန်မောင်မယ်များတွေ့ဆုံပွဲကို ယမန်နေ့ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ပုလဲငွေဆောင်ဟိုတယ်၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လူရည်ချွန်များသည် မြန်မာနိုင်ငံမှ Grade-11 ကျောင်းသား ကျောင်းသူများထဲတွင် စာတော်သော ကျောင်းသားကျောင်းသူများ ဖြစ်သကဲ့သို့ အားကစားနှင့် ကာယပညာတွင်လည်း ထူးချွန်ထက်မြက်သူများဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ သင်ယူလေ့လာစရာ ဒေသန္တရဗဟုသုတများ၊



ဒေသအလိုက် ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သိသင့်သိထိုက်သည့် ပညာရပ်ဆိုင်ရာများကို လေ့လာသင်ယူနိုင်ရန် လူရည်ချွန်များအဖြစ် ရွေးချယ်ဂုဏ်ပြုရသည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင်ကြောင်း။

မောင်တို့ မယ်တို့ကဲ့သို့ ထူးချွန်သူများအနေဖြင့် ကျောင်းဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြစေလိုကြောင်း၊ သို့မှသာ ပိုမိုထူးချွန်သည့် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း။

လူရည်ချွန်များအနေဖြင့် အခြားနိုင်ငံများမှ လူငယ်များနှင့် ယှဉ်ပြိုင်ရာတွင် ပြောဆိုဆက်ဆံမှု၊ အတူလက်တွဲအလုပ်လုပ်ရန်နှင့် အတူပူးပေါင်းဆောင်ရွက်ကြရန်၊ အင်္ဂလိပ်စာနှင့် အိုင်စီတီဘာသာရပ်များ ကျွမ်းကျင်ရန် လိုအပ်ပါကြောင်း၊ လူငယ်များအနေဖြင့် အင်္ဂလိပ်စာနှင့် အိုင်စီတီဘာသာရပ်များကို ကျွမ်းကျင်ရုံသာမက အခြားလူငယ်များကို ကျွမ်းကျင်မှုရှိအောင် အတူလက်တွဲခေါ်ဆောင်ကြရန် အရေးကြီးပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော အရည်အချင်းရှိရန် ကြိုးစားကြစေလိုကြောင်း၊ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ်သည် လူငယ်မောင်မယ်များ၏ ဘဝတစ်ခုလုံးကို ပျက်စီးစေနိုင်သည့်အတွက် အသုံးမပြုကြဘဲ အထူးရှောင်ရှားကြရန် အရေးကြီးပါကြောင်း၊ ထို့အပြင် မိမိတို့၏ ဘေးပတ်ဝန်းကျင်တွင်ရှိသည့် ကျောင်းသားကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်၏ ခြိမ်းခြောက်မှုကို ခံနေရသည့်အတွက် အတူတူပူးပေါင်းစည်းရုံး အသိပေးပြောကြားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများက ပြည်ထောင်စုဝန်ကြီးအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။ လူရည်ချွန်စခန်း (ငွေဆောင်)ကို ဧပြီ ၂၉ ရက်မှ မေ ၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး လူရည်ချွန်မောင်မယ်များ အပန်းဖြေနေထိုင်စဉ်အတွင်း လေ့လာရေးခရီးစဉ်နှင့် ဟောပြောပွဲများ၊ တစ်ဦးချင်းအလိုက် အတွေ့အကြုံဖလှယ်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နန်းသက် ၃၀ ကျော်ရှိသော ဂျပန်ဧကရာဇ် အာခီဟီတို ထီးနန်းစွန့်လွှတ်



**တိုကျို မေ ၃၀**
ဂျပန်ဧကရာဇ် ထီးနန်းစွန့်ပွဲအခမ်းအနားကို အင်ပါယာနန်းတော်အတွင်း၌ ယနေ့ကျင်းပခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

နန်းသက် နှစ်ပေါင်း၃၀ ခန့်ရှိသော ဂျပန်ဧကရာဇ် အာခီဟီတိုသည် ဧပြီ ၃၀ ရက်တွင် ထီးနန်းစွန့်လွှတ်ခဲ့ကာ မင်းသား နာရူဟီတိုအား ထီးနန်းလွှဲပြောင်း ပေးအပ်ခဲ့သည်။ ဂျပန်ဧကရာဇ်ထီးနန်းစွန့်ပွဲအခမ်းအနား၌ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ဂျပန်ပြည်သူများကိုယ်စား အမှာစကားပြောကြားခဲ့သည်။ ဂျပန်ဧကရာဇ်ထီးနန်းစိုးစံချိန်တွင် ဂျပန်ပြည်သူများနှင့် အေးအတူ၊ ပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်ကြသည့်အချိန်များကို ပြန်လည်အောက်မေ့သတိရမိပါကြောင်းနှင့် ပြည်သူများအား သားသမီးအရင်းအချာပမာ ကရုဏာသက်အုပ်ချုပ်သော မင်းဧကရာဇ်အား ပြည်သူများအနေဖြင့် အစဉ်အမြဲဂါရဝပြုကာ ကျေးဇူးတင်လျက်ရှိပါကြောင်း ဝန်ကြီးချုပ် အာဘေးက ဆိုသည်။

ထို့နောက် ဂျပန်ဧကရာဇ် အာခီဟီတိုက ဧကရာဇ်ဘုရင်တစ်ပါးအနေဖြင့် ပြည်သူများအား နောက်ဆုံးအကြိမ် မိန့်ခွန်းပြောကြားခဲ့သည်။

ယနေ့အချိန်အခါသည် ၎င်း၏ နန်းသက်ကုန်ဆုံးသည့်အချိန်အခါဖြစ်ပါကြောင်းနှင့် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကစပြီး ပြည်သူများ၏ ဂါရဝတရားထားရှိမှုနှင့် ယုံကြည်ကိုးစားမှုတို့ကို ရှေးရှုပြီး ဂျပန်ဧကရာဇ်အဖြစ် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းရွက်ခဲ့ပါကြောင်းနှင့် ထီးနန်းသက်တစ်လျှောက်တွင် ၎င်းအား ကူညီထောက်ခံအားပေးကြသော ပြည်သူများအား အထူးကျေးဇူးတင်ရှိပါကြောင်း ဧကရာဇ် အာခီဟီတိုက ဆိုသည်။

ဧကရာဇ်မင်းတစ်ပါး သက်ရှိထင်ရှားရှိလျက် ထီးနန်းစွန့်ပယ်ခြင်းသည် နှစ်ပေါင်း ၂၀၀ ကျော်တွင် ပထမဆုံးအကြိမ်ဖြစ်သည်။ ထီးနန်းစွန့်ခြင်းအခမ်းအနား ပြီးဆုံးသည့်အခါတွင် ဧကရာဇ် အာခီဟီတိုက ပရိသတ်များဘက်သို့ ဦးညွှတ်အရိုအသေပေးခဲ့သည်။

မေ ၁ ရက်မှစပြီး မင်းသား နာရူဟီတိုက ထီးနန်းဆက်ခံမည်ဖြစ်ပြီး ဂျပန်ဧကရာဇ်မင်း ၁၂၆ ပါးမြောက်ဖြစ်လာမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ကနေဒါနိုင်ငံသားတစ်ဦးနှင့် တရုတ်နိုင်ငံသားတစ်ဦးတို့ မူးယစ်ဆေးမှောင်ခိုမှုဖြင့် တရုတ်တရားရုံးက သေဒဏ်ချမှတ်




**ပေကျင်း ဧပြီ ၃၀**
တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်းပြည်နယ်တွင်း၌ တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်မှောင်ခို ရောင်းဝယ်မှုစွဲချက်ဖြင့် ကနေဒါနိုင်ငံသားတစ်ဦးနှင့် တရုတ်နိုင်ငံသားတစ်ဦးတို့အား တရုတ်တရားရုံးတစ်ရုံးက သေဒဏ်ချမှတ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဂျန်အင်းမြို့ရှိ တရားရုံးတစ်ရုံးမှ ကနေဒါနိုင်ငံသားနှင့် တရုတ်နိုင်ငံသားတို့အား ပြစ်ဒဏ်ချမှတ်ကြောင်း ကြေညာချက်ကို အခြားလူ ကိုးဦးအား ပြစ်ဒဏ်ချမှတ်ခြင်းနှင့်အတူ တရားရုံး၏ အင်တာနက်စာမျက်နှာ၌ ဧပြီ ၃၀ ရက်တွင် ဖော်ပြသည်။

၂၀၁၂ ခုနှစ်အတွင်းက ဂွမ်ဒေါင်းပြည်နယ်တွင် ပြုလုပ်ခဲ့သည့် လျှို့ဝှက်စစ်ဆင်ရေးတစ်ခုအတွင်း တရားခံအားလုံးကို ဖမ်းဆီးစွဲချက်တင်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် မက်သာဖက်တမင်းနှင့် အခြားမူးယစ်ဆေးဝါး ၆၃ ကီလိုဂရမ်ကို ထုတ်လုပ်ရောင်းချခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

အခြားလူ ကိုးဦးကို သေဒဏ်အပါအဝင် အမျိုးအစားမတူသည့် ပြစ်ဒဏ်များချမှတ်ခဲ့သည်။ သေဒဏ်ချမှတ်ခံရသူများအား ပြစ်ဒဏ်ကျခံရန် နှစ်နှစ်ဆိုင်းငံ့ထားပြီး ထောင်ဒဏ်တစ်သက် ကျခံရမည်ဖြစ်သည်။

ပြစ်ဒဏ်ချမှတ်ခံရသူများ အနေဖြင့် အယူခံဝင်ရန် အခွင့်အရေးရှိကြောင်း တရားရုံးတရားသူကြီးက ပြောကြားသည်။ တရုတ်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့၏ ဆက်ဆံရေးမှာ မကြာသေးမီကာလက တင်းမာမှုများ ဖြစ်ပွားခဲ့သည်။

ယခုနှစ် ဇန်နဝါရီလအတွင်းက အခြား ကနေဒါနိုင်ငံသားတစ်ဦး၏ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ခဲ့သည့် အမှုတစ်ခုအား ပြန်လည်ကြားနာစစ်ဆေးခဲ့ပြီး သေဒဏ်ချမှတ်ခဲ့သည်။ ယင်းကနေဒါနိုင်ငံသားကို တရုတ်တရားရုံးက ယင်းအမှုဖြင့် ယခင်က ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ထားပြီးဖြစ်သည်။

ယမန်နှစ် ဒီဇင်ဘာလအတွင်းက ကနေဒါ အာဏာပိုင်များက ဟွာဝေးဆက်သွယ်ရေးကုမ္ပဏီမှ အမှုဆောင်အရာရှိ မင်ဝမ်ကျိုးအား အမေရိကန်ပြည်ထောင်စု၏ တောင်းဆိုမှုအရ ဖမ်းဆီးခဲ့သည်။ ဟွာဝေးအမှုဆောင်အရာရှိအား ကနေဒါနိုင်ငံက ဖမ်းဆီးစဉ်ကတည်းက တရုတ်နိုင်ငံကလည်း ကနေဒါနိုင်ငံသားအချို့ကို ဖမ်းဆီးခဲ့သည်။ ဟွာဝေးအမှုဆောင်အရာရှိ မင်ဝမ်ကျိုးအား ဖမ်းဆီးခဲ့ခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံက ယင်းသို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာ လေ့လာသုံးသပ်သူများက မှတ်ယူကြသည်။ **အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာ၌ ဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုများတွင် နိုင်ငံခြားသား ၄၂ ဦး သေဆုံးခဲ့

**ကိုလံဘို ဧပြီ ၃၀**
ဧပြီ ၂၁ ရက်က သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲ တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့သူ ၂၅၃ ဦးထဲတွင် နိုင်ငံခြားသား ၄၂ ဦး ပါဝင်သည်ဟု ခွဲခြားစိစစ်မှုများအရ သိရကြောင်း သီရိလင်္ကာ အာဏာပိုင်များက ဧပြီ ၃၀ ရက်တွင် ပြောကြားသည်။

အခြားနိုင်ငံခြားသား ၁၂ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ပြီး ၎င်းတို့မှာ ကိုလံဘို ရဲတပ်ဖွဲ့၏ ရင်ခွဲရုံအတွင်းရှိ အမျိုးအမည်မခွဲခြားနိုင်သည့် သေဆုံးသူရုပ်အလောင်းများထဲတွင် ပါဝင်ဖွယ်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။

ဧပြီ ၂၁ ရက်က ဖြစ်ပွားခဲ့သည့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများနှင့် ဟိုတယ်များအား အစ္စလာမ့်နိုင်ငံတည်ထောင်ရေးအဖွဲ့ (အိုက်အက်စ်) တို့က အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ထိခိုက်ဒဏ်ရာများရရှိခဲ့သည့် နိုင်ငံခြားသားငါးဦးမှာ ဆေးရုံများတွင် ဆေးကုသမှုများ ခံယူနေဆဲဖြစ်သည်။

ယင်းတိုက်ခိုက်မှုများအတွင်း နိုင်ငံခြားသား သေဆုံးသူဦးရေ အများဆုံးမှာ အိန္ဒိယနိုင်ငံသား ၁၁ ဦး၊ ဗြိတိန်နိုင်ငံသား ခြောက်ဦး၊ တရုတ်နိုင်ငံသား လေးဦးနှင့် ဒိန်းမတ်နိုင်ငံသား သုံးဦးတို့ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ဆော်ဒီအာရေဗျ၊ စပိန်နှင့် တူရကီနိုင်ငံများမှ နိုင်ငံသားနှစ်ဦးစီ သေဆုံးပြီး ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ နယ်သာလန်၊ ပေါ်တူဂီ၊ ဆွစ်ဇာလန်နှင့် အမေရိကန်နိုင်ငံတို့မှ နိုင်ငံသားတစ်ဦးစီ သေဆုံးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ဇိမ်ခံဟိုတယ်များ၌ ဖြစ်ပွားသည့် တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့သူတို့၏ ရုပ်အလောင်းများကို ခွဲခြားစိစစ်ရသည်မှာ ခက်ခဲကြောင်း၊ အဘယ်ကြောင့်ဆိုသော် သေဆုံးသွားသူများ၏ ရုပ်အလောင်းများသည် ရုပ်ဖမ်း၍မရအောင်ဖြစ်ခြင်းကြောင့်ဖြစ်ကြောင်း သီရိလင်္ကာကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။ **အေအက်ဖ်ပီ**

# နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးသဘောတူစာချုပ်ပါနိုင်ငံများက ပြုံယမ်းအား နျူလက်နက် စွန့်လွှတ်ရန် တိုက်တွန်း

**နယူးယောက် ဧပြီ ၃၀**
နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးသဘောတူစာချုပ်ချုပ်ဆိုရာတွင် လက်မှတ်ရေးထိုးထားသည့် နိုင်ငံပေါင်း ၁၉၀ မှ ကိုယ်စားလှယ်များက မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးအတွက် တိုက်တွန်းပြောကြားခဲ့ကြကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါစာချုပ်ပါ နိုင်ငံများက ဧပြီ ၂၉ ရက်မှ မေ ၁၀ ရက်အထိ နယူးယောက်မြို့၌ တွေ့ဆုံကာ ကမ္ဘာတစ်ဝန်းရှိ နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးလျက်ရှိကြသည်။

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးသဘောတူစာချုပ်မှ ၂၀၀၃ ခုနှစ်တွင် နုတ်ထွက်သွားခဲ့ပြီးနောက် နိုင်ငံအတွင်း နျူကလီးယားလက်နက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးအတွက် နိုင်ငံတကာအသိုက်အဝန်းက ပူးပေါင်းကာ ကြိုးပမ်းလုပ်ဆောင်သင့်သည်ဟု ဂျပန်ကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ ကုလသမဂ္ဂလုံခြုံရေးအဖွဲ့က ပြုံယမ်းအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ကမ္ဘာ့နိုင်ငံများအနေဖြင့် လိုက်နာကျင့်သုံးရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပြုံယမ်း၏နျူကလီးယားလက်နက် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကြောင့် ဖြစ်ပေါ်လာသော ပဋိပက္ခများကို ပြုံယမ်း၏ နျူကလီးယားလက်နက်ဖျက်သိမ်းရေးအစီအစဉ်က ပြန်လည်ဖြေရှင်းပေးနိုင်မည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း အမေရိကန်ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။


ပြုံယမ်းအရေးနှင့်ပတ်သက်ပြီး စိတ်ရှည်ရန်လိုအပ်ပါကြောင်းနှင့် နိုင်ငံအားလုံးအနေဖြင့် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နျူကလီးယားလက်နက်ပပျောက်ရေးအတွက် ပြုံယမ်းအား တိုက်တွန်းပြောကြားသင့်ပြီး ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် နည်းလမ်းကောင်းများ ရှာဖွေသင့်ပါကြောင်း တရုတ်ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

ဥရောပသမဂ္ဂကိုယ်စားလှယ်တစ်ဦးက မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးသဘောတူစာချုပ်သို့ ပြန်လည်ဝင်ရောက်နိုင်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်လာသည့်စင်ကာပူနှင့် တရုတ်

**ကျော်ထိုက်စိုး**

စင်ကာပူနှင့် တရုတ်နိုင်ငံတို့သည် ဧပြီ ၂၉ ရက်က သဘောတူညီချက် ငါးခုကို လက်မှတ်ရေးထိုးခဲ့ရာ "ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း" (BRI) ပါ ကုန်သွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စီမံကိန်းများနှင့်ပတ်သက်၍ နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုမှာ ပိုမိုနီးကပ်မှုရှိလာပြီ ဖြစ်သည်။ အဆိုပါ သဘောတူညီချက်များကို ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တရုတ်ဝန်ကြီးချုပ် လီခချန်းနှင့် တွေ့ဆုံပြီးနောက် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။ အစောပိုင်းကလည်း ဝန်ကြီးချုပ် လီရှန်လွန်းသည် ပြည်သူ့ခန်းမဆောင်၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံခဲ့သည်။



စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းအား ဧပြီလ ၂၉ ရက်နေ့က ပေကျင်းမြို့တော်ရှိ ပြည်သူ့ခန်းမဆောင်၌ တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (MTI) က မိတ်ဖက်သဘောတူညီချက် နှစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်။ စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ချန်းချွန်စင်းနှင့် ရှန်ဟိုင်းမြို့တော်ဝန် ရင်ရန်တို့သည် ဝန်ကြီးဌာနအဆင့် စင်ကာပူ-ရှန်ဟိုင်း ဘက်စုံပါဝင်သော ပူးပေါင်းဆောင်ရွက်ရေးကောင်စီတစ်ခု ဖွဲ့စည်းရန် သဘောတူခဲ့သည်။ နှစ်နိုင်ငံစလုံးသည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၊ ဘဏ္ဍာရေးဝန်ဆောင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု၊ စီးပွားရေးလုပ်ကိုင်ရလွယ်ကူမှု၊ မြို့ပြအုပ်ချုပ်ရေးနှင့် ပြည်သူအချင်းချင်း အပြန်အလှန်လည်ပတ်ရေး ဟူသော နယ်ပယ်ကဏ္ဍ ခြောက်ခုတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ စင်ကာပူ ဒုတိယဝန်ကြီးချုပ်၊ ဘဏ္ဍာရေးဝန်ကြီး ဟန်ဆွီးကတ်နှင့် ရှန်ဟိုင်းမြို့တော်ဝန် ရင်ရန်တို့က စင်ကာပူ-ရှန်ဟိုင်း ဘက်စုံပါဝင်သော ပူးပေါင်းဆောင်ရွက်ရေးကောင်စီကို ပူးတွဲဆောင်ရွက်မည်ဖြစ်ပြီး ဥပဒေနှင့်ကျန်းမာရေးဝန်ကြီး အက်ဒဝင်တောင်နှင့် ရှန်ဟိုင်းဒုတိယမြို့တော်ဝန် ရှုခွန်လင်းတို့က ဒုတိယသဘာပတိများအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ အင်တာပရိုက်စင်ကာပူနှင့် ရှန်ဟိုင်းမြို့တော်ရှိ နိုင်ငံခြားရေးရုံးတို့မှာ ကောင်စီ၏ အတွင်းရေးမှူးချုပ်ရုံးများ ဖြစ်လာမည်ဖြစ်ပြီး ကောင်စီ၏ ပထမအကြိမ်အစည်းအဝေးကို မေလ ၂၄ ရက်နေ့က ရှန်ဟိုင်းမြို့တော်တွင် ကျင်းပခဲ့သည်။

စင်ကာပူ-ရှန်ဟိုင်း ဘက်စုံပါဝင်သော ပူးပေါင်းဆောင်ရွက်ရေးကောင်စီမှာ ရှန်ဟိုင်းမြို့တော်တွင် ပြည်ပတိုင်းပြည်တစ်ခုနှင့် ဘက်စုံပါဝင်သည့် အတည်တကျဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့ကြောင်း စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (MTI) ၏ ထုတ်ပြန်ချက်တစ်ခုအရ သိရသည်။ စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ချန်းချွန်စင်းသည် တတိယအဖွဲ့အစည်း ဈေးကွက်ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ဆောင်ရေး မူဘောင်တစ်ရပ်ဆိုင်ရာ နားလည်မှုစာချွန်လွှာကို တရုတ်နိုင်ငံ၌ စီမံကိန်းများ ရေးဆွဲသည့်အဖွဲ့အစည်း အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ကျောင်ယောင်နှင့် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ သဘောတူညီချက်မှာ ပြီးခဲ့သည့်နှစ် ဧပြီလအတွင်း လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ၏ နောက်ဆက်တွဲဖြစ်ပြီး ယခုအခါ ထောက်ပံ့ပို့ဆောင်ရေး၊ အခြေခံအဆောက်အဦနှင့် ဘဏ္ဍာရေးနှင့် ဥပဒေပိုင်းဆိုင်ရာ ဝန်ဆောင်မှုများအပြင် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းပါ တတိယအဖွဲ့အစည်းဈေးကွက်ကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားမည်ဖြစ်သည်။ "တရုတ်နိုင်ငံက စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ နောက်တစ်ဆင့်ကို ဝင်ရောက်လာပြီဖြစ်လို့ ဒီနားလည်မှုစာချွန်လွှာတွေက နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းဖို့ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတွေမှာ စင်ကာပူနိုင်ငံရဲ့ ပါဝင်ဆောင်ရွက်မှုကို အားကောင်းလာစေမှာဖြစ်ပါတယ်" ဟု ချန်းချွန်စင်းက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။

အသစ်ဖွဲ့စည်းလိုက်သော စင်ကာပူ-ရှန်ဟိုင်း ဘက်စုံပါဝင်သော ပူးပေါင်းဆောင်ရွက်ရေးကောင်စီမှာ တရုတ်နိုင်ငံ၏ အရေးပါသောဘဏ္ဍာရေးနှင့် စီးပွားရေးကဏ္ဍတွင် စင်ကာပူနိုင်ငံ၏ ထိတွေ့ဆက်ဆံမှုများကို ထိန်းမတ်ပေးကာ ယန်စီမြစ်ဝကျွန်းပေါ်ဒေသ စီးပွားရေးပေါင်းစည်းမှုအဖြစ် ဖန်တီးပေးမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ သဘောတူညီချက်မှာ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတစ်လျှောက် အခွင့်အလမ်းများရှာဖွေနေသည့် တရုတ်ကုမ္ပဏီများ အရှေ့တောင်အာရှဈေးကွက်အတွင်း ခြေကုပ်ယူရာတွင် စင်ကာပူနိုင်ငံ၏အခန်းကဏ္ဍကို မြှင့်တင်ပေးမည်ဖြစ်သည်။ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (MTI) ၏ အချက်အလက်များအရ ပြီးခဲ့သည့်နှစ်အတွင်း စင်ကာပူနှင့်ရှန်ဟိုင်းကြား ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅ ဘီလီယံ (စင်ကာပူဒေါ်လာ ၁၈ ဒသမ ၃ ဘီလီယံ) အထိရှိခဲ့ပြီး စင်ကာပူနိုင်ငံ၏ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏ၏ ၁၄ ရာခိုင်နှုန်းနီးပါးရှိခဲ့သည်။ ပြီးခဲ့သည့်နှစ်ကုန်အထိ စင်ကာပူနိုင်ငံက ရှန်ဟိုင်းမြို့တော်၌ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂ ဘီလီယံတန်ကြေးရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၄၈၀၀ ကျော်ရှိခဲ့သည်။ ပြီးခဲ့သည့်နှစ်က စင်ကာပူမှာ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတစ်လျှောက် တရုတ်နိုင်ငံအတွက် ပမာဏအများဆုံး ပြည်ပရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာနိုင်ငံဖြစ်ခဲ့ပြီး တရုတ်နိုင်ငံက ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဝင်တိုင်းပြည်များတွင်ပြုလုပ်သည့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၃ ရာခိုင်နှုန်းနီးပါး ရှိခဲ့သည်။

စင်ကာပူနှင့် တရုတ်နိုင်ငံတို့သည် အခြေခံအဆောက်အဦနှင့် ဘဏ္ဍာရေးလုပ်ငန်းမှသည် ဝန်ဆောင်မှုလုပ်ငန်းအထိ နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ဥပမာအနေဖြင့် DBS၊ Bank of China၊ သင်္ဘောတူးဖော်ရေးကုမ္ပဏီ Top International နှင့် တရုတ်ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ Yantai Port တို့က အင်ဒိုနီးရှားနိုင်ငံ၌ ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသော ရေနံချက်စက်ရုံတစ်ရုံ တည်ဆောက်ရေးအတွက် ပူးတွဲငွေကြေးမတည်ခဲ့သည်။ စင်ကာပူအကောက်ခွန်ဌာနကလည်း အကောက်ခွန်ဆိုင်ရာပြစ်မှုများ ကိုင်တွယ်ဖြေရှင်းရေး၊ အချက်အလက်ဖလှယ်ရေးစနစ် တည်ဆောက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက် နှစ်ခုကို တရုတ်အကောက်ခွန်ဌာနနှင့် လက်မှတ်ရေးထိုးခဲ့သည်။ ပထမ သဘောတူညီချက်အရ နှစ်နိုင်ငံစလုံးက စုဆောင်းထားသည့် တွေ့ရှိချက်များကို မျှဝေသွားမည်ဖြစ်သည်။ ဒုတိယ နားလည်မှုစာချွန်လွှာအရ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း လက်မှတ်ရေးထိုးခဲ့သည့် တရုတ်-စင်ကာပူ လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်အရ သဘောတူခဲ့သည့် အီလက်ထရွန်နစ် အချက်အလက်ဖလှယ်ရေးစနစ်တစ်ခု အကောင်အထည်ဖော်ဆောင်ရန် ဖြစ်သည်။ အဆိုပါ စနစ်ကြောင့် ကုန်သွယ်မှုနှင့်ပတ်သက်သော သတင်းအချက်အလက်များ လွှဲပြောင်းပေးပို့ရာတွင် မြန်ဆန်လာမည်ဖြစ်ပြီး ကုမ္ပဏီများအနေဖြင့် များစွာလုပ်ကိုင်ရလွယ်ကူလာမည်ဖြစ်သည်။ ထိုစနစ်ကို ဇူလိုင်လ ၁ ရက်နေ့တွင် စတင်မည်ဖြစ်သည်။

စင်ကာပူအစိုးရပိုင် အခြေခံအဆောက်အဦ အတိုင်ပင်ခံလုပ်ငန်း Surbana Jurong နှင့် တရုတ်နိုင်ငံပိုင် Silk Road Fund တို့ကလည်း ပူးတွဲရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ သဘောတူညီချက်အရ စင်ကာပူနှင့် တရုတ်နိုင်ငံတို့သည် အရှေ့တောင်အာရှဒေသရှိ အခြေခံအဆောက်အဦစီမံကိန်းများကို ငွေကြေးထောက်ပံ့မည့် အမေရိကန်ဒေါ်လာ သန်း ၅၀၀ တန် အခြေခံအဆောက်အဦ ပူးတွဲရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ မတည်ပေးမည်ဖြစ်သည်။ တရုတ်နှင့်စင်ကာပူကြား လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်မှာ အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများရှိပြီး နယ်ပယ်အသီးသီးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှာ ပုံမှန်တိုးတက်နေကြောင်း တရုတ်ဝန်ကြီးချုပ် လီခချန်းက ပြောကြားခဲ့သည်။ ဒေသဆိုင်ရာ ဘက်စုံပါဝင်သော စီးပွားရေး မိတ်ဖက်ဆောင်ရွက်မှု စေ့စပ်ညှိနှိုင်းမှုများ အရှိန်မြှင့်တင်ရာတွင် စင်ကာပူနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဒေသတွင်း တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှုမြှင့်တင်ရာတွင် တရုတ်နှင့် အာဆီယံကြား ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံက ဆန္ဒရှိကြောင်း ၎င်းက ဆိုသည်။

**ကိုးကား-သည်စထရိတ် တိုင်းမ်**
Singapore, China ink deals on trade, Belt and Road projects

# ထိုင်းနိုင်ငံ၌ကျင်းပသည့် နိုင်ငံတကာရေကူးပြိုင်ပွဲတွင် အောင်ပွဲရမြန်မာ Aqua King ရေကူးအသင်းအားကြိုဆို

**ရန်ကုန် ဧပြီ ၃၀**

မြန်မာနိုင်ငံမှAqua King Swimm- ing Club (Myanmar)အသင်းမှ မျိုးဆက်သစ်လူငယ် ရေကူးမောင်မယ်များသည် ထိုင်းနိုင်ငံ ဖူးခက်မြို့၌ ဧပြီ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် IBSP Flying Fish Invitational Sweet Meet ဖိတ်ခေါ် ရေကူးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တစ်ဦးချင်းပြိုင်ပွဲနှင့် လက်ဆင့်ကမ်းပြိုင်ပွဲတို့တွင် ရွှေ၊ ငွေ၊ ကြေးဆုများ ဆွတ်ခူးရရှိခဲ့ပြီး ယနေ့ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာ Aqua King ရေကူးအသင်းမှ နာယက ဦးသက်ဝင်း၊ အမှုဆောင် ဦးသတိုးကျော်၊ ဦးညဏ်ကျော်နှင့် အကျိုးဆောင်များ၊ မိဘဆွေမျိုးများ၊ မျိုးဆက်သစ် ရေကူးမောင်မယ်များက ကြိုဆိုခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် အမျိုးသားခုနစ်ဦး၊ အမျိုးသမီး ခြောက်ဦးတို့ အတန်းငါးတန်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသား အသက် ၁၇ နှစ်အောက်တွင် အံ့ခေါင်ထွဋ်က တစ်ဦးချင်းငွေတစ်ခု၊ လက်ဆင့် ကမ်းရွှေနှစ်ခု၊ ၁၅ နှစ်အောက်တွင် ပိုင်စစ်မှူးက တစ်ဦးချင်း ငွေတစ်ခု၊ ကြေးတစ်ခု၊ အောင်ကောင်းမြတ်က လက်ဆင့်ကမ်းရွှေနှစ်ခု၊ ၁၃နှစ်အောက်တွင် လင်းမြတ်သူက တစ်ဦးချင်းရွှေခြောက်ခု၊ လက်ဆင့်ကမ်း ရွှေတစ်ခု၊ ငွေတစ်ခု၊ အောင်ထက်ခိုင်က တစ်ဦးချင်းကြေးတစ်ခု၊ လက်ဆင့်ကမ်းရွှေတစ်ခု၊ ငွေတစ်ခု၊ ခွန်ရဲထက်က တစ်ဦးချင်းရွှေတစ်ခု၊ ကြေးတစ်ခု၊ လက်ဆင့်ကမ်းရွှေတစ်ခု၊ ငွေတစ်ခု၊ ၁၁နှစ်အောက်တွင် ကောင်းပြည့်ကျော်က တစ်ဦးချင်း ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု၊ လက်ဆင့်ကမ်း ရွှေတစ်ခု၊ ငွေတစ်ခု၊ အမျိုးသမီး အသက် ၁၇နှစ်အောက်ပြိုင်ပွဲတွင် နန်းချမ်းမြေ့ဝသုန်က တစ်ဦးချင်းကြေးတစ်ခု၊ လက်ဆင့်ကမ်း ရွှေနှစ်ခု၊ သင်းနန္ဒီစိုးက တစ်ဦးချင်း ကြေးတစ်ခု၊ လက်ဆင့်ကမ်းရွှေနှစ်ခု၊ ၁၃ နှစ်အောက်တွင် သွန်းမိုးမေက တစ်ဦးချင်းရွှေလေးခု၊ ငွေနှစ်ခု ၊လက်ဆင့်ကမ်း ကြေးတစ်ခု၊ ယွန်းပြည့်နဒီက တစ်ဦးချင်း ရွှေတစ်ခု၊ လက်ဆင့်ကမ်းကြေးတစ်ခု၊ ဘုန်းသက်ရှင်က တစ်ဦးချင်းငွေနှစ်ခု ၊ ကြေးတစ်ခု၊ လက်ဆင့်ကမ်းကြေးတစ်ခု ၊ မြတ်နိုးကြယ်စင်က လက်ဆင့်ကမ်းကြေးတစ်ခု အသီးသီး ဆွတ်ခူးရရှိကြပြီး အသင်းလိုက်အမှတ်အများဆုံးတွင် တတိယ၊ အသက် ၁၂ နှစ်အောက် အကောင်းဆုံးရေကူးဆုကို လင်းမြတ်သူက ဒုတိယ၊ သွန်းမိုးမေက ပထမ အသီးသီး အောင်မြင်စွာ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။




အဆိုပါ ပြိုင်ပွဲကို ၂၀၀၈ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ယခုနှစ်တွင် ထိုင်း၊ မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ လာအိုနိုင်ငံ စသည့် ကျောင်းပေါင်းစုံမှ ရေကူးကစားသမား ၅၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုးလင်း**

# ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ်တို့ တွေ့ဆုံ



**မူဆယ် ဧပြီ ၃၀**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်များဖြစ်ကြသည့် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌဦးသိန်းဇော်၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဦးလှမောင်ရွှေ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းကော်ရှန်း ဦးဆောင်သောအဖွဲ့တို့သည် ယနေ့နံနက် ၇ နာရီခွဲက ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ရှိ ရွှေလီရတနာဧည့်ရိပ်သာခန်းမ၌ တွေ့ဆုံခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များနှင့် တရုတ်နိုင်ငံမှ ပံ့ပိုးကူညီမှုပေးနိုင်မည့်အခြေအနေများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA တွင် ပါဝင်လက်မှတ်ရေးထိုးရေးဆိုင်ရာကိစ္စရပ်များ၊ KIO၊ MNTJP၊ ULA၊ PSLF တို့နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Bilateral Ceasefire Agreement) ရေးထိုးရေးညှိနှိုင်းဆွေးနွေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# NRPC ကိုယ်စားလှယ်အဖွဲ့နှင့် KIO၊ MNTJP၊ PSLF၊ ULA တို့ တွေ့ဆုံဆွေးနွေး

**မူဆယ် ဧပြီ ၃၀**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် KIO(ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့)၊ MNTJP (မြန်မာနိုင်ငံ အမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ)၊ PSLF (ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး) နှင့် ULA (ရခိုင်အမျိုးသားအဖွဲ့ချုပ်) တို့သည် ယနေ့နံနက် ၉ နာရီက မူဆယ်မြို့ရှိ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းတွင် တွေ့ဆုံဆွေးနွေးကြသည်။ **(အောက်ယာပုံ)**

ရှေးဦးစွာ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က "ငြိမ်းချမ်းရေးကို လက်နက်ကိုင်ထားရုံနဲ့ ဖော်ဆောင်ဖို့ဆိုတာ ခက်ခဲပါတယ်။ ရလဲမရနိုင်ပါဘူး။ တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့်သာ ဖော်ဆောင်ဖို့လိုအပ်ပါတယ်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အပြစ်တင်နေခြင်း၊ ဝေဖန်နေခြင်း၊ ပြောဆိုနေခြင်းဖြင့် ပြဿနာ၏ အဖြေကို မရနိုင်ပါဘူး။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခြေအနေ အချိန်အခါနှင့် သင့်လျော်တဲ့ကိစ္စတွေကို နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးရပါတယ်။ ဒါကြောင့် တွေ့ဆုံဆွေးနွေးနိုင်ရေးဟာ မိမိတို့က အစဉ်အမြဲ ကြိုးစားနေတဲ့ လမ်းစဉ်တစ်ခုဖြစ်တယ်လို့ ပြောလိုပါတယ်။ တွေ့ဆုံဆွေးနွေးမှုကနေတစ်ဆင့် နှစ်ဖက်အပြန်အလှန် ယုံကြည်မှုကို တည်ဆောက်ပြီး လက်နက်ကိုင်ပဋိပက္ခတွေကို လျှော့ချသွားကြရမှာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာ တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားခဲ့သည်မှာ စိတ်မကောင်းစရာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ဒဏ်ရာဒဏ်ချက်တွေကို အဓိကခံစားနေရတာ ကျွန်တော်တို့ရဲ့ ပြည်သူတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေအတွက် အကျိုးစီးပွားကို ဖော်ဆောင်ပြီး ပြည်သူကောင်းကျိုးကို ဖော်ဆောင်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးဟာ ပြည်သူတွေရဲ့အရေးကို ထည့်သွင်းစဉ်းစားကြဖို့ လိုအပ်ပါတယ်လို့ ကျွန်တော်အနေနဲ့ အဆိုပြုပြောကြားလိုပါတယ်။

**နှုတ်ခွန်းဆက်အမှာစကားပြောကြား**

"နိုင်ငံတော်ရဲ့အရေးဟာလည်း အားလုံးရဲ့အရေးဖြစ်ပါတယ်ဆိုတာကို ကျွန်တော်တို့ သတိချပ်ပြီး နိုင်ငံတော်ကြီးကို အတူတကွအောင်မြင်အောင် ကြိုးပမ်းကြဖို့ အချိန်အခါရောက်လာပြီဆိုတာ ပြောလိုပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ဒဏ်ရာကြောင့် မိမိတို့ပြည်သူများ ဆင်းရဲဒုက္ခရောက်ပြီး ခေတ်နောက်ကျ ကျန်ခဲ့တာကို ကျွန်တော်တို့တစ်တွေ သင်ခန်းစာယူသင့်ပါပြီ။ မိမိတို့၏ လိုလားချက်၊ တောင်းဆိုချက်တွေကို လက်နက်ကိုင်ဆောင်ပြီး တောင်းဆိုနေမယ့်အစား၊ လက်နက်ကိုင်ဆောင်ပြီး ပယ်ချကြမယ့်အစား စားပွဲဝိုင်းပေါ်မှာ တွေ့ဆုံညှိနှိုင်းအဖြေရှာကြဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျွန်တော်တို့ ဆက်လက်ပြီးတော့ အကောင်အထည်ဖော်သွားကြပါစို့လို့ တိုက်တွန်းလိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လွှတ်တော်အနေနဲ့ မိမိတို့နိုင်ငံရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ NCA ကို ရှောင်လွှဲလို့ မရနိုင်ပါဘူး။ ဒါဟာလဲ သမိုင်းရဲ့လက်ဆင့်ကမ်းအမွေဖြစ်ပြီး မိမိတို့အားလုံးအတွက် ပေးထားချက်လည်း ဖြစ်ပါတယ်။ ဒါကြောင့် ယနေ့တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြတဲ့ အဖွဲ့အစည်းအနေနဲ့ ကျွန်တော်တို့ ငြိမ်းချမ်းရေးကော်မရှင်ရဲ့ NCA တံခါးပေါက်မှတစ်ဆင့် နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာပါဝင်ပြီး မိမိတို့အားလုံး မျှော်မှန်းထားတဲ့ အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အချိန်အခါ အခြေအနေပေးထားချက်တွေနဲ့အညီ တစ်ဆင့်ပြီး တစ်ဆင့် ဖွဲ့နပဲနဲ့ ဖော်ဆောင်သွားကြမယ်ဆိုတဲ့ သန္နိဋ္ဌာန်ချမှတ်ပေးနိုင်ကြပါစေကြောင်း ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ယနေ့တွေ့ဆုံပွဲဖြစ်မြောက်အောင် ဦးဆောင်ကြိုးစားပေးပါသော KIO မှ ကိုယ်စားလှယ်များ PCG မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ အဘက်ဘက်မှ ပံ့ပိုးကူညီပေးသူများနှင့် ဆွေးနွေးပွဲကို အလေးအနက်ထားတက်ရောက်လာတဲ့ တိုင်းရင်းသား ကိုယ်စားလှယ်များအားလုံးနဲ့ ငြိမ်းချမ်းရေးဖြစ်အောင် ပါဝင်ခဲ့ကြသူတွေကို ကျွန်တော်တို့ငြိမ်းချမ်းရေးကော်မရှင်က ကျေးဇူးတင်ရှိပါတယ်" ဟု နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် KIO အထွေထွေအတွင်းရေးမှူး ဆလန်ကဘာထိန်နန်က NCA စာချုပ်လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့အစည်းများသည် နိုင်ငံတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး Bilateral ကို တင်ပြဆွေးနွေးခဲ့ကြောင်း၊ Bilateral အဆင့်သွားနိုင်ရေးကို နှစ်ဦးနှစ်ဖက် သဘောတူညီမှုရရှိစေရန် အဓိကထားတင်ပြဆွေးနွေးလိုကြောင်း၊ အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်ပြီး NRPC ၏ သဘောထားကို ဆွေးနွေးပေးရန်လိုလားကြောင်း၊ KIO အနေဖြင့် လိုလားသည့် စာချုပ်မူကြမ်းကိုလည်း PCG မှတစ်ဆင့် NRPC သို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ အဆိုပါစာချုပ်မူကြမ်းကို နှစ်ဦးနှစ်ဖက်လက်ခံသဘောတူညီမှုရရှိသည်အထိ ဆွေးနွေးရန်လိုအပ်ကြောင်း၊ စာချုပ်မူကြမ်းအတွက် လိုအပ်ပါက တစ်ဖွဲ့ချင်းဆွေးနွေးရမည်ဖြစ်ကြောင်း၊ KIO အနေဖြင့် မျှော်မှန်းထားသည့် လုပ်ငန်းစဉ်များမှာ Bilateral နှင့် IDPs များ မူလနေရပ်သို့ ပြန်နိုင်ရေးဖြစ်ပြီး အစိုးရနှင့် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်သွားလိုကြောင်း၊ NCA ကို နှစ်ဦးနှစ်ဖက် လက်ခံနိုင်သည်အထိ ဆွေးနွေးသွားလိုကြောင်း၊ ထိုသို့ဆွေးနွေးစဉ်ကာလအတွင်း တိုက်ပွဲများရပ်တန့်ရေးသည် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် သဘောထားကြီးရန် လိုအပ်ပါကြောင်း၊ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပါက တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုကင်းမဲ့လာနိုင်ကြောင်း စသည်ဖြင့် ပြောကြားသည်။



ယင်းနောက် MNTJ၊ PSLF နှင့် ULA ကိုယ်စား ဦးဆောင်သူများက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA)စာချုပ်လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့ ပါဝင်လာနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Bilateral Ceasefire Agreement)ရရှိပါက တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်နေကြရသည့် IDPs များအတွက် ဆောင်ရွက်ရမည့် အကြောင်းအရာများ အပါအဝင် တစ်ပြိုင်နက်တည်းဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နိုင်ငံတော်အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ကျင်းပမည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်း ညှိနှိုင်းအစည်းအဝေးများတွင် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ဖိတ်ကြားမည့် အစီအစဉ်များ၊ NCA ရေးထိုးမည့်အဆင့်၊ NCA ရေးထိုးပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့် အဆင့်လိုက်အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Bilateral Ceasefire Agreement)မူကြမ်းအဆိုပြုချက်များအား ယခုကျင်းပသည့် အစည်းအဝေးတွင် ပေးပို့လာသည့်အတွက် နှစ်ဖက်စလုံးအနေဖြင့် အသေးစိတ် ဆွေးနွေး၍ မရကြောင်း၊ သို့သော်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Bilateral Ceasefire Agreement)တွင်ပါဝင်သည့် NCA စာချုပ်လက်မှတ်ရေးထိုးရန် ကတိကဝတ်၊ တပ်ပိုင်းဆိုင်ရာနေရာချထားရေးကိစ္စရပ်များ၊ ဆက်ဆံရေးရုံးများဖွင့်လှစ်သွားမည့် ကိစ္စရပ်များ၊ တိုက်ပွဲများမဖြစ်ပွားစေရန် ဆောင်ရွက်မည့်နည်းလမ်းများ အပါအဝင်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အဆိုပြုမူကြမ်းတွင် တိတိကျကျထည့်သွင်းရန် လိုအပ်သည့်အချက်များစသည့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် MNTJP၊ ULA နှင့် PSLF တို့က အဆိုပြုချက်များကို ပေးအပ်ခဲ့ကြပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) အနေဖြင့် ပေးပို့လာသည့် အဆိုပြုမူကြမ်းများအပေါ် ပြင်ဆင်အဆိုပြုချက်များ ပြန်လည်ပေးပို့၍ နှစ်ဖက် ဆက်လက်ညှိနှိုင်းကြမည်ဖြစ်ကြောင်း၊ နှစ်ဖက်အဆိုပြုချက်များရရှိပါက မေလအတွင်း ပြန်လည်တွေ့ဆုံကာ အသေးစိတ်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ တွေ့ဆုံမည့်နေ့ရက်နှင့် နေရာတို့ကို နှစ်ဖက်ပြန်လည်ညှိနှိုင်းကြမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

ယင်းနောက် ဆွေးနွေးမှုများနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က နိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

**ကိုယ်စားလှယ်များ တက်ရောက်**

ယနေ့ဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်များအဖြစ် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဦးလှမောင်ရွှေ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် အကျိုးဆောင်အဖြစ် ဦးသက်နိုင်တို့ တက်ရောက်ကြပြီး KIO(ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့) ကိုယ်စားလှယ်ခေါင်းဆောင်အဖြစ် KIO အထွေထွေအတွင်းရေးမှူး ဆလန်ကဘာထိန်နန်၊ MNTJP (မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ) ကိုယ်စားလှယ်ခေါင်းဆောင်အဖြစ် MNTJP ပြင်ပဆက်ဆံရေးဌာနမှူး ဦးဝင်းနိုင်၊ ULA (ရခိုင်အမျိုးသားအဖွဲ့ချုပ်) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ် ULA အထွေထွေအတွင်းရေးမှူး ဒေါက်တာညိုထွန်းအောင်နှင့် PSLF (ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ် PSLF အထွေထွေအတွင်းရေးမှူး တာဘုန်းကျော် ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး လေ့လာသူများအဖြစ် UWSP ('ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ)၊ SSPP (ရှမ်းပြည်တိုးတက်ရေးပါတီ) နှင့် PCG(ငြိမ်းချမ်းရေး ဆွေးနွေးရေးအကျိုးဆောင်အဖွဲ့) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# AA အဖွဲ့၏ ယာယီလေ့ကျင့်ရေးစခန်းတစ်ခုအား သိမ်းပိုက်ရရှိ

**နေပြည်တော် ဧပြီ ၃၀**

တပ်မတော်စစ်ကြောင်းသည် ဘူးသီးတောင်မြို့နယ် ဖုန်ညိုလိပ်ကျေးရွာ၏ အရှေ့တောင်ဘက်တွင် ဧပြီ ၂၈ ရက်က AA အဖွဲ့၏ ယာယီလေ့ကျင့်ရေးစခန်းနေရာတစ်ခုအား တွေ့ရှိရှင်းလင်းခဲ့ရာ AA အဖွဲ့မှ အလောင်းများနှင့် ခဲယမ်းဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းသည် ဘူးသီးတောင်မြို့နယ် ဖုန်ညိုလိပ်ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၂၀၀၀ ခန့်အကွာ၌ AA အဖွဲ့၏ ယာယီလေ့ကျင့်ရေးစခန်းနေရာတစ်ခုအား တွေ့ရှိသဖြင့် ဝင်ရောက်ရှင်းလင်းခဲ့ရာ AA အဖွဲ့မှာ အရှေ့တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားပြီး ယင်းနေရာတွင် အလောင်းများနှင့် ခဲယမ်းဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကာ တန်းစီကွင်း နှစ်ကွင်း၊ လူနေတဲ ၄၉ လုံးနှင့် ပစ်ကျင်းများပါဝင်သော ယာယီလေ့ကျင့်ရေးစခန်းတစ်ခုအား သိမ်းဆည်းရမိခဲ့ကြောင်း။

ယနေ့တွင် အဆိုပါနေရာအနီးတစ်ဝိုက်အား အသေးစိတ်ရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ AA အဖွဲ့များ ကျင်းတူး၍ သိုဝှက်ထားသော ရိက္ခာပစ္စည်းများအား ရှာဖွေတွေ့ရှိခဲ့ပြီး ၎င်းတို့အထဲတွင် WFP တံဆိပ်ပါ ဆန်အိတ် ၁၅ အိတ်နှင့် WFP တံဆိပ်ပါ ဆီဘူး ၃၈ ဘူး တို့ပါဝင်ကြောင်း သိရှိရသည်။

အထက်ပါရိက္ခာထုပ်များသည် စစ်ရှောင်စခန်းများအတွက် အလှူရှင်များက လှူဒါန်းထားသော ထောက်ပံ့ရေးပစ္စည်းဖြစ်ပြီး AA အဖွဲ့က ယင်းထောက်ပံ့ရေးပစ္စည်းများကို နည်းလမ်းမျိုးစုံဖြင့် ရရှိသုံးစွဲနေခြင်းဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**









# မြန်မာ့ရုပ်မြင်သံကြား

**၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
၈း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန" "တနင်္သာရီတိုင်းဒေသကြီး"
၁၀း၃၀ စိုက်ပျိုးရေးရာအဖြေရှာ "ဒေသနှင့်ကိုက်ညီဖို့ စပါးမျိုးကောင်းမျိုးသန့်များ မွေးမြူထုတ်လုပ်ကြပါစို့"
၁၀း၅၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီဖွေးဖွေး)
၁၁း၄၅ ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "ဆေးဖက်ဝင်အောင်မဲညို"
၁၃း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၃)
၁၅း၀၀ "တေလပတ္တ ဇာတ်တော်ကြီး"

**ညပိုင်း**

၁၆း၅၅ "မြွေဆိပ်ဖြေဆေး အဆင့်ဆင့်ထုတ်လုပ်ပုံ"
၁၇း၃၅ MRTV Travelogue
၁၉း၃၀ မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၄) (ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင်) (ဒါရိုက်တာ-ဘိုသန့်)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ကာကွယ်ရေးဝန်ကြီးဌာန" "မကွေးတိုင်းဒေသကြီး"
-ဂီတသမား၊ ဂီတစကား "စောမွန်လှအကြောင်း သိကောင်းစရာသီချင်း" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
-နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၃၀)
-အစီအစဉ်ပြီး၏။

# အင်းတော်မြို့နယ်၌ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**အင်းတော် ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းပေါ်ရှိ နဘားလမ်းဆုံမှ တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၉ ရက် ညနေ ၅ နာရီခွဲခန့်က အင်းတော်မြို့နယ် နဘားနယ်မြေ ခေတ္တရဲကင်းစခန်းမှူး ရဲအုပ်စိုးနိုင်အောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းပေါ်ရှိ နဘားလမ်းဆုံနေရာတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ယဉ်ဆောင်ကွေးမောင်းနှင်ပြီး မော်ဆိုင်ဖန်း လိုက်ပါလာသော ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်အတွင်းမှ တရားမဝင်ကျောက်စိမ်းအရိုင်းတုံး ၁၁၀(၁၀၇ ဒသမ ၄၅ ကီလိုဂရမ်) ရှာဖွေတွေ့ရှိသဖြင့် တရားမဝင်ကျောက်စိမ်းများ သယ်ဆောင်လာသူ ယဉ်ဆောင်ကွေးမနော်ဟရီလမ်း ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူနှင့် မော်ဆိုင်ဖန်း အမှတ်(၄)ရပ်ကွက် တာမိုးညဲမြို့ ရှမ်းပြည်နယ်မြောက်ပိုင်းနေသူတို့အား နဘားနယ်မြေရဲကင်းစခန်းမှ ကျောက်မျက်ဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။



**လူအောင်(ကသာ)**



စိုင်းထွန်းဆာအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**တမူး**

မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၉ ရက် ညနေ ၆ နာရီက တမူးမြို့နယ် ခမ်းပါတ်မြို့ အမှတ်(၂)ရပ်ကွက် တမူး-ကလေးကားလမ်း၌ အိန္ဒိယနိုင်ငံသူ မနင်ပေါ့အား စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂၆၂ ဒသမ ၅ ဂရမ် ကိုလည်းကောင်း။

**မောင်တော**

ထို့အတူ ယင်းနေ့နံနက် ၁၀ နာရီခွဲက လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ၃ မိုင် - ကြိမ်ချောင်းကားလမ်းရှိ သီဟိုဠ်ရဲကင်းစခန်းရှေ့တွင် ခမ့်လိုင်(ခ)မန်းလိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်း၏လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ ကိုလည်းကောင်း။

**တန့်ယန်း**

အလားတူ ယင်းနေ့ ည ၈ နာရီက တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့နယ် တန့်ယန်း-မိုင်းကောင်သွား ကားလမ်း မိုင်တိုင်အမှတ်(3KM) အနီးတွင် အိုက်မတ် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း။

**တာချီလိတ်**

ထို့အတူ ယင်းနေ့နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်းရပ်ကွက် ငွေစေတီလမ်းနှင့် ဝမ်ကောင်းမြို့ပတ်လမ်းဆုံ၌ အားဖုအားရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

**လားရှိုး**

အလားတူ ယင်းနေ့နံနက် ၈ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် လားရှိုး-တန့်ယန်းသွားလမ်း မိုင်တိုင်အမှတ်(၅/၇)အနီး၌ စိုင်းထွန်းဆာ မောင်းနှင်လာသည့် Toyota Revo Hilux အမျိုးအစားမော်တော်ယာဉ်ကို X-Rays စက်ဖြင့် စစ်ဆေးရှာဖွေရာ မော်တော်ယာဉ်၏ အင်ဂျင်ခန်း၊ နောက်တံခါးပိတ်၊ ကြမ်းခင်းနှင့် ရှေ့ခန်းဘော်ဒီကြားတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၉၆၀၀၊ ငွေကျပ် ၄၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မြို့နယ်အချို့၌ မီးလောင်မှုဖြစ်ပွား

**လှည်းကူး**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပုတ်သင်ညိုကျေးရွာအုပ်စု တောင်ထပ်ကျေးရွာအနီးရှိ ဦးစိုးမြင့်ပိုင် ရော်ဘာစိုက်ပျိုးရေးခြံ ဧက ၅၁၀ ဒသမ ၇၈ ဧကအတွင်း၌ ဧပြီ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက နေ့အပူရှိန်မြင့်မားမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် စိုက်ပျိုးဧက ၁၀၀ ကျော်ခန့်ရှိ ရော်ဘာပင်များနှင့် ဝါးရုံများ မီးလောင်ကျွမ်းခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

**သန်လျင်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှုထမ်းရပ်ကွက် သိမ်ကုန်းလမ်း၌ ဧပြီ ၃၀ ရက် နံနက် ၁ နာရီ မိနစ် ၄၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သန်လျင်မြို့မရဲစခန်းမှ သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း၊ တစ်ထပ်တိုက်နေအိမ်တစ်လုံး မီးလောင်ခဲ့ပြီး မီးလောင်မှုအား သက်ဆိုင်ရာမှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

**ကသာ**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ပြည်သာယာကျေးရွာ အလယ်စုရပ်တွင် ယနေ့မွန်းလွဲ ၂ နာရီခွဲက ထင်းမီးဖိုဖြင့် ဝက်စာအိုးတည်ပြီး လူစောင့်မရှိဘဲ အပြင်သွားရာမှ စတင်လောင်ကျွမ်းခဲ့ပြီး နေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ကသာမြို့မရဲစခန်းက အိမ်ရှင်ဒေါ်နန်းအောင်အား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟန်မျိုးကျော်(ကသာ)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။*
*(စာတည်းအဖွဲ့)*

# ပညာရေးကောလိပ်မှသည် ပညာရေးဒီဂရီကောလိပ်ဆီသို့

## ဒေါက်တာခင်မျိုးမြင့်ကြူ

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ကျောင်းစဖွင့်ချိန်မှစ၍ ပညာရေးကောလိပ်များကို ပညာရေးဒီဂရီကောလိပ်များအဖြစ် ပြောင်းလဲဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ကြားသိနေရသည်။ သို့ဆိုလျှင် ဤလုပ်ဆောင်ချက်သည် မှန်ကန်ပါရဲ့လား၊ ပညာရေးကောလိပ်အားလုံး ဒီဂရီကောလိပ်အဖြစ် အဆင့်မြှင့်တင်ရန် အဆင်သင့်ဖြစ်နေပြီလား စသည့် မေးခွန်းများ မေးစရာဖြစ်လာပါသည်။ အမှန်စင်စစ် ကောလိပ်အဆင့်မြှင့်တော့မည်ဆိုလျှင် မေးခွန်းပေါင်းများစွာအတွက် အဖြေရှာပြီးဖြစ်နေရန် လိုအပ်ပါသည်။

ဥပမာအားဖြင့် ပညာရေးကောလိပ်အဆင့်မြှင့်တင်ရန် ကောလိပ်ဖွဲ့စည်းပုံအဆင်သင့်ဖြစ်နေပြီလား။ လိုအပ်သည့်ဆရာအင်အား အပြည့်အဝရရှိထားပြီလား။ ရရှိထားသည့် ဆရာများ အရည်အသွေးအာမခံချက်ရှိရဲ့လား။ အဆင့်မြင့်ပညာရေးအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များရှိ ဆရာများသည် အနည်းဆုံး မဟာဘွဲ့ ရရှိထားရမည်ဆိုသည့်မူဝါဒနှင့် ကိုက်ညီမှုရှိနိုင်ပါ့မလား။ မူလပညာရေးကောလိပ်တွင် မဟာဘွဲ့မရသေးသည့် ဆရာများရှိနေခဲ့လျှင် မည်ကဲ့သို့ဖြေရှင်းပေးမည်နည်း။

သင်ရိုးပိုင်းနှင့်ပတ်သက်၍ လေးနှစ်သင်ပညာရေး ဒီဂရီကောလိပ်သင်ရိုး အဆင်သင့်ဖြစ်နေပြီလား။ လေးနှစ်စာအားလုံးအတွက် မပြီးသေးသည့်တိုင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ အကောင်အထည်ဖော်မည့် ပထမနှစ် သင်ရိုးအဆင်သင့်ဖြစ်ရဲ့လား။ ပထမနှစ်အတွက် သင်ရိုးဝင်စာအုပ်များ ရိုက်နှိပ်ပြီးပြီလား။ သင်ကြားပေးမည့် ဆရာများအတွက် သင်ရိုးသစ်ဆိုင်ရာမွမ်းမံသင်တန်းများပေးရန် အစီအစဉ်များ ရေးဆွဲပြီးပြီလား။

သင်ကြားရေးအတွက် ဆွေးနွေးခန်းများအပါအဝင် စာသင်ဆောင်များ အဆင်သင့်ဖြစ်ရဲ့လား။ ကျောင်းတွေမှာ မှီငြမ်းစာအုပ်စာတမ်းများ အပြည့်အစုံပါဝင်သည့် အဆင့်မြင့်စာကြည့်တိုက် ပြင်ဆင်ပြီးပြီလား။ ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် ဓာတုပစ္စည်းများ အလုံအလောက်ရှိသည့် သိပ္ပံလက်တွေ့ခန်းများရော ပြင်ဆင်ပြီးပြီလား။

ဤမေးခွန်းများအတွက် ပြင်ဆင်ပြီးဖြစ်နေရန် အရေးကြီးပါသည်။ ထို့အပြင် အထက်ဖော်ပြပါ မေးခွန်းများထက် ပိုမိုအရေးကြီးသည့်မေးခွန်းတစ်ခု ရှိနေပါသေးသည်။ ထိုမေးခွန်းမှာ အခြေခံပညာကျောင်းများတွင် လိုအပ် လျက်ရှိသည့် ဆရာအင်အားကို မည်သည့်နည်းဖြင့် ဖြေရှင်းပေးမည်နည်းဆိုသည့်မေးခွန်း ဖြစ်ပါသည်။

လက်ရှိမြန်မာနိုင်ငံတွင် ပညာရေးတက္ကသိုလ် (သို့မဟုတ်) ပညာရေးကောလိပ်ကျောင်းဆင်းများကို အခြေခံပညာကျောင်းများတွင် ထက်၊ လယ်၊ မူ ဆရာများအဖြစ် ခန့်အပ်လျက်ရှိသည်။ အခြေခံပညာမူလတန်းကျောင်းများတွင် ဆရာ၊ ကျောင်းသားအချိုးလျှော့ချရန် လိုအပ်ခြင်းနှင့် ကျောင်းအုပ် တစ်ယောက်၊ မူပြ လေးယောက် ခန့်ထားသည့်စနစ်ကို ကျင့်သုံးခြင်းတို့ကြောင့် ဆရာများ ဖြည့်စွက်ခန့်ထားခဲ့ရာ ပညာရေးကောလိပ်ဆင်းဆရာ အင်အားလုံလောက်မှုမရှိသည့်အတွက် ဘွဲ့ရများအား နေ့စားလပေးဆရာများအဖြစ် ခန့်အပ်ခဲ့ရသည်။

၂၀၁၅ ခုနှစ် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန၏ စာရင်းအင်းအရ မြန်မာနိုင်ငံတွင် အခြေခံပညာမူလတန်းကျောင်းပေါင်း လေးသောင်းကျော်ရှိပြီး မူလတန်းကျောင်းသား ငါးသန်းကျော်ရှိကာ မူလတန်းဆရာပေါင်း တစ်သိန်းခွဲကျော် ရှိပါသည်။ မူလတန်းဆရာ တစ်သိန်းခွဲကျော်အနက် ပညာရေးကောလိပ်ဆင်းဆရာအရေအတွက်မှာ ခြောက်သောင်းခွဲဝန်းကျင်ရှိပြီး ကျန်ရှစ်သောင်းခွဲကျော်သောဆရာများမှာ ဆရာအတတ်သင်လက်မှတ်မရရှိထားသော ဆရာများဖြစ်နေပါသည်။ တစ်ဖန် ပညာရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြေညာစာအရ မူလတန်းကျောင်းတစ်ကျောင်းတွင် ကျောင်းအုပ် တစ်ယောက်၊ မူပြ ခြောက်ယောက်၊ ထွေလုပ်သား တစ်ယောက် ခန့်ထားခွင့်ပြုခဲ့ရာ ထိုအချိန်က နောက်ထပ် မူပြ တစ်သိန်းနှစ်သောင်းကျော် ထပ်မံခန့်ထားရဦးမည်ဖြစ်သည်။ ဤမျှများပြားသော အရေအတွက်ကို ပညာရေးကောလိပ်များမှ အချိန်မီမွေးထုတ်မပေးနိုင်လျှင် ဆရာအတတ်ပညာလက်မှတ်မဲ့များကို ထပ်မံခန့်ထားရဦးမည်ဖြစ်၍ ဆရာအတတ်ပညာ လက်မှတ်မဲ့မူပြဆရာ ရာခိုင်နှုန်းမြင့်တက်လာဦးမည် ဖြစ်သည်။

*“အရည်အသွေးပြည့်ဝသော ဆရာများကသာလျှင် အရည်အသွေးပြည့်ဝသော ပညာရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည့်အတွက် ပညာရေးမူဝါဒချမှတ်သူများ၊ အဆုံးအဖြတ်ပေးမည့်သူများအနေဖြင့် ဆရာအတတ်ပညာရေးကို အလေးအနက်ထား စဉ်းစားဆုံးဖြတ်ပေးနိုင်ကြပါစေကြောင်း”*

လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်ဖြစ်သွားမည်ဆိုပါက ဆရာတစ်ယောက်ဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးရန် အချိန်လေးနှစ်တာကာလ လိုအပ်တော့မည်ဖြစ်သည်။ အခြေခံပညာအတွက် ဆရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် လေးနှစ်စောင့်နိုင်ပါမည်လား၊ မစောင့်နိုင်လျှင် ဤပြဿနာကို မည်သို့ဖြေရှင်းပေးနိုင်မည်နည်း။ စာပေပညာဘွဲ့ရများကို နေ့စားလပေးထပ်ခန့်ဦးမည်လား။ ဤသို့ဆိုလျှင် အခြေခံပညာကဏ္ဍတွင် ဆရာအတတ်သင် လက်မှတ်မရှိသူရာခိုင်နှုန်း တိုးလာမည်ဖြစ်၍ မုန့်လုံးစက္ကူကပ်သံသရာမှ မည်သို့ရုန်းထွက်နိုင်မည်နည်း။

အဆိုပါ ဆရာအတတ်ပညာလက်မှတ်မရှိသူ ဆရာများအတွက် လုပ်ငန်းခွင်သင်တန်းများမည်သို့ စီစဉ်ပေးနိုင်မည်နည်း။ ပညာရေးဒီဂရီကောလိပ်များမှ လုပ်ငန်းခွင်ဆရာဖြစ်သင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးနိုင်ပါမည်လား။ နှစ်နှစ်အတွင်း ဆရာမွေးထုတ်ပေးနေသည့် ဆရာအတတ်သင်လက်မှတ် ဒီပလိုမာသင်တန်းများရော ဆက်လက်ဖွင့်လှစ်ပေးနိုင်ပါဦးမည်လား။ ဤသို့ဆိုပါက ပညာရေးဒီဂရီကောလိပ်များတွင် ဆရာအင်အား လုံလောက်အောင် မည်သို့စီစဉ်မည်နည်း။ တစ်ဖန် နှစ်နှစ်သင်တန်းဆင်းဒီပလိုမာများဘဝ ဆက်လက်မြင့်မားရေးအတွက် မည်သည့်အစီမံများ ဆောင်ရွက်ပေးမည်နည်း။

ပညာရေးကောလိပ်အားလုံး အဆင့်မြှင့်တင်ရန် အဆင်သင့်မဖြစ်သေးပါက မည်သည့်ကောလိပ်များ အဆင်သင့်ဖြစ်နေကြပြီနည်း၊ ကျောင်းပေါင်းအရေအတွက် မည်မျှအဆင့်မြှင့်တင်နိုင်မည်နည်း။

အထက်ဖော်ပြပါမေးခွန်းအားလုံးအတွက် အဖြေများ အဆင်သင့်ရှိနေပြီဟု ယုံကြည်လိုပါသည်။ အဆင့်မြှင့်တင်လိုက်သော ဒီဂရီကောလိပ်များအားလုံး အရည်အသွေးမြင့်မားစေလိုသောဆန္ဒသာလျှင် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသောပညာရေးသည် ပဓာနကျသကဲ့သို့ ထိုပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆရာများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ အရည်အသွေးပြည့်ဝသောဆရာများကသာလျှင် အရည်အသွေးပြည့်ဝသော ပညာရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည့်အတွက် ပညာရေးမူဝါဒချမှတ်သူများ၊ အဆုံးအဖြတ်ပေးမည့်သူများအနေဖြင့် ဆရာအတတ်ပညာရေးကို အလေးအနက်ထား စဉ်းစားဆုံးဖြတ်ပေးနိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ။

# ကျောက်ဂူ-နောင်ဝိုး-နမ့်လန်လမ်းနှင့် ဂုတ်ထိပ်တံတား တည်ဆောက်မည့်နေရာအား ဒုတိယဝန်ကြီး ဦးကျော်လင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ဧပြီ ၂၈ ရက်တွင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော လားရှိုး-ဘူတာရုံလမ်း ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် Oriental Highway Co.,Ltd မှ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော နောင်ချို - လားရှိုးလမ်းအပိုင်း မိုင် (၁၄၉/၅) အနီး စဉ့်အင်သံပေါင် တံတားကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် မြောက်ပိုင်း ဆက်သွယ်ဖောက်လုပ်နေသော ကျောက်ဂူ-နောင်ဝိုး-နမ့်လန်လမ်း အပိုင်း မိုင် (၃၆/၂) အနီး ကျောက်ချောလမ်းခင်းခြင်းနှင့် ပေ ၄၀ အကျယ် လမ်းတာပေါင်တိုးချဲ့ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ထို့နောက် ဒုတိယဝန်ကြီးသည် Oriental Highway Co.,Ltd ၏ နောင်ချိုနှင့် ကျောက်မဲအကြား ဂုတ်ထိပ်တံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ဂုတ်ထိပ်လမ်းအပိုင်းသည် ယာဉ်အသွားအလာများပြီး ယာဉ်ပိတ်ဆို့မှုများ မကြာခဏဖြစ်သဖြင့် တံတားတည်ဆောက်ခွင့်အမြန်ရရှိရေး သက်ဆိုင်ရာဌာနသို့ အမြန်တင်ပြသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

**သတင်းစဉ်**

## တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၉ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားများသို့ ၂၀၁၉ ခုနှစ် မေလ ၆ ရက်နေ့မှ စတင်ထုတ်ချေးပေးမည် ဖြစ်ပါသည်။ ချေးငွေနှုန်းထားမှာ စပါးသီးနှံကို တစ်ဧကကျပ် ၁၅၀၀၀၀ ( တစ်သိန်းခွဲနှုန်း )၊ အခြားသီးနှံများကို တစ်ဧကကျပ် ၁၀၀၀၀၀ ( တစ်သိန်းနှုန်း ) ဖြင့် ယခင်နှစ်ကကဲ့သို့ တောင်သူတစ်ဦးချင်း၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ( ပုံစံ - ၇ ) မူရင်းကို ဘဏ်သို့အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦးချင်း ကိုယ်တိုင်အာမခံသည့်စနစ်ဖြင့် ထုတ်ချေးပေးမည်ဖြစ်ပါသည်။

၂။ ယခုအစိုးရကာလ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စပါးချေးငွေနှုန်းထားကို တစ်ဧက ကျပ်တစ်သိန်းမှ တစ်သိန်းခွဲသို့လည်းကောင်း၊ အခြားသီးနှံကို ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် ကျပ်နှစ်သောင်းမှ ငါးသောင်းသို့လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ကျပ်ငါးသောင်းမှ တစ်သိန်းသို့လည်းကောင်း ချေးငွေနှုန်းထား သုံးကြိမ်တိုးမြှင့်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ၂၀၁၉ မိုးချေးငွေ ထုတ်ချေးရေးကာလနှင့် ပြန်လည်ပေးဆပ်ရမည့်ကာလမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | |
|---|---|
| (က) ချေးငွေထုတ်ချေးခြင်း | ၂၀၁၉ ခုနှစ်၊ မေလမှ စက်တင်ဘာလကုန်ထိ |
| (ခ ) ချေးငွေပြန်လည်ပေးဆပ်ခြင်း | ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၅ ရက်နေ့ နောက်ဆုံးထားပေးဆပ်ရပါမည် |

၄။ တောင်သူများအနေဖြင့် ချေးငွေအဆိုပြုလွှာများကို အချိန်မီတင်ပြနိုင်ရေးအတွက် မိမိတို့ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ချေးငွေစိစစ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

# ဇွဲကပင်တောင်တက်ကေဘယ်လ်ပြီးစီးပါက ဆံတော်ရှင်ကိုဖူးမြော်ရန် ၄ မိနစ်ခန့်သာကြာမြင့်မည်

**ဘားအံ ဧပြီ ၃၀**

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဇွဲကပင်တောင်ပေါ်နှင့် လုမ္ဗိနီဥယျာဉ်တွင် တပ်ဆင်တည်ဆောက်မည့် လူ ၅၀ စီးနိုင်သော ဇွဲကပင်ကေဘယ်လ်ကား စီမံကိန်းမှ ကေဘယ်လ်ကရိန်းငယ်နှင့်ဆက်စပ်ပစ္စည်းများကို ဧပြီ ၂၉ ရက်က စတင်ပြီး တပ်မတော်(လေ)မှ MI-17 အမျိုးအစား ရဟတ်ယာဉ်တစ်စီးဖြင့် ဇွဲကပင်တောင်ပေါ်သို့ စတင်သယ်ဆောင်နေကြောင်း သိရပြီး တပ်ဆင်ပြီးစီးပါက တောင်ခြေမှ တောင်ထိပ်သို့ တစ်ကြိမ်လျှင် လူ ၅၀ စီးနိုင်ပြီး ဇွဲကပင်တောင်ထိပ်တွင် တည်ထားကိုးကွယ်တော်မူသော ဇွဲကပင်ဆံတော်ရှင်စေတီကို အချိန်အနည်းငယ်အတွင်း ဖူးမြော်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။



ဇွဲကပင်ကေဘယ်လ်ကား စီမံကိန်းတွင် အသုံးပြုမည့်ပစ္စည်းများကို ရဟတ်ယာဉ်ဖြင့် သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရပြီး စီမံကိန်းကို ချစ်လင်းမြိုင် တိုယိုတာ ကုမ္ပဏီလီမိတက်နှင့် ဇွဲကပင်မြေ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်တို့က အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။ ကေဘယ်လ်ကားတည်ဆောက်ခြင်းကို မြန်မာ့ဇာတိမြေ အများနှင့်သက်ဆိုင်သော ကုမ္ပဏီက တာဝန်ယူ တည်ဆောက်မည်ဖြစ်ကာ လူ ၅၀ လိုက်ပါစီးနင်းနိုင်သည့် ကေဘယ်လ်ကားနှစ်စီးပါဝင်၍ အမြင့်မီတာ ၆၈၀၊ အကွာအဝေး ၁၅၅၈ ဒသမ ၅၀ မီတာ ဖြစ်သည်။

ဆံတော်ရှင်တည်ရှိရာ ဇွဲကပင်တောင်တန်းမှာ အမြင့်ပေ ၂၇၂၇ ပေရှိပြီး ကျန်းမာရေးကောင်းသော လူငယ်များ ခြေကျင်တက်မည်ဆိုပါက အချိန်တစ်နာရီခွဲကျော်ကြာမြင့်သည်။ အသက်အရွယ်ကြီးသူများနှင့် ကျန်းမာရေးအားနည်းသူများ အနေဖြင့် အချိန် ၂ နာရီကျော်ကြာမြင့်ကာ အတက်အဆင်း ၅ နာရီခန့်အချိန်ပေးတက်ကြရ၍ ကေဘယ်လ် ကားစီမံကိန်းပြီးစီးပါက ဇွဲကပင် တောင်ထိပ်အထိ အချိန် ၄ မိနစ်ခန့်သာကြာမြင့်မည်ဖြစ်ရာ ကရင်ပြည်နယ်အတွင်း ပြည်တွင်း ပြည်ပ ခရီးသွားများနှင့် ဘုရားဖူးဧည့်သည်များ ပိုမိုစည်ကားလာမည်ဖြစ် ကြောင်းသိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# သထုံမြို့နယ်တွင် သောက်သုံးရေရှားပါးသည့်ရပ်ကွက်များအား သောက်သုံးရေများ သွားရောက်လှူဒါန်း

**သထုံ ဧပြီ ၃၀**

ပူပြင်းခြောက်သွေ့သော နွေရာသီကာလသို့ ရောက်ရှိလာသည်နှင့် သထုံမြို့နယ်အတွင်းရှိ အချို့သောနေရာများတွင် သောက်သုံးရေရှားပါးမှုနှင့် ကြုံနေရခြင်းကြောင့် ရပ်ကွက်နေပြည်သူများအဆင်ပြေစေရန်အတွက် သထုံယာဉ်ထိန်းတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ တုနိုင်းမဲ့ (စေတနာ) ရေလှူအဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်(စုပေါင်း)ရေလှူအသင်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဧပြီ ၃၀ ရက် နံနက် ၈ နာရီ၌ သထုံမြို့နယ် လိပ်အင်းရပ်ကွက် ပိတောက်မြိုင်လမ်း ပေါ်တော်မူ ကျေးရွာ ကျောက်လုံးကြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဒေသခံပြည်သူများထံ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# သောက်သုံးရေအခက်အခဲကြုံနေသည့် ပြည်သူများအား သောက်သုံးရေ သွားရောက်လှူဒါန်း

**သံဖြူဇရပ်**

သံဖြူဇရပ်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအများစုရှိပြည်သူများ သောက်သုံးရေပြတ်လပ်မှုများနှင့်ကြုံတွေ့နေရခြင်းကြောင့် မြို့နယ်ရေပေးဝေ လှူဒါန်းရေးအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် အလှူရှင်အချို့က သောက်သုံးရေများ နေ့စဉ်ဖြန့်ဝေလှူဒါန်းပေးနေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ခရမ်း**

ခရမ်းမြို့ အမှတ် (၉) ရပ်ကွက်နှင့် ပန်းတောချောင်ကျေးရွာ ဆင်မင်းအိုင်၊ အထက်ခမက်၊ မှော်ကန်တဲစုကျေးရွာများသို့ ဧပြီ ၂၉ ရက် ညနေ ၄ နာရီက ခရမ်းမြို့နယ် လူမှုရေးရာ ကူညီမှုအသင်းက သောက်သုံးရေများလှည့်လည်လှူဒါန်းပေးခဲ့သည်။

ခရမ်းမြို့နယ် လူမှုရေးရာကူညီမှုအသင်းက ခရမ်းမြို့နယ် ဆင်မင်းအိုင်ကျေးရွာသို့ ရေဘောက်ဆာ နှစ်စီးဖြင့် ငါးဂါလန်ဝင်သောက်ရေပုံး ၁၄၀၊ ပန်းတောချောင်ကျေးရွာသို့ ငါးဂါလန်ပုံး ၈၀၊ မှော်ကန်တဲစုသို့ ငါးဂါလန်ပုံး ၈၀ နှင့်အထက်ခမက်ကျေးရွာသို့ ငါးဂါလန်ဝင်ပုံး ၈၀၊ အမှတ် ၉ ရပ်ကွက်သို့ ရေဘောက်ဆာတစ်စီးဖြင့် ငါးဂါလန်ဝင်ပုံး ၁၄၀ တို့ကို လှည့်လည်လှူဒါန်းပေးခဲ့ပြီး လိုအပ်မှုရှိပါက ထပ်မံ၍ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**

**ဘော်လခဲ**

ကယားပြည်နယ် ဘော်လခဲမြို့နယ်သည် ယခင်နှစ်အမြင့်ဆုံးအပူချိန် ၄၂ ဒီဂရီစင်တီဂရိတ်ရှိပြီး ယခုနှစ်တွင် အမြင့်ဆုံးအပူချိန်မှာ ၄၄ ဒီဂရီစင်တီဂရိတ်ထိ တိုးမြင့်ခဲ့ခြင်းကြောင့် သောက်သုံးရေ ရှားပါးလျက်ရှိသည်။

ဘော်လခဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် လူဦးရေ ၂၆၂ ဦးရှိသည့် ဘူးခူကျေးရွာသို့ ဂါလန် ၆၀၀ ဆံ့ ရေသယ်ယာဉ် နှစ်စီးဖြင့် နှစ်ကြိမ်နှင့် လူဦးရေ ၂၂၁ ဦးရှိသည့် ဒေါ်စဲခူကျေးရွာသို့ ဂါလန် ၆၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးဖြင့် တစ်ကြိမ် စုစုပေါင်း ဂါလန် ၃၆၀၀ ကို ကျေးရွာအရောက် သွားရောက်ထောက်ပံ့ကူညီပေးခဲ့သည်။

**ကိုစိုင်း (လွိုင်ကော်)**

**ဘိုကလေး**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျေးရွာအုပ်စု စကားလွန်ကျေးရွာရှိ ပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရေးအတွက် သောက်သုံးရေ ဖြန့်ဝေလှူဒါန်းပွဲကို ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီက စကားလွန်ကျေးရွာ၌ ကျင်းပသည်။

ယင်းသောက်သုံးရေလှူဒါန်းခြင်းကို ဘိုကလေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ရေဂါလန် ၁၈၀၀ဆံ့ မီးသတ်ယာဉ်ဖြင့်စကားလွန်ကျေးရွာသို့သွားရောက် ဖြန့်ဝေခဲ့ကြသည်။

အဆိုပါ ဘိုကလေးမြို့နယ် စကားလွန်ကျေးရွာရှိ အိမ်ခြေ ၁၂၄ လုံး၊ လူဦးရေ ၅၆၆ ဦးတို့ သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် သွားရောက်ဖြန့်ဝေ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

**မင်းလှ**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ကျေးရွာနှစ်ရွာ၌ ရေဂါလန် ၄၇၁၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိမ်ခြေ ၂၀၀၊ လူဦးရေ ၈၆၀ ကျော်နေထိုင်သည့် ကညင်ကြီးကျေးရွာတွင် ရေဂါလန် ၂၅၅၀၊ အိမ်ခြေ ၈၀၊ လူဦးရေ ၂၉၀ ကျော်ရှိ မလွန်စမ်းကျေးရွာတွင် ရေဂါလန် ၂၁၆၀ ကို ကျေးရွာမြေသားရေကန်မှ ရေများကို ဌာနပိုင်ရွှေ့လျားရေသန့်ယာဉ်ဖြင့် ရေသန့်စင်ပြီး ဖြန့်ဝေပေးခြင်းဖြစ်သည်။

**ငြိမ်းငြိမ်း(မင်းလှ)**

## တိုတိုထွာထွာဖတ်စရာ

### အသည်းရောင် ဘီပိုး၊ စီပိုး ရှိ၊ မရှိ အခမဲ့စစ်ဆေးပေး

**စစ်ကိုင်း**

မြန်မာအသည်းဖောင်ဒေးရှင် Myanmar Liver Foundation က အသည်းရောင် ဘီပိုး၊ စီပိုး ရှိ-မရှိ အခမဲ့စစ်ဆေးခြင်းကို ဧပြီ ၂၈ ရက် နံနက် ၈ နာရီက စစ်ကိုင်းမြို့မဈေး အပေါ်ထပ်၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

စစ်ကိုင်းမြို့ပေါ်ရှိ ပြည်သူ ၅၀၀ ကျော်တို့ကို သွေးဖောက်စစ်ဆေးပေးပြီး ဘီပိုးကာကွယ်ဆေးများ အခမဲ့ ထိုးပေးကြသည်။ **ကိုမင်း(အင်းတော်)**

### တိုက်ပွဲရှောင်အိမ်ထောင်စု ၄၇၉ စုအား ဆန်ရိက္ခာထောက်ပံ့

**ဘူးသီးတောင်**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် တိုက်ပွဲများကြောင့် စေတီတောင်ကျေးရွာစာသင်ကျောင်း၌ တိုက်ပွဲရှောင်သူများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက စားနပ်ရိက္ခာထောက်ပံ့ပေးအပ်ခြင်းကို ဧပြီ ၂၉ ရက် ညနေပိုင်းက ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုက်ပွဲရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာထောက်ပံ့ပေးခြင်းကို တတိယအကြိမ် ထောက်ပံ့ခြင်းဖြစ်ပြီး တိုက်ပွဲရှောင်ပြည်သူများမှာ အိမ်ထောင်စု ၄၇၉ စု၊ လူဦးရေ ၁၈၀၄ ဦးတို့အား ဆန် ၅၆၃ အိတ်၊ ၁၈ ပြည်၊ တစ်လစာ ထောက်ပံ့ပေးကာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစည်သူလွင်က အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဘောလုံးနှင့် အခြေခံသိုင်းသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော်**

နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးပြီး "မြတ်ဆုမွန်"လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီဘောလုံးနှင့် အခြေခံသိုင်းသင်တန်းဆင်းပွဲကို ဧပြီ ၂၉ ရက် ညနေ ၄ နာရီက ပျဉ်းမနားမြို့နယ် သစ်လေးလုံးအခြေခံပညာအထက်တန်းကျောင်းဝင်းတွင် ကျင်းပသည်။

နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်ထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများက "သိုင်း"ပြကွက်များဖြင့် သရုပ်ပြကြကာ ညွှန်ကြားရေးမှူး ဦးတင်ဇော်ထွန်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

နွေရာသီ အခြေခံသိုင်းသင်တန်းကို သစ်လေးလုံး၊ ပုရွက်ဆိတ်ကုန်းကျေးရွာတို့မှ သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလတစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# နယ်ထိန်းအရာရှိ လုပ်ငန်းခွင်မွမ်းမံသင်တန်းဖွင့်

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် နယ်ထိန်းအရာရှိ လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၉)သင်တန်းဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ (၂) ၌ ဧပြီ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်က သင်တန်းဖွင့်မိန့်ခွန်း ပြောကြားခဲ့ပြီး အခမ်းအနားသို့ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းမင်းသိန်း၊ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး လှရီ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဌာနခွဲမှူးများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားရဲတပ်ဖွဲ့ဝင်အရာရှိ ၂၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို ဧပြီ ၂၉ ရက်မှ မေ ၁၀ ရက်ထိ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## မန်ယူဂိုးသမားဒီဂီယာကို ပေါင်သန်း ၉၀ နဲ့ ကမ်းလှမ်းမယ့် ပီအက်စ်ဂျီ

မန်ယူအသင်းဟာ လက်ရှိဂိုးသမား ဒီဂီယာရဲ့နေရာမှာ အက်သလက်တီကို မက်ဒရစ်အသင်းဂိုးသမား ဂျန်အောဘလက်နဲ့ အစားထိုးဖို့စီစဉ်နေတယ်ဆိုတဲ့သတင်းတွေထွက်ပေါ်လာချိန်မှာ ဂိုးသမားဒီဂီယာကို ပီအက်စ်ဂျီအသင်းက ခေါ်ယူဖို့ပစ်မှတ်ထားလာခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ပီအက်စ်ဂျီအသင်းဆီကနေ ထွက်ပေါ်လာတဲ့သတင်းတွေအရ ဒီဂီယာကိုခေါ်ယူဖို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၉၀ အထိ ပေးပြီး ကမ်းလှမ်းသွားမယ်လို့လည်း သိရပါတယ်။ အဲဒီလို ကမ်းလှမ်းခဲ့ရင် ဂိုးသမားဒီဂီယာဟာ ပီအက်စ်ဂျီအသင်းမှာ တစ်ပတ်လုပ်ခလစာပေါင် ၄၅၀၀၀၀ ရရှိမှာလည်းဖြစ်ပါတယ်။ ဂိုးသမားဒီဂီယာဟာ မန်ယူအသင်းမှာ တစ်ပတ် လုပ်ခလစာပေါင် နှစ်သိန်းရရှိထားပြီး လက်ရှိစာချုပ် သက်တမ်းကလည်း လာမယ့်ဇွန်လအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ ဒီဂီယာကို အရင်က ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့စီစဉ်ခဲ့ပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့ကစားခဲ့တာမရှိခဲ့ဘဲ မန်ယူအသင်းကနေထွက်ခွာဖို့ အကြောင်းဖန်လာချိန်မှာ ပီအက်စ်ဂျီအသင်းရဲ့ စိတ်ဝင်စားမှုကို ကြားသိခဲ့ရတာဖြစ်ပါတယ်။ လက်ရှိအနေအထားအရ ဂိုးသမားဒီဂီယာအနေနဲ့ ရာသီကုန်ချိန် ပရီမီယာလိဂ်အမှတ်ပေးဇယားမှာ မန်ယူအသင်းဘယ်အဆင့်မှာ ရပ်တည်သွားမလဲဆိုတာလည်း စောင့်ကြည့်သွားဦးမယ်လို့ ဆိုပါတယ်။ အဲဒါဟာ ဂိုးသမားဒီဂီယာရဲ့ မန်ယူအသင်းနဲ့ အနာဂတ်အတွက် ဆုံးဖြတ်ချက်ဖြစ်လာမှာ ဖြစ်ပေမယ့် ပီအက်စ်ဂျီအသင်းကတော့ ပြင်သစ်မြေကို ပြောင်းရွှေ့လာခဲ့မယ်ဆိုရင် ချန်ပီယံလိဂ်မှာ ပုံမှန်ကစားခွင့်ရရှိမယ်လို့ ကတိပြုနိုင်တယ်ဟု ဆိုပါတယ်။

## ရာသီကုန်အထိ အနားယူရတော့မယ့် ဟယ်ရီဝင့်ခ်

စပါးအသင်းကွင်းလယ်ကစားသမား ဟယ်ရီဝင့်ခ်ဟာ ပေါင်ဒဏ်ရာရရှိထားတာကြောင့် အခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရတော့မှာဖြစ်ပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိ ဟယ်ရီဝင့်ခ်ဟာ ဧပြီလအစပိုင်းက ပရီမီယာလိဂ်ပြိုင်ဘက် မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီဒဏ်ရာကုသမှုခံယူရမှာဖြစ်လို့ ဟယ်ရီဝင့်ခ်အနေနဲ့ စပါးအသင်းနဲ့အတူ ပါဝင်ကစားနိုင်မှာမဟုတ်ဘဲ ပရီမီယာလိဂ် လက်ကျန်နှစ်ပွဲနဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာ လွဲချော်ရတော့မှာဖြစ်ပါတယ်။ ဟယ်ရီ ဝင့်ခ်ဟာ ၂၀၁၄ ခုနှစ်ကစပြီး စပါးအသင်းမှာ ပါဝင်ကစားခဲ့သူဖြစ်ပြီး လက်ရှိအချိန်အထိ ၆၄ ပွဲပါဝင်ကစားထားကာ သွင်းဂိုးနှစ်ဂိုး သွင်းယူထားနိုင်ခဲ့ပါတယ်။

## မန်စီးတီးနောက်ခံလူ ဒန်နီလိုကို ခေါ်ယူဖို့ ဆွေးနွေးမှုတွေပြုလုပ်နေတဲ့ အင်တာမီလန်

အင်တာမီလန်အသင်းဟာ မန်စီးတီးအသင်းရဲ့နောက်တန်းကစားသမား ဒန်နီလိုကို ခေါ်ယူဖို့ဆွေးနွေးမှုတွေ ပြုလုပ်နေပါတယ်။ ဘရာဇီးဘယ်နောက်ခံကစားသမားဒန်နီလိုဟာ အခုနှစ်ဘောလုံးရာသီမှာ ၂၁ ပွဲပါဝင်ကစားခွင့်ရရှိခဲ့ပေမယ့် အီတလီစီးရီးအေကို ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတဲ့ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဒါကြောင့်အင်တာမီလန်အသင်းက ဒန်နီလိုကို ခေါ်ယူဖို့ သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုဖို့ ဆန္ဒရှိနေပြီး ပြောင်းရွှေ့ကြေးပေါင် ၁၈ သန်းနဲ့ ခေါ်ယူမယ်လို့လည်း ဆိုပါတယ်။ မန်စီးတီးအသင်းဟာ ၂၀၁၇ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းကနေ ဒန်နီလိုကို ခေါ်ယူဖို့ ပြောင်းရွှေ့ကြေးပေါင် ၂၆ ဒသမ ၅ သန်းပေးခဲ့ရတာလည်းဖြစ်ပါတယ်။ ဒန်နီလိုဟာ ဘရာဇီးလက်ရွေးစင်အသင်းနဲ့အတူ ၂၃ ပွဲပါဝင်ကစားခွင့်ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းကို မပြောင်းရွှေ့မီ ပေါ်တူဂီကလပ်ပေါ်တိုအသင်းနဲ့အတူ ပေါ်တူဂီပြည်တွင်းလိဂ်ဖလား နှစ်ကြိမ်အထိရယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းကို ရောက်ရှိလာစဉ်မှာလည်း ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်၊ လာလီဂါဖလားတစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားတစ်ကြိမ်နဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလားတစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။



ဟယ်ရီဝင့်ခ်

ဒီဂီယာ

## ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးဆုများ ဆွတ်ခူးနိုင်ခဲ့တဲ့ ဗန်ဒိုက်နဲ့ မီဒီမာ

လီဗာပူးအသင်းရဲ့နောက်တန်းကစားသမားဗန်ဒိုက်နဲ့ အာဆင်နယ်အသင်းတိုက်စစ်မှူး မီဒီမာတို့ဟာ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီအတွက် ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့(ပီအက်ဖ်အေ)က ပေးအပ်တဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုတွေကို ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။ အသက် ၂၇ နှစ် အရွယ် ဗန်ဒိုက်ဟာ စတာလင်၊ ဘာနာဒိုဆေးလ်ဗား၊ ဆာဂျီယိုအဂူရို၊ ဆာဒီယို မာနေး၊ အေဒင်ဟာဇက်စတဲ့ကစားသမားတွေကို ကျော်ဖြတ်ပြီး ဒီဆုကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ မန်စီးတီးတောင်ပံကစားသမား စတာလင်ကတော့ ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုကို ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်တိုက်စစ်မှူး မီဒီမာကတော့ ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးအမျိုးသမီးဆုကို စတက်ဟုဂျ်တန်၊ ပါရစ်၊ ကီရာဝေါလ် စတဲ့ကစားသမားတွေကို ကျော်ဖြတ်ပြီး ရရှိခဲ့တာဖြစ်ပါတယ်။ မီဒီမာဟာ အာဆင်နယ်အသင်းကို ၂၀၁၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအမျိုးသမီးစူပါလိဂ်ဖလားကို ရယူပေးနိုင်ခဲ့ရာမှာ အဓိကပါဝင်ခဲ့တဲ့ ကစားသမားလည်းဖြစ်ပါတယ်။ မီဒီမာဟာ အခုနှစ်ဘောလုံးရာသီမှာ အာဆင်နယ်အသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ် ၄၆ ပွဲပါဝင်ကစားပေးခဲ့ရာမှာ ၃၉ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းကတော့ အခုနှစ်မှာ အခြားသော ဆုနှစ်ဆုကိုလည်း ရယူနိုင်ခဲ့တာဖြစ်ပြီး အင်္ဂလန်တိုက်စစ်မှူး စတန်ဝေးက အမျိုးသမီးလူငယ်အကောင်းဆုံးဆုနဲ့ အသင်းခေါင်းဆောင် ဟုဂျ်တန်က ပီအက်ဖ်အေရဲ့ အထူးအောင်မြင်မှုအရှိဆုံးဆုတို့ကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းနောက်တန်းကစားသမား ဗန်ဒိုက်ဟာ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက ပီအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရရှိခဲ့တဲ့ မိုဟာမက်ဆာလာကို ကျော်ဖြတ်ကာ အခုဆုကို ရယူနိုင်ခဲ့တာဖြစ်လို့ ၂၀၀၄-၂၀၀၅ ခုနှစ်က ချယ်လ်ဆီးနောက်တန်းကစားသမား ဂျွန်တယ်ရီ ပီအက်ဖ်အေတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုရရှိပြီးနောက်ပိုင်း နောက်တန်းကစားသမားတစ်ဦးအနေနဲ့ ပထမဆုံး ပီအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံးဆုကို ရရှိခဲ့တာဖြစ်ပါ တယ်။ ဗန်ဒိုက်ဟာ အခုနှစ်ဘောလုံးရာသီမှာ လီဗာပူးအသင်းရဲ့အဓိကကစားသမားတစ်ဦးဖြစ်ခဲ့ပြီး ပရီမီယာလိဂ်ပွဲစဉ်တိုင်းလည်း ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်ပါတယ်။ အခုနှစ် ဘောလုံးရာသီမှာ လီဗာပူးအသင်းပရီမီယာလိဂ်ပွဲစဉ်၃၆ ပွဲကစားအပြီးမှာ ၁၉ ပွဲက ဗန်ဒိုက်ရဲ့ နောက်တန်းခံစစ်ပိုင်း ကောင်းမွန်မှုနဲ့အတူ ဂိုးမပေးခဲ့ရတာပဲဖြစ်ပါတယ်။

**နိုင်လင်းကြည်**

## အနုပညာ



## ကမ္ဘာကျော် ရက်ပ်တေးသံရှင်တွေ တွေ့ဆုံခဲ့ကြတဲ့ တေးဂီတဖျော်ဖြေပွဲ

လတ်တလော ကယ်လီဖိုးနီးယားက ကမ်းခြေမှာပြုလုပ်ခဲ့တဲ့ “Stagecoach 2019” တေးဂီတဖျော်ဖြေပွဲမှာတော့ ကမ္ဘာကျော် ရက်ပ်တေးသံရှင်တွေ တော်တော်များများ ပါဝင်ဆင်နွှဲခဲ့ကြတာကိုတွေ့ရပါတယ်။ တေးသံရှင် ပါရယ်ဝီလီယမ်စ်နဲ့အတူ အခြားသောရက်ပ်တေးသံရှင်တွေ တွဲဖက်ဖျော်ဖြေခဲ့ကြတာကိုလည်းတွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စနေနေ့က အဆိုပါ ဖျော်ဖြေပွဲမှာတော့ ကျော်ကြားတဲ့ ရက်ပ်တေးသံရှင်တွေဖြစ်ကြတဲ့ ပါရယ်ဝီလီယမ်စ်၊ ဂျေဇီး၊ မစ်စီအီလီယော့ထ်၊ စီယမ်ဒစ်ဒီကုမ်း စသူတို့ ပါဝင်ခဲ့ကြတာ တွေ့ရပါတယ်။ ဒ့ါအပြင် အာရန်ဘီတေးသံရှင်တွေလည်း ပါဝင်ဆင်နွှဲခဲ့ကြတယ်လို့ သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## ဂျွန်စိုးမီ၏ တစ်ကိုယ်တော်တေးအယ်လ်ဘမ် နှောင့်နှေးနေဦးမည်

အမျိုးသမီး တေးဂီတအဖွဲ့ “Produce 1O1” မှာ အဖွဲ့ဝင်တစ်ဦးအဖြစ်ပါဝင်ခဲ့ပြီး အောင်မြင်မှုတွေ ရလာခဲ့တဲ့ ပေ့ါပ်ကြယ်ပွင့် ဂျွန်စိုးမီဟာ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေတာဖြစ်ပါတယ်။ လတ်တလောမှာတော့ သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဟာ မျှော်မှန်းထားတဲ့အချိန်မှာ ထွက်ရှိနိုင်ခြင်းမရှိဘဲ နှောင့်နှေးနေဦးမှာဖြစ်ကြောင်း အေဂျင်စီဘက်က ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယခင်က ဂျွန်စိုးမီရဲ့တေးအယ်လ်ဘမ်ကို လာမယ့် မေ ၁ ရက်မှာ စတင်ထုတ်လွှင့်ဖို့ရာ ရည်ရွယ်ထားတာဖြစ်ပါတယ်။ သတင်းရင်းမြစ်တွေရဲ့ပြောကြားချက်အရ အေဂျင်စီရဲ့အတွင်းရေးပြဿနာတွေကြောင့် တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မယ့်ရက်ကို ရွှေ့ဆိုင်းခဲ့ပုံရပြီး လာမယ့် မေလကုန်ပိုင်းမှာတော့ စတင်ထုတ်လွှင့်ပေးနိုင်ခြေရှိတယ်လို့လည်း သိရပါတယ်။




## ကလေးတွေနဲ့အတူ ကော်ဇောနီပေါ် လျှောက်လှမ်းခဲ့တဲ့ ကယ်လီကလာ့ခ်ဆန်



ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ကယ်လီကလာ့ခ်ဆန်ဟာ လတ်တလောမှာတော့ အသံနဲ့ သူပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ရဲ့အထူးပွဲပြသခြင်းကို တက်ရောက်အားပေးခဲ့တာ တွေ့ရပါတယ်။ ကယ်လီကလာ့ခ်ဆန်ဟာ ဒီအခမ်းအနားရဲ့ ကော်ဇောနီပေါ်ကိုတော့ သူ့ရဲ့ခင်ပွန်းဖြစ်သူအပြင် ကလေးလေးဦးစလုံးကိုပါ ခေါ်ဆောင်လာခဲ့တာကိုတွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“Ugly Dolls” လို့အမည်ရတဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်မှာ ကယ်လီကလာ့ခ်ဆန်ဟာ အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ မောက်ဇီအဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ ဒ့ါအပြင် အဆိုပါရုပ်ရှင်ရဲ့ဇာတ်ဝင်တေးကိုလည်း သီဆိုပေးထားတာဖြစ်တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ စနေနေ့မှာတော့ အဆိုပါရုပ်ရှင်ကို နယူးယော့ခ်မှာ အထူးပွဲပြသခဲ့တာ ဖြစ်ပါတယ်။


MPT
ရွှေသို့လှမ်းချီမြန်မာပြည်
အလုပ်သမားနေ့
အား
ဂုဏ်ပြုကြိုဆိုပါ၏။

## (၂၆)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ(၁၀)ရက် တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားအနောက်ဘက်မုခ်၊ အောင်စကြာစာသင်တိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး(သန်လျင်)တွင် ဆရာတော် ဦးကေသဝ(ပျော်ဘွယ်) မိုးကုတ်ဓမ္မကထိက အရှင်သူမြတ်မှ ခန္ဓာဉာဏ်ရောက်သစ္စာတရားတော်များဟောကြားမည်ဖြစ်ပါ၍ တရားအားထုတ်လိုသော ဓမ္မမိတ်ဆွေများအား လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| တရားစခန်းပွဲရက်။ | ။ | ၈-၅-၂၀၁၉ရက်မှ ၁၈-၅-၂၀၁၉ရက်အထိ |
| တရားစခန်းပွဲဌာန။ | ။ | အောင်စကြာစာသင်တိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ ကျိုက်ခေါက်ဘုရားအနောက်ဘက်မုခ်အနီး၊ သန်လျင်မြို့နယ်။ |
| စုံစမ်းရန် ။ | ။ | ၀၉-၄၄၃၁၆၇၀၃၂၊ ၀၉-၂၅၃၇၈၆၉၀၀၊ ၀၉-၇၈၃၇၈၇၅၈၈ |
| ယောဂီလက်ခံမည့်။ အစီအစဉ် | ။ | ၁-၅-၂၀၁၉ရက်မှ ၇-၅-၂၀၁၉ရက်အထိ စာရင်းပေးသွင်းနိုင်ပါသည်။ |

## (၁၀)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

မေလ(၁)ရက်နေ့တွင် ကျရောက်သော ဦးလှိုင်ထွန်း+ဒေါ်စုစုလှိုင် တို့၏ (၁၀)နှစ်ပြည့် မင်္ဂလာ ရက်မြတ် မှသည် မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် ရတုအဆက်ဆက်တိုင်အောင် မင်္ဂလာရက်မြတ်ပေါင်းများစွာ ကိုပျော်ရွှင်ချမ်းမြေ့စွာ ဖြင့်ဆင်နွဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးအောင်ထွန်းနိုင်+ဒေါ်သီတာ မိသားစု

## တက်နေဝန်း

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

## မြေကွက်များဈေးကောင်းပေးဝယ်လိုသည်


ဒဂုံမြို့သစ်(အရှေ့၊ တောင်၊ မြောက်၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များဝယ်လိုသည်။
ပွဲခပေးရန်မလို
မညွန့် 01-2339310
01-2339355
01-578044
01-570721

## ရွှေမဟာ

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09 -5106146
09 -775106146

## ကုန်အမှတ်တံဆိပ် နှင့် အမည်အသိပေးကြေညာခြင်း

၁။ မန္တလေးမြို့ အမှတ် (၁၄၄)၊ ၃၄လမ်း၊ ၈၀ × ၈၁ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်နေ ဦးကျော်မင်း (၉/မရမ(နိုင်)၀၅၃၀၅၆)သည် အောက်ပါ Rainbow ကုန်အမှတ်တံဆိပ် နှင့် အမည်၏ တစ်ဦးတည်းမူပိုင် ပိုင်ရှင်ဖြစ်ပါသည်။




Regd : No 3607 / 2018

၂။ အထက်ပါ ကုန်အမှတ်တံဆိပ်နှင့် အမည်ကို စပရင်မွေ့ရာ၊ ရေမြှုပ်မွေ့ရာ၊ခေါင်းအုံး၊ဖက်လုံး၊အိပ်ရာခင်း၊စောင်နှင့် အိပ်ခန်းသုံး ပစ္စည်းအမျိုးမျိုး၊ ရေမြှုပ်နှင့်ဆက်စပ်သောပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးဆိုင်တွင် ဆိုင်းဘုတ် အမှတ်အသားနှင့် အမည်အဖြစ်အသုံးပြု၍သော်လည်းကောင်း၊ ရေမြှုပ်နှင့်ဆက်စပ်သောပစ္စည်းအမျိုးမျိုးနှင့် ငွေရပြေစာဖြတ်ပိုင်း၊ ဘောက်ချာများပေါ်တွင်လည်းကောင်း အဆိုပါ Rainbow အမှတ်တံဆိပ်နှင့်အမည်ကိုတိုက်ရိုက်နိုင်၍လက်လီလက်ကားဖြန့်ချီရောင်းချလျက်ရှိပါသည်။

၃။ မည်သူမဆိုအထက်ပါ ကုန်အမှတ်တံဆိပ်နှင့် အမည်များကိုတုပရိုက်နှိပ်ခြင်း၊ ရောင်းချခြင်းများပြုလုပ်ပါကတရားဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ဦးကျော်မင်း၏ လွှဲအပ်ချက်အရ
ဦးထွန်းကြည်
တရားလွှတ်တော်ရှေ့နေ (၂၂၇၈/၈၂)
LL.B, RL, Advocateship
အမှတ်(၇၃)၊ ၃၄လမ်း၊ ၇၆ × ၇၇ လမ်း
မန္တလေးမြို့ ၀၂-၆၀၄၄၁၊ ၀၉-၂၀၀၄၁၉၁

## သင့် သား၊ သမီးများရဲ့ ပညာရေး တိုးတက်စေရန် အင်္ဂလိပ်စာ လိုအပ်နေပါသလား?

AEC English Centre မှ သင်ကြားပို့ချလျက်ရှိသော English သင်တန်း များသည် တက္ကသိုလ် ပညာသင်ကြားရာတွင် အောင်မြင်စေရန် ကူညီပေးလျက်ရှိပါတယ်။

အသေးစိတ် သိရှိလိုပါက 09 7855 1 7855၊
09 4234 5 7700 သို့ ဆက်သွယ် စုံစမ်းနိုင်ပါတယ်။

AEC ENGLISH CENTRE

293 Shwedagon Pagoda Rd, Dagon Township, Yangon
www.studyenglish.com.mm
info@studyenglish.com.mm
09 7855 1 7855

In partnership with:
UTS Insearch
UNIVERSITY OF TECHNOLOGY SYDNEY

UTS Insearch CRICOS provider code: 00859D | UTS CRICOS provider code: 00099F
Insearch Limited (UTS Insearch) is a controlled entity of the University of Technology Sydney (UTS), and a registered private higher education provider of pathways to UTS.
328907848-AD_0419




မြန်မာနိုင်ငံ မှာ လာရောက် ရိုက်ကူးသွားတဲ့ ဇာတ်ကားအပါအဝင်
LINE WALKER ဇာတ်ကားများရဲ့ ကနဦး ဇာတ်လမ်းတွဲ များထဲက တစ်ခု ...

တိုက်ခိုက်ခန်းတွေ၊ ရဲ နဲ့ လူဆိုးကြား ဉာဏ်ကစားရတဲ့ ယှဉ်ပြိုင်မှုတွေ၊ ဇာတ်ကောင်တစ်ဦးစီရဲ့ စရိုက်နဲ့ခံစားချက်တွေကို ပီပီပြင်ပြင် ရှုမြင်ခံစားရမယ့် ACTION ဇာတ်လမ်းတွဲ ...

EVERY / FRI to SUN - 9:00 PM

REPLAY / SAT, SUN - 10:15 AM, 4:15 PM
MON - 10:35 AM, 4:45 PM

ONLY ON fortune tv

## ရောင်ခြည်သစ်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

## ကိုမောင်ဇော်+မနီ

(အိမ်ခြံမြေ ရောင်း/ဝယ်ရေး)
ဒဂုံမြို့သစ် (တောင်ပိုင်း။ ဆိပ်ကမ်းအရှေ့ပိုင်း။မြောက်ပိုင်း)
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်
ငွေချေပေးပါသည်။
ပွဲခပေးရန်မလိုပါ။
၀၉-၄၀၀၅၀၀၈၃၄
၀၉-၄၅၀၄၅၀၈၃၄

## ကန့်ကွက်နိုင်ပါကြောင်း

ပန်းဘဲတန်းမြို့နယ်၊ သိမ်ကြီးဈေး(ဂ)ရုံ အဆောင်(၃)၊ ပထမထပ်ရှိ (၀၃.၁) Demand ဆိုင်ခန်းအမည်ပေါက် Sub Store ဆိုင်ခန်းအား မင်းကုမ္ပဏီအမည်မှ ဒေါ်ရီရီမြင့်+ဒေါ်ယုယုလှိုင်(ခ)ရန်ဆူကိုင်အမည်ကို ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ဈေးတာဝန်ခံရုံးသို့ဖြစ်စေ၊ ဒေါ်ရီရီမြင့်+ဒေါ်ယုယုလှိုင်(ခ)ရန်ဆူကိုင်သို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| ဒေါ်ရီရီမြင့် | ဒေါ်ယုယုလှိုင်(ခ)ရန်ဆူကိုင် |
| [၁၂/ပဘတ(နိုင်)၀၁၆၁၇၀] | [၁၃/လရန(နိုင်)၀၆၉၃၈၁] |
| အမှတ်(၅၀၄)၊ ကျုံးကြီးလမ်း (၈)ရပ်ကွက်၊ လသာမြို့နယ်။ | အမှတ်(၃၀၁/စီ)၊ ဒဂုံစင်တာ(၁)၊ စမ်းချောင်းမြို့နယ်။ |
| ဖုန်း-၀၉-၅၀၇၂၄၆၄ | ဖုန်း-၀၉-၉၇၇၄၄၂၄၂၃ |

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

## ဦးစိန်လှ (မော်ကျွန်း)
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဈေးလမ်း၊ တိုက်အမှတ်(၇၇၄)၊ အခန်း(၂၀၂)နေ (ဒေါ်နုနု)၏ ခင်ပွန်း သည် ၃၀-၄-၂၀၁၉ ရက် နံနက် ၈း၃၆ နာရီတွင် ပန်းလှိုင်စီလုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး ဒါယိကာမကြီး**
## ဒေါ်သွင် (Molly Tim Htay)
**ဝက်ကိုက်၊ ကွမ်းခြံကုန်း**
**အသက် (၇၄) နှစ်**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ပုလဲကွန်ဒို၊ တိုက်(B)၊ အခန်း(၁၂၀၇)နေ (ဦးမြ-ဒေါ်သိန်းရှင်)တို့၏ တစ်ဦးတည်းသောသမီး၊ (ဦးအောင်ရှိန်-ဒေါ်စိန်မေ)တို့၏ သမီးချွေးမ၊ (ဦးတင်လှ)၏ဇနီး၊ ဒေါ်မာလာသီ (ငွေစင်ကြယ်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဒေါ်စပါယ်(New Prize Travel &Tour)၊ ဦးမောင်မောင်ညွှန့်ဝင်း-Kim Sun Ok (စကားဝါစတိုး-Korea)တို့၏ကျေးဇူးရှင်မိခင်ကြီး၊ Kim Su Yeon (ခ) စကားဝါဝင်း၊ Kim Su Min တို့၏အဘွားသည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇း၁၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးဌေးအောင် (ခ) ဦးကာလျှောင်း
**မန်းသစ္စာအဆင့်မြင့်ခရီးသယ်ယူပို့ဆောင်ရေး**
**အသက် (၆၆) နှစ်**

ရန်ကုန်မြို့နေ [ဦးဟင်းငါး(ခြသော့မင်းဆီစက်)-ဒေါ်ကျင်လွမ်]တို့၏ ပဉ္စမမြောက်သား၊ ဖျာပုံမြို့နေ (ဦးဘန်စိန်-ဒေါ်ခွေး)တို့၏သားသမက်၊ ရန်ကုန်မြို့ အမှတ်(၁၇၈)၊ ပန်းပိတောက်လမ်း၊ ခရေပင်ရိပ်မွန်အိမ်ရာ၊ အပိုင်း(၃)၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ရှုယုံ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဇော်အောင်၊ ဒေါ်ခင်ဖြူဖြူအောင်-ဦးချမ်းမြေ့၊ ဒေါ်သင်းသင်းအောင်-ဦးအောင်ဝင်းထက်၊ ဦးအောင်ရန်ငြိမ်းတို့၏ဖခင်၊ မောင်ကောင်းမြတ်ကျော်၊ မဆုနှင်းလဲ့ရည်၊ Lucas Chan၊ Jaiden Aung Xu၊ Henry Aung Xu၊ Florence Aung Xu တို့၏အဘိုး ဦးဌေးအောင်(ခ)ဦးကာလျှောင်းသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၁း၃၀ နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ဖူကျန့်ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသန်းညွှန့် (၆၆) နှစ်
**ဒုတိယဦးစီးအရာရှိ၊ ထွေ/အုပ် (ငြိမ်း)**

ခရမ်းမြို့နေ (ဦးလှမောင်-ဒေါ်ခင်ညွှန့်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးသိန်းဆွေ-ဒေါ်မြညွှန့်)တို့၏သားသမက်၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ (၁၁)လမ်း၊ ပထမထပ်၊ အမှတ်(၆၄)နေ ဒေါ်သန်းသန်းဌေး(အလယ်တန်းပြဆရာမ-ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာမေသူ (M.B.B.S, Diploma in Emergency Medicine)-ဦးအောင်ကျော်မိုး(ခ)ထိုက်စံမော့စ်(Diploma in Automotive Engineering OIST Japan)တို့၏ဖခင်သည် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀း၃၀ နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

အမှတ် (၁၁၀)၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်နေ သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်း စာရင်းစစ်ဦးဝေလွင် (ရတနာမိုး ပရိဘောဂ)၏ ဖခင် ဦးပြုံးစိ အသက်(၉၃)နှစ်သည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၄း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းကြည်
**အသက်(၈၇)နှစ်**

ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်-ဒေါ်နန်းညိုညိုအောင်တို့၏မွေးသဖခင် ဦးထွန်းကြည်သည် ၃၀-၄-၂၀၁၉ ရက် နံနက် ၉း၃၄ နာရီတွင် ရန်ကုန်မြို့ ဂရင်းဟံသာဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်ဇင်ထူး-ဒေါ်ခင်သော်ထွန်းနှင့် မိသားစု**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ငါးလုပ်ငန်းဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းကြည် (၇၅)နှစ်
**(BA. Music)**

ယဉ်ကျေးမှုတက္ကသိုလ် ကထိက(ငြိမ်း) စောင်း/တယောပညာရှင် ဦးမင်းကြည်သည် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အဆို၊ အက၊ အရေးအတီးပြိုင်ပွဲ**
**ဗဟိုအကဲဖြတ်အဖွဲ့(တယော)**

## ဦးစံဌေး
**လေကြောင်းသတင်းပြန်ကြားရေးအရာရှိ (ငြိမ်း)**
**လေကြောင်းညွှန်ကြားမှုဦးစီးဌာန (DCA)**
**အသက် (၈၂) နှစ်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ ဘရဏီလမ်း၊ အမှတ်(၂၁၃/A)နေ (ဦးစံမြင့်-ဒေါ်ဌေးရင်)တို့၏ သား၊ (ဦးဘိုးထယ်-ဒေါ်စိန်ခက်)တို့၏ သားသမက်၊ (ဒေါ်တင်သိန်း)၏ ခင်ပွန်း၊ (ဦးအောင်ကျော်ဦး)၊ ဦးထွန်းထွန်းဦး-ဒေါ်နီလာဝင်း၊ (မသန္တာ)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးသည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၆း၃၀ နာရီတွင် တ/ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၅၀၃)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (တ/ဥက္ကလာပမြို့နယ်၊ ၁၁-ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်-၅၀၃ နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ တ/ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၅၀၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသိန်းအောင်
**အင်ဂျင်နီယာမှူး (ငြိမ်း)**
**မြန်မာ့လေကြောင်း/Air Bagan**
**ဒု-ဥက္ကဋ္ဌ၊ တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)**
**အသက် (၇၅) နှစ်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နေ (ဦးရိုက်-ဒေါ်အေးတင်)တို့၏ သား၊ ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊ အမှတ်(၁၅၆)နေ (ဦးအုန်းမောင်-ဒေါ်မြသန်း)တို့၏ သားသမက်၊ ဦးထွန်းကိုကို (Air KBZ)-ဒေါ်ဇာလှိုင်းအိ၊ ဦးကျော်ကျော်စိုး-ဒေါ်ခင်ဆုရည် (ခေတ္တ-စင်ကာပူ)တို့၏ ဖခင်၊ မောင်ကောင်းသန့်၊ မောင်ဟန်စစ်၊ မသန့်သီရိထွန်းတို့၏အဘိုး၊ ဒေါ်မိမိခိုင် (မြန်မာ့လေကြောင်း-ငြိမ်း၊ Sun Far Travel & Tours)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း (ထရမ်းပက်)
**အနုပညာရှင်-၁ (ငြိမ်း)၊ အနုပညာဦးစီးဌာန**
**အသက် (၇၁) နှစ်**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၄၆)နေ (ဦးအောင်မြတ်-ဒေါ်အေးရွှေ)တို့၏သား၊ (ဦးဖိုးစိန်-ဒေါ်ကျင်လှိုင်)တို့၏ သားသမက်၊ မလေးလေးမြင့်(မြန်မာနိုင်ငံစာစစ်ဦးစီးဌာန)၊ ကိုမျိုးသန့်(SINMA)၊ မအေးအေးစန်း၊ ကိုအောင်အောင် (ဝန်ကြီးရုံး၊ လျှပ်စစ် /စွမ်းအင်)-မအေးစန္ဒာမျိုး(အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)၊ ကိုနေလင်းတို့၏မွေးသဖခင်၊ မသက်ရည်မွန်၊ မောင်ဟန်ဘုန်းမြတ်၊ မောင်ဇေ ဘုန်းသော်တို့၏အဘိုး၊ ဒေါ်ရှုတင်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်ထွန်း (ပ/၂၉၂၉)
**အသက်(၇၀)**
**ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ မြမဥ္ဇူလမ်း၊ အမှတ်(၆၅၃)နေ ဒေါ်တင်တင်အေး(သ/မဦးစီးဌာန၊ ဆဋ္ဌမသုတ်အလုပ်သင်အရာရှိ)၏ခင်ပွန်း ဦးစိန်ထွန်းသည် ၂၇-၄-၂၀၁၉ ရက်တွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သမဝါယမဦးစီးဌာန၊ ဆဋ္ဌမသုတ်အလုပ်သင်အရာရှိ**
**သူငယ်ချင်းများ**

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## ဦးစောခလားရင့်ထော
**အသက် (၇၁) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ရွှေဘကုန်းလမ်း၊ အမှတ်(၁၉၂၉-ခ)နေ (ဦးစောချန်းမင်ထော-ဒေါ်နော်အက်စတာရွှေ)တို့၏သား၊ (ဦးအောင်ကျော်ဝ-ဒေါ်အားပု)တို့၏ သားသမက်၊ (နော်ဂျက်စီကာမြတ်ဆုမွန်ထော)၏ ဖခင်၊ ဒေါ်နော်ခူစော၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နော်ကလဲရာချမ်းမင်း၊ (ဦးလှမြင့်)တို့၏ ညီ/မောင်၊ မင်းသူသူ၊ နှင်းဝတ်ရည်မြတ်သူ၊ ဇင်သူလှမြင့်၊ ဦးသက်အောင်တို့၏ ဦးလေး၊ မအိမ့်သွန်းဖြိုးသူ၏အဘိုး ဦးစောခလားရင့်ထောသည် ၃၀-၄-၂၀၁၉ ရက် နံနက် ၁ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၅-၂၀၁၉ ရက် နံနက် ၈ နာရီတွင် နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမျိုးထွန်း
**(တာဝန်ခံအင်ဂျင်နီယာ-ငြိမ်း)**
**C.P.M.D (M.P.E)**
**အသက် (၆၄) နှစ်**

ရန်ကုန်မြို့နေ [ဦးထွန်းအုန်း-ဒေါ်စိုးရီ(ခ)ဒေါ်အမာ]တို့၏သားကြီး၊ (ဦးမျိုးအောင်)-ဒေါ်ဘီစီဝင်း၊ ပါမောက္ခ ဦးခင်မောင်ဦး (ညွှန်မှူး-ငြိမ်း)၊ ဗိုလ်ကြီးခင်မျိုးစု(ငြိမ်း)၊ (ဦးမျိုးဝင်း)တို့၏ အစ်ကိုကြီး၊ Mr.Tony-ဒေါက်တာခိုင်ယဉ်မေသန်း၊ Mr. Roland Graffee-(ဒေါက်တာခင်သီတာသန်း)တို့၏မောင်၊ ဒေါ်ကြည်ကြည်အေး (ကျောင်းဆရာမ-ငြိမ်း)၏တူ၊ ဦးကျော်ဉာဏ်လင်း-ဒေါ်သန်းသန်းဦး၊ ဦးရဲကျော်သူ၊ ဦးထွန်းအောင်ကျော်၊ ဦးဆန်းထွန်းကျော်-ဒေါ်ကြည်ကြည်ခိုင်တို့၏အစ်ကို ဦးမျိုးထွန်း(တာဝန်ခံအင်ဂျင်နီယာ-ငြိမ်း) (C.P.M.D-M.P.E)သည် ၂၉-၄-၂၀၁၉ ရက် နံနက် ၁၁း၀၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၉ ရက် နံနက် ၈ နာရီမှ ၁၀ နာရီအထိ သန်လျင်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်အေး
**အသက်(၈၆)နှစ်**
**ရာသက်ပန်ယောဂီ၊ သဘာဝတရားရိပ်သာ၊ (၄၅)လမ်း၊ ဗိုလ်တထောင် သံတမန်ကုန်တိုက်(အငြိမ်းစား)**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မင်္ဂလာတောင်ညွှန့်ကြီးရပ်ကွက်၊ (၁၀၉)လမ်း၊ အမှတ်(၄၃)နေ (ဦးမြဒင်-ဒေါ်ရီ)တို့၏ တတိယသမီး၊ [ဦးချစ်ဆွေ(ကြေးမုံသတင်းထောက်)]၏ ချစ်လှစွာသောဇနီး၊ (ဦးခင်လှ-ဒေါ်တင်အေး)၊ (ဦးအောင်ခင်-ဒေါ်ရင်အေး)တို့၏ညီမ၊ဦးခင်ထွန်း-ဒေါ်သန်းနွဲ့၊ ဦးစိန်ဝင်း-ဒေါ်ကျင်လှ၊ ဦးဘိုရည်-ဒေါ်ခင်မြင့်၊ ဒေါ်သန်းလှ၊ ဦးကြည်မြင့်-ဒေါ်မြင့်သိန်း၊ ဒေါ်စန်းတင်၊ (ဦးစန်းကြည်-ဒေါ်စန်းရင်)တို့၏ အစ်မ၊ တူ/တူမ ၂၁ ယောက်တို့၏ကြီးကြီး ဒေါ်ခင်အေးသည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၄း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမင်းကြည်
**(ရန်ကုန်-ပန်တျာ)**
**B.A Music**
**လက်ထောက်ကထိက (ငြိမ်း)**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်**
**အသက်(၇၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တန်းနေ ဦးအုန်းချို-ဒေါ်ကြည် တို့၏သား၊ ဦးကျော်ထွန်းဝင်း (MWD)၏ အစ်ကို၊ ဒေါ်ဝင်းမေ၊ ဒေါ်ယဉ်ယဉ်ခိုင် ၏ ခင်ပွန်း၊ ဒေါ်မေသန်းနိုင် (ဒုတိယညွှန်ကြားရေးမှူး-FDA)၊ [ဒုတိယဗိုလ်မင်းခိုင် (ခမရ-၁၁၈)]၊ ဒေါ်ဇော်လဲ့လဲ့မင်း၊ မဆည်းဆာနွယ် (Music Teacher) တို့၏ ဖခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၃၀-၄-၂၀၁၉ ရက် နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၉ ရက်တွင် အမှတ်(၃၉)၊ ဒုတိယထပ်(A)၊ လေးလွှာ၊ စံပြ(၇)လမ်း၊ စံပြရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်နေ မဆည်းဆာနွယ် ၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လှလှမိုး
**အသက်(၇၄)နှစ်**

အမှတ် (၆၀၄)၊ ဓမ္မသုခလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ (ဦးစိန်မိုး-ဒေါ်ခင်မ)တို့၏ သမီး၊ ဦးကျော်ကျော်ဝင်း (ဒု-လ/ထ စက်ရုံမှူး-ထွေစီ၊ ရေနံဓာတု-ငြိမ်း)၏ ဇနီး၊ ကိုသူရိန်-မအေးဇင်ဆွေ၊ (ကိုကိုအောင်)-မအေးအေးအောင်၊ ကိုငြိမ်းအေး-မပန်းဖြူမွေးတို့၏ မိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်ခင်လှလှမိုးသည် ၃၀-၄-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဦးပဏ္ဍိတ(ခ)ဦးထွန်းရွှေ (လ-ဝ-က)
**သိက္ခာတော်(၁၈)ဝါ၊ သက်တော်(၈၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ ကံကြီးလမ်းနေ ဦးဘရင်-ဒေါ်သန်းတို့၏ သားလတ်၊ ဦးပါ-ဒေါ်ခင်ရီတို့၏ မောင်၊ ဦးဇော်မင်း-ဒေါ်ခင်စန်းရီတို့၏ အစ်ကို၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁)၊ အကွက်(၁၀)၊ စီလမ်းသွယ်၊ အမှတ်(၁၉၃)နေ ဗိုလ်မှူးစိုင်းဝင်းဟန်(ငြိမ်း)-ဒေါ်ဥမ္မာအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မစန္ဒီဝင်းဟန်၊ မောင်ရဲရင့်ဝင်းဟန်၊ မသီရိဝင်းဟန်တို့၏ ချစ်လှစွာသောအဘိုး ဒေါ်သန်းကျင်၏ ခင်ပွန်း၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ နန်းတော်ရာစံပြကွက်သစ် (ဝိပဿနာသန္တိ သုခကျောင်းတိုက်)၌ သီတင်းသုံးတော်မူသော သိက္ခာတော်(၁၈)ဝါ၊ သက်တော်(၈၇)နှစ် ဦးပဏ္ဍိတ(ခ)ဦးထွန်းရွှေ (လ-ဝ-က)သည် (၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်) ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀း၃၀ နာရီတွင် ဝိပဿနာသန္တိသုခကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်)၊ ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် တောင်အင်းမြောက်အင်းသုသာန်၌ အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေ ဒါယကာ၊ ဒါယိကာမများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး အမျှအတန်းပေးဝေလိုပါသောကြောင့် ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀ နာရီတွင် ဝိပဿနာ သန္တိသုခကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အန်တီးဟုန်း(ခ)ဦးပြုံးစိ (ကျောက်တန်း)
**အသက်(၉၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့ အလယ်ပိုင်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၁၅၈)နှင့် ရန်ကုန်မြို့တာမွေမြို့နယ်၊တာမွေကြီး(ခ)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၁၁၀)နေ (အောင်ဇိုမင်း-အုံရှုအိမ်)တို့၏ သား၊ ကွာအာဟေး(ခ)ဒေါ်တင်ရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝေလွင်-ဒေါ်ရီရီမြင့် (ရတနာမိုး ပရိဘောဂ)၊ ဦးသန်းဇော်-ဒေါ်ရီရီဝင်း (ရွှေမြေယာ-စိုက်ပျိုးရေးဆေးဆိုင်)၊ ဦးဇော်ဝင်း-[ဒေါ်တင်မကြီး (စိန်လဝန်း ပရိဘောဂ)]၊ ဒေါ်သိန်းသိန်းအေး၊ ဦးအေးလွင်-ဒေါ်ဝေမာမြင့် (စိန်ကျော်အောင် ပရိဘောဂ)၊ ဦးသန်းလွင်-ဒေါ်ဝေဝေခိုင်တို့၏ ဖခင်ကြီး၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၄း၂၀ နာရီတွင် သျှင်ပါဂူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (တာမွေမြို့နယ် နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးပါန်ဂရာလို
**ရှမ်းမြောက်၊ ကွေ့ခိုင် လားရှိုး**
**အသက်(၆၇)နှစ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွေ့ခိုင် လားရှိုးနေ (ဦးဝမ်ကွမ်ကျိန်-ဒေါ်ရန်ရှောက်ဟွမ်)တို့၏ သား၊ အမှတ် (၃၆/၃၇)၊ စည်ပင်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)နေ ဒေါ်ကျော့ရှင်လန်၏ခင်ပွန်း၊ ဦးဇော်ရှင်း-ဒေါ်သန္တာစိုး၊ ဦးဇော့ရှင်း-ဒေါ်နန်းထွေးခမ်း၊ ဒေါ်မအာကျေ၊ ဦးအောင်ကျော်မိုး-ဒေါ်ကွေ့ကြည်(ခ)မိမိခိုင်တို့၏ ဖခင်၊ မြေး ၁၂ ယောက်တို့၏ အဘိုးသည် ၂၉-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၆း၂၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေး ယူနန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်များကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်မိုးဝင်း(ခ)ဦးမြတ်ကျော်
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့ အမှတ်(၆၁/၁)၊ ယင်းမာမြိုင်လမ်း၊ သုဝဏ္ဏ၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်နေ ဦးရွှေဝင်း-(ဒေါ်စန်းရီ)တို့၏ သားလတ်၊ (ဦးသောင်းဟန်)-ဒေါ်အုန်းမြင့်တို့၏ သားသမက်၊ ဦးစည်သူဝင်း-ဒေါ်ဝင်းပပနိုင်တို့၏ ညီ၊ ဦးဇော်လှိုင်-ဒေါ်အေးအေးဖြိုးတို့၏ အစ်ကိုလေး၊ ရွှေယမင်းဦး(နိုနို)၊ ရွှေဝတ်မှုန်အောင် (ရွှေမှုန်)တို့၏ ဖခင်၊ ဒေါ်ထွေးထွေးမြင့်၏ခင်ပွန်း ဦးအောင်မိုးဝင်း(ခ)ဦးမြတ်ကျော်သည် ၃၀-၄-၂၀၁၉ ရက် နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၆ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဇေယျာဝင်း(မြိတ်/ထားဝယ်)
**B.Sc-Geology 90 batch**
**အသက် (၄၇) နှစ်**

ဦးဝင်းတင်-ဒေါ်စိန်သန်းကြည်တို့၏ သား၊ ဦးမြတ်သွင်ဝင်း-ဒေါ်ကြည်ပြာမိုး၊ ဦးစိန်လှိုင်ဝင်း-ဒေါ်အေမီမီသန်း၊ ဗိုလ်ကြီးပြည့်ဖြိုးအောင်-မနှင်းနန္ဒာဝင်းတို့၏ အစ်ကိုကြီး၊ ထားဝယ်မြို့ အာဇာနည်လမ်း၊ အမှတ်(၈၄၉)နေ ဦးဇေယျာဝင်းသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅း၂၈ နာရီတွင် အမှတ်(၅၇၄)၊ သရက်ခြံလမ်းမ၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကေချန္ဒရာ
**(မြန်မာ့မီးရထား၊ အလုပ်ထိန်း-ငြိမ်း)**
**ဆိုရှယ်လစ်လုပ်သားကောင်း**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အမှတ်(၉၁/A)၊ သိမ်ဖြူမီးရထားဝင်း၊ ဗိုလ်ချုပ်လမ်းနေ (ဦးပီကေကန္ဒရား-ဒေါ်ရန်ကနာရီအမ္မာလ်)တို့၏ သားကြီး၊ (ဒေါ်ခင်အုန်းမြင့်) ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးရွှေခဲ)-ဒေါ်တင်တင်ဝေ၊ ဒေါ်ဝါဆင်သီ၊ ဒေါ်မာလာနီ (မြန်မာ့မီးရထား၊ EIC)၊ ဒေါ်ဘေဘီ(119 Store Manager)-ဦးစိုးသိန်း၊ ဦးရဲထွန်း(ဆောက်လုပ်ရေး)-ဒေါ်တိုးတိုးဝင်း၊ ဦးအောင်မြင့် (မြန်မာ့မီးရထား၊ တိုင်း-၆) - ဒေါ်ကြည်သာလင်း၊ ဦးအောင်ဇင်သန့် (Lucky Asia Company)တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ဟိန္ဒူရေဝေးသုသာန်၌ ဟိန္ဒူဓလေ့ထုံးစံနှင့်အညီမီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါး - ဟာသာ -တောင်ခင်ရမ်းလမ်းနှင့် ဒေါင်ဗားချောင်းတံတား တည်ဆောက်နေမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေး




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါး - ဟာသာ -တောင်ခင်ရမ်းလမ်းကြား ဒေါင်ဗားချောင်းတံတား တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၃၀**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရန် ဟားခါးမြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ဟားခါး-ဟာသာ-တောင်ခင်ရမ်း လမ်းဖောက်ထားမှုနှင့် ဒေါင်ဗားချောင်း တံတားတည်ဆောက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဟားခါးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများက ရိုးရာဓလေ့အတိုင်း ဂုဏ်ပြုကြိုဆိုကြပြီး ဒေသတွင်း လိုအပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို တင်ပြကြရာ ဒုတိယသမ္မတက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဟားခါး-ဟာသာ - တောင်ခင်ရမ်း လမ်းဖောက်လုပ်ထားမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဟားခါး - ဟာသာ - တောင်ခင်ရမ်းလမ်း (၄၂ - ၄၃) ကီလိုမီတာအကြား ဒေါင်ဗားချောင်းတံတား တည်ဆောက်ခြင်း စီမံကိန်းသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ တံတားဦးစီးဌာန၊ တံတားစီမံကိန်းအဖွဲ့(၁) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်က တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

## ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

ကြေးမုံ **ယနေ့ ဖတ်စရာ**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်** စာမျက်နှာ » ၁၀

**နန်းသက် ၃၀ ကျော်ရှိသော ဂျပန်ဧကရာဇ်အာခီဟီတို ထီးနန်းစွန့်လွှတ်** စာမျက်နှာ » ၁၂

MINGALAR CINEMAS
Mingalar Cinemas facebook

သမ္မတ | သွင် | မင်္ဂလာ | မင်္ဂလာ | နေပြည်တော် | မင်္ဂလာစံပြ | မင်္ဂလာမ/ဥတ္တရလာ
Top Royal | မင်္ဂလာဝဇီရာ | မင်္ဂလာ (ဂမုန်းပွင့်) | ဝင်းလိုက် | မင်္ဂလာဒိုင်းမွန်း | Central Point | မင်္ဂလာ မန်းနေပြည်တော်
မင်္ဂလာထွန်းသီရိ (ပြည်) | မင်္ဂလာ ICON Mall(ပဲခူး) | NEW 3D Cinema တောင်ငူ | မင်္ဂလာစံပြ(မကွေး) | မင်္ဂလာ ရွှေဟသာ (ပဲခူး) | မင်္ဂလာ ဘုရင့် (မော်လမြိုင်) | မင်္ဂလာ မြစန္ဒာ(မုံရွာ) မင်္ဂလာ Ocean
09402027001
09402027002
09402027003
09954086841
09954086842
09954086843

ဘာညာဘာညာ
ရွှေဆောင်၊သွင်၊မင်္ဂလာ(၁)၊ TopRoy၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ၊ ဂမုန်းပွင့်၊ စိန်ဂေဟာ၊မ/ဥတ္တရလာ၊ ဘုရင်နောင်(တာမွေ)
မန္တလေး -ဝင်းလိုက်၊မင်္ဂလာဒိုင်းမွန်း၊မန်နေပြည်တော်၊ Central Point
တောင်ငူ - NEW 3D CINEMA
ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာIcon၊ ရွှေဟသာ
မော်လမြိုင် - မင်္ဂလာဘုရင့်
မကွေး - မင်္ဂလာစံပြ
မုံရွာ - မင်္ဂလာမြစန္ဒာ၊ မင်္ဂလာ Ocean

AVENGERS ENDGAME(3D)
နေပြည်တော်၊ မင်္ဂလာ(၂)၊မင်္ဂလာစံပြ၊ ဂမုန်းပွင့်၊ TopRoy,စိန်ဂေဟာ၊မ/ဥတ္တရလာ၊ ဘုရင်နောင်(တာမွေ)
မန္တလေး -မင်္ဂလာဒိုင်းမွန်း၊ Central Point
ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာIcon၊
မကွေး - မင်္ဂလာစံပြ
တောင်ငူ - NEW 3D CINEMA
မော်လမြိုင် - မင်္ဂလာဘုရင့်
မုံရွာ - မင်္ဂလာမြစန္ဒာ၊ မင်္ဂလာ Ocean

ဥယ်ဒီ ဖားကင် – ရွှေဆောင်၊

မြို့ရှင်ဂေ့မျှော်ရှိလား
သမ္မတ၊ မင်္ဂလာစံပြ၊ ဂမုန်းပွင့်၊ မင်္ဂလာဝဇီရာ၊ မင်္ဂလာ(၁)၊ ဘုရင်နောင်
ပဲခူး - မင်္ဂလာIcon၊
မန္တလေး -မြို့မ၊ မင်္ဂလာဒိုင်းမွန်း၊Central Point
ပြည် - မင်္ဂလာထွန်းသီရိ
မုံရွာ - မင်္ဂလာ Ocean

KESARI
နေပြည်တော်၊ ဘုရင်နောင်(တာမွေ)
မန္တလေး -မင်္ဂလာဒိုင်းမွန်း

ဘယ်ညာဘယ်ညာ
ရွှေဆောင်၊

၂-၅-၂၀၁၉ နေ့မှ ပြမည့်ဇာတ်ကားသစ်များ




ပွဲချိန် - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

ကြေးမုံ
အထူးကဏ္ဍ
မေ ၁၊ ၂၀၁၉ (ဗုဒ္ဓဟူးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တတိယ (၁)နှစ်တာ

ဆောင်းပါး - ခင်ရတနာ၊ ဇင်ဦး၊ ဓာတ်ပုံ - သီဟစည်သူ


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

နိုင်ငံအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြင့်မားတိုးတက်ပြီး ကျန်းမာသန်စွမ်းသည့် အနာဂတ်ဘဝများအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများက ကိုယ်အား၊ ဉာဏ်အားရှိသရွေ့ ဖြည့်ဆည်းအကောင်အထည်ဖော်လျက်ရှိသည်ကို မြင်တွေ့ရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ရေရှည်ရည်မှန်းချက်အဖြစ် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်သည့် ကျန်းမာရေးအဆင့်အတန်း မြင့်မားရေး၊ လူတိုင်းလက်လှမ်းမီ ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိနိုင်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

ဝန်ကြီးဌာနမှ ကျန်းမာရေးဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ အပါအဝင် ဝန်ထမ်းများသည် အခက်အခဲများနှင့် စိန်ခေါ်မှုများစွာဖြစ်သည့် ဘဏ္ဍာငွေရရှိမှု အပါအဝင် အခြားအကန့်အသတ်များအကြား ဆောင်ရွက်သော်လည်း ဆောင်ရွက်ချက်များသည် အားရကျေနပ်ဖွယ်ရှိပါကြောင်း၊ သို့သော်လည်း ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများစွာရှိသည်ကိုလည်း သိရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တတိယ(၁)နှစ်တာ လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် အရာထမ်းဝန်ထမ်း ၁၆၉၁၃ ဦး၊ အမှုထမ်း ၉၅၄၈၆ ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး လက်ရှိဝန်ထမ်း အရေအတွက်သည် ခွင့်ပြုအင်အား၏ ၅၅ ရာခိုင်နှုန်းသာ ခန့်အပ်ထားနိုင်ကြောင်း သိရသည်။

“ကျွန်တော်တို့ အစိုးရလက်ထက်မှာ ဆရာဝန်သစ်လွှင့် ၃၉၈၈ ဦး၊ သွားဆရာဝန် ၅၁၆ ဦး၊ သူနာပြု ၅၆၈၁ ဦး၊ သားဖွား ၃၀၀၅ ဦး၊ အငယ်တန်းအင်ဂျင်နီယာ ၁၃၀၊ အကူသူနာပြု ၉၃၀၊ ဆေးဘက်ကျွမ်းကျင် ၂၄၀၈ ဦး၊ လက်ထောက်ကျန်းမာရေးမှူး ၃၈၁ ဦး၊ လက်ထောက်တိုင်းရင်းဆေးမှူး ၁၉၁ ဦးနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ၃၀၀၀ ကို ထပ်တိုးပြီး စုစုပေါင်း အရာထမ်းနှင့် အမှုထမ်းဝန်ထမ်း ၂၅၅၇၅ ဦး အသစ်ခန့်ထားခဲ့ပါတယ်။ ဒါ့အပြင် မကြာခင်လပိုင်းမှာ သားဖွားဆရာမ ၉၃၉ ဦး ထပ်ခန့်ဖို့ ရှိပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ကျန်းမာရေးကဏ္ဍအတွက် ၁၆ ခုတင်မှ ခုတင် ၂၀၀၀ ဆံ့အထိ စုစုပေါင်းဆေးရုံ ၁၁၄၄ ရုံနှင့် ဆေးရုံခုတင် ၅၅၂၆၆ ဖြင့် ကျန်းမာရေးဝန်ဆောင်မှု ပေးလျက်ရှိပြီး ပြည်သူ့ကျန်းမာရေးတွင် ဒေသန္တရ/မိခင်နှင့် ကလေးကျန်းမာရေးဌာန ၄၄၁ ခု၊ ကျေးလက် ကျန်းမာရေးဌာန ၁၈၄၉ ခုနှင့် ဌာနခွဲပေါင်း ၈၆၂၈ ခု၊ တိုင်းရင်းဆေးရုံ ၄၀ နှင့် တိုင်းရင်းဆေးခန်း ၂၁၀ တို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ အစိုးရသစ်လက်ထက်တွင် တိုးချဲ့လူနာဆောင်၊ တိုက်နယ်ဆေးရုံ၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်း စုစုပေါင်း ၃၄၁ ခု အသစ် တိုးချဲ့ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် ကျေးလက်ကျန်းမာရေး ဌာန/ဌာနခွဲ၊ ဒေသန္တရဆေးခန်း၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန၊ သားဖွားခန်းနှင့် ဆေးစတို စုစုပေါင်း ၁၃၅၇ ခု တည်ဆောက်ပေးခဲ့ပြီး ဖွဲ့စည်းပုံအသစ်ဖြင့် တိုက်နယ်ဆေးရုံပေါင်း ၂၁ ရုံနှင့် ဆေးရုံခုတင် အဆင့်မြှင့်တင်ခြင်း ရှစ်ခု၊ ကျေးလက် ကျန်းမာရေးဌာန ၇၁ ခုနှင့် ဌာနခွဲပေါင်း ၂၀ ကို ဖွဲ့စည်းပုံအသစ် တိုးချဲ့ပေးခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရှိရသည်။

ထို့ပြင် ဝန်ထမ်းများအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းအိမ်ရာအခန်း ၆၇၁၆ ခန်းတည်ဆောက်ပေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အခန်း ၁၀၃၇၇ ခု ဆောက်လုပ်လျက်ရှိကာ အများစုသည် ယခုဘဏ္ဍာနှစ်အတွင်း ပြီးစီးမည်ဖြစ်ပြီး လာမည့်ဘဏ္ဍာနှစ်များတွင် ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဘဏ္ဍာငွေ နှစ်စဉ်တိုးမြှင့်ချထားပေးလျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်မှ ငွေကျပ် ၉၄၄ ဘီလီယံ၊ နိုင်ငံခြားအဖွဲ့အစည်းများမှ ထောက်ပံ့ငွေကျပ် ၁၅၂ ဘီလီယံခန့်ရှိပြီး ချေးငွေအဖြစ် ငွေကျပ် ၃၅ ဒသမ ၅ ဘီလီယံရရှိရန်ရှိနေကြောင်း သိရသည်။ ဆေးဝါးနှင့် ဆေးပစ္စည်းများကို နှစ်စဉ်တိုးတက်ဝယ်ယူခဲ့ရာ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆေးဝါးငွေကျပ်ဘီလီယံ ၁၂၀ နှင့် ဆေးပစ္စည်းအတွက် ငွေကျပ် ၆၄ ဘီလီယံခန့်ကို သုံးစွဲပြီး ဝယ်ယူဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“၂၀၁၈ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ဗဟိုအဆင့်ဆေးရုံကြီးတွေကို အဆင့်မြှင့်တင်ရေးလုပ်ငန်းတွေမှာ ထူးထူးခြားခြားအနေနဲ့ သဃ်န်းကျွန်းပြည်သူ့ဆေးရုံမှာ ကျောက်ကပ်နဲ့ ဆီးလမ်းကြောင်း ခွဲစိတ်ဆောင်၊ ကျောက်ကပ်သွေးသန့်စင်ဌာန၊ ဆေးကုသဆောင်၊ ဆီးချိုရောဂါစစ်ဆေးကုသဆောင်၊ အစာအိမ်အူလမ်းကြောင်းနဲ့ ရင်ခေါင်းဆေး ပညာဌာနတွေပါတဲ့ တိုးချဲ့ခြောက်ထပ်လူနာဆောင်၊ ရန်ကင်းကလေးဆေးရုံကြီးမှာ နှလုံး ရောဂါဝေဒနာရှင် ကလေးသူငယ်တွေ ဆေးဝါးကုသမှုနဲ့ လူကြီးနဲ့ကလေး နှလုံးခွဲစိတ်ကုသမှုဆောင်ရွက်နိုင်ဖို့ (Cardiac Complex) ခြောက်ထပ်ဆောင်၊ ရန်ကုန်ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးမှာ အသည်းနဲ့ သည်းခြေလမ်းကြောင်း၊ ဆီးနဲ့ ကျောက်ကပ်ခွဲစိတ်ခန်းတွေ၊ ဓာတ်မှန်ခန်း၊ အထူးကြပ်မတ်ကုသဆောင်၊ ရင်ခေါင်းခွဲစိတ်ကုသဆောင်တွေ ပါဝင်တဲ့ တိုးချဲ့ခြောက်ထပ်ဆောင်၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးမှာ အရေးပေါ်လူနာတွေ ကုသဆောင်၊ သားဖွားမီးယပ်နဲ့ အရိုးလူနာတွေအတွက် ခြောက်ထပ်လူနာဆောင်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ကင်ဆာရောဂါကုသဆောင် ငါးထပ်အဆောက်အအုံ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှာ မွေးကင်းစကလေးလူနာဆောင်၊ သားဖွားခန်းတွေ၊ အထူးကြပ်မတ် ကုသဆောင်၊ ခွဲစိတ်ခန်းနဲ့စာသင်ခန်းတွေ ပါဝင်သော ငါးထပ်ဆောင်၊ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံမှာ တိုးချဲ့ငါးထပ်လူနာဆောင်၊ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တိုးချဲ့လူနာဆောင်တွေနဲ့ အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းတွေကို လုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။


သဃ်န်းကျွန်းစံပြဆေးရုံကြီးရှိ ကျောက်ကပ်၊ အစာအိမ်အူလမ်းကြောင်းနှင့် ရင်ခေါင်းခွဲစိတ်ဆောင်ပါရှိသော တိုးချဲ့ခြောက်ထပ်ဆောင်သစ်ကိုတွေ့ရစဉ်။

၂၀၁၈ ခုနှစ်တွင် အတွင်းလူနာပေါင်း သုံးသန်းခန့်နှင့် အပြင်လူနာပေါင်း ၁၂ သန်းခန့်ကို ပြည်သူ့ဆေးရုံများတွင် ပြုစုကုသစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးဘက်တွင် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ၌ ဆေးခန်းလာပြသူပေါင်း ၁၄ သန်းခန့်ကို စောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်အတွင်း တစ်လလျှင်ကိုယ်ဝန်ဆောင်မိခင် ၇၀၀၀၀ မှ ၈၀၀၀၀ အထိ စောင့်ရှောက်မှုပေးခဲ့ပြီး တိုင်းရင်းဆေးရုံများတွင် ၂၀၁၈ ခုနှစ်တွင် အတွင်းလူနာ ၁၈၀၀၀၊ အပြင်လူနာ ၃၅၀၀၀၀ နှင့် ကွင်းဆင်းကြည့်ရှုပေးသည့် လူနာပေါင်း ၂၈၀၀၀၀ စောင့်ရှောက်မှုပေးခဲ့ကြောင်းသိရသည်။ ထို့ပြင် ၂၀၁၈ ခုနှစ်အတွင်း ခွဲစိတ်ကုသရေးဘက်တွင် ပြည်သူများအား ခွဲစိတ်မှုအကြိမ် ၇၆၀၀၀၀ ခွဲစိတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

“သုံးနှစ်တာအတွင်း ထူးခြားတဲ့ကုသရေးဆိုင်ရာ စွမ်းဆောင်မှုမှာ အသည်းအစားထိုးခွဲစိတ်မှုပေါင်း ၃၃ ကြိမ်၊ ကျောက်ကပ်အစားထိုးခွဲစိတ်မှုပေါင်း ၉၉ ကြိမ်၊ ရင်ခေါင်းဖွင့်နှလုံးခွဲစိတ်ကုသခြင်း ၂၀၇၆ ကြိမ်၊ နှလုံးသွေးကြောချဲ့ကုသခြင်း ၁၂၉၈၃ ကြိမ်၊ ဦးနှောက် ခွဲစိတ်မှုအမျိုးမျိုး ၁၀၇၇ ကြိမ်၊ ရိုးတွင်းခြင်ဆီ အစားထိုးကုသခြင်း ၁၁ ကြိမ်၊ လက်မပြတ်ခြင်းအား ခြေမဖြင့် အစားထိုးခွဲစိတ်ခြင်း ၃၇ ကြိမ်၊ ခြေပြတ်လက်ပြတ်ပြန်လည်ဆက်ပေးခြင်း ၂၁၄ ကြိမ်၊ အသားအစားထိုးခွဲစိတ်ခြင်း ၁၁၇ ကြိမ်၊ သွေးကြောဆက်ကုသခြင်း ၃၄၇ ကြိမ်အထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သားသမီးရလိုသူတွေအတွက်ဌာန (Fertility Centre)ကို ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)မှာ ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံရဲ့ပထမဦးဆုံး ဖန်ပြွန်သန္ဓေသားကို ၂၀၁၈ ခုနှစ် ဇွန် ၁၂ ရက်မှာ အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့တာက အောင်မြင်မှုတစ်ရပ်ပဲ ဖြစ်ပါတယ်။ ပြည်ပနိုင်ငံအသီးသီးက ပညာရှင်အဖွဲ့တွေက ၂၀၁၈ ခုနှစ်မှာ ၁၂၅ ကြိမ်ခန့် လာရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ဆီက ခွဲစိတ်ဆရာဝန်တွေနဲ့ ပူးပေါင်းပြီး ခွဲစိတ်ကုသမှုတွေနဲ့ သင်ကြားရေး

အထူးကဏ္ဍ [ ခ ] သို့ »»

»»» အထူးကဏ္ဍ [ က ] မှ

လုပ်ငန်းတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

ပထမဆုံး ခေတ်မီဆက်သွယ်ရေး နည်းပညာသုံး ဓာတ်မှန်စက်(Tele- Radio logy)ကို မွန်ပြည်နယ် ကျိုက်မရော၊ ဘီးလင်းနှင့် ချောင်းဆုံမြို့နယ် သုံးမြို့နယ်တို့တွင် ဝန်ကြီးဌာနမှ ဘဏ္ဍာငွေကျပ်သိန်း ၄၂၀၀ ဖြင့် စတင် ဆောင်ရွက်ပေးခဲ့ပြီး ဓာတ်မှန်ဆရာဝန် မရှိသည့် ဒေသများတွင် ယင်းနည်းပညာဖြင့် ရောဂါများကို ပိုမိုမှန်ကန်စွာသိရှိနိုင်မည်ဖြစ်ကာ ထိရောက်သော ကုသမှုများ ပေးအပ်နိုင်မည်ဖြစ်သဖြင့် ဝေးလံခက်ခဲသော ဒေသနေပြည်သူများအတွက် အထူးအကျိုးရှိမည်ဖြစ်သည်။ သွားလာရခက်ခဲသော ချင်း၊ ကချင်နှင့် ကယားပြည်နယ်တို့တွင် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၌ ကမ္ဘာ့အဆင့်အတန်းမီ ဓာတ်ခွဲခန်းပေါ်ထွက်လာရန် ပြင်သစ်နိုင်ငံမှ ယူရိုငွေ ၂၂ သန်း ချေးငွေနှင့် ထောက်ပံ့ငွေ ယူရိုငွေ ငါးသန်းတို့ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး လက်ရှိဓာတ်ခွဲခန်းတွင် ၂၀၁၈ ခုနှစ်အတွင်း ရောဂါဗေဒ (Pathology)နှင့်ပတ်သက်၍ အကြိမ် ၇၅၀၀၀၊ အဏုဇီဝ(Microbiology) နှင့်ပတ်သက်၍ အကြိမ် ၆၃၀၀၀ စစ်ဆေးပေးနိုင်ခဲ့သည်။ ဓာတ်ခွဲခန်းကြီးကို ISO 15189 အဆင့်အတန်း ရရှိရန် US-CDC, WHO နှင့် United Kingdom တို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဗဟိုသွေးလှူဘဏ်မှ ရန်ကုန်မြို့အတွင်းရှိ လူနာများ၏ အရေးပေါ်သွေးလိုအပ်ချက်များကို ထောက်ပံ့ပေးနေပြီး ၂၀၁၆ ခုနှစ်တွင် သွေးယူနစ်ပေါင်း ၇၀၀၀၀ ဖြန့်ဖြူးနိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် သွေးယူနစ်ပေါင်း ၉၇၀၀၀ အထိ အခမဲ့ ဖြန့်ဝေပေးအပ်နိုင်ခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအရေးပေါ် အသက်ကယ်သင်တန်းဌာနကို နေပြည်တော်တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလက ဖွင့်လှစ်ခဲ့ပြီး ယင်းသင်တန်းတွင် အရေးပေါ်လူနာများကို အသက်ကယ်ပြုစုကုသပေးရမည့် နည်းစနစ်များအား တစ်ပြည်လုံးရှိ ဆရာဝန်များ၊ သူနာပြုများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ လူနာတင်ယာဉ်ဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား သင်ကြားပေးလျက်ရှိသည်။

ဆေးရုံအသီးသီးတွင် တက်ရောက်ကုသမှုခံယူနေသော လူနာများကျေနပ်မှုရရှိရေးနှင့် ဆေးရုံဝန်ဆောင်မှုတိုးတက်ရေးတို့အတွက် ဆေးလူမှုဝန်ထမ်းများကို ခုတင်(၁၀၀)နှင့် အထက် ဆေးရုံကြီးများနှင့် ဗဟိုအဆင့်ဆေးရုံကြီးများတွင် ဆေးလူမှုဆက်ဆံရေးမှူး ၇၇၂ ဦး ခန့်အပ်နိုင်ခဲ့ကြောင်း သိရသည်။ ဆရာဝန်နှင့် သူနာပြုများ၏ ကျင့်ဝတ်များကို အမြဲသတိပြုမိနေရန် ဆေးရုံများတွင် ဆရာဝန်နှင့် သူနာပြု ကျင့်ဝတ်များကို ထင်ရှားစွာချိတ်ဆွဲထားရှိလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ပြည်သူ့ဆေးရုံကြီးများတွင် လူနာနှင့် လူနာမိသားစုများ အဆင်ပြေရန်အတွက် ဆေးရုံအထောက်အကူပြုအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ဆေးဆိုင်များ၊ စားသောက်ဆိုင်နှင့် စတိုးဆိုင်ငယ်များ စတင်ဖွင့်လှစ်လျက်ရှိပါသည်။ အဝေးပြေးကားဝင်းများတွင် အနယ်နယ်အရပ်ရပ်မှ ခရီးသည်များ စုဝေးရောက်ရှိခြင်းကြောင့် ကူးစက်ရောဂါပြန့်ပွားနိုင်သဖြင့် ရောဂါများ အချိန်မီကာကွယ်ကုသထိန်းချုပ်ပေးနိုင်ရန်နှင့် အခြားအရေးပေါ် ကျန်းမာရေးပြဿနာများကို စောင့်ရှောက်မှုပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောင်မင်္ဂလာနှင့် ဒဂုံဧရာအဝေးပြေးကားကွင်းများတွင် ၂၄ နာရီဆေးခန်းများ ဖွင့်လှစ်ထားသည်ကို မြင်တွေ့ရပါသည်။

အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)အရ မြို့နယ်ဆေးရုံများအတွက် ငွေကျပ်သိန်း ၈၅၀ တန်ဖိုးရှိ ဆေးပစ္စည်း ၃၃ မျိုး၊ ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ အဆင့်(ဂ) (Type C) ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် လူနာတင်ယာဉ်များကို နှစ်အလိုက် ဦးစားပေးမြို့နယ်များသတ်မှတ်၍ ဝယ်ယူဖြည့်ဆည်းပေးကြောင်း သိရသည်။ ၂၀၂၁ ခုနှစ်တွင် မြို့နယ်အားလုံး လွှမ်းခြုံနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးဌာနမှ သိရှိရသည်။

လက်တွေ့ကျ၍ မှန်ကန်သော ကျန်းမာရေးစီမံကိန်းများ ရေးဆွဲနိုင်ရန် အဓိကလိုအပ်သည့် စာရင်းဇယားများရရှိရေးအတွက် ဆေးရုံသတင်းစနစ်ကို လချုပ်ပုံစံ စာရွက်များဖြင့် ပေးပို့သည့်စနစ်မှ အီလက်ထရွန်နစ် စနစ်ဖြင့် DHIS 2 ဆော့ဖ်ဝဲကို အသုံးပြုရန် ဆေးရုံပေါင်း ၆၆၅ ရုံ၊ ပြည်သူ့ကျန်းမာရေး (public health) သတင်းစနစ်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အားလုံးတွင် အီလက်ထရွန်နစ်စနစ်ဖြင့် DHIS 2 ဆော့ဖ်ဝဲကို အသုံးပြုဆောင်ရွက်လျက်ရှိသည်။

“ကျန်းမာရေးဝန်ထမ်းတွေ အနေနဲ့ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အချက်အလက်တွေ သိရှိနိုင်ဖို့အတွက် ပထမအဆင့်အဖြစ် Tablet ဖုန်းတွေကို တိုင်းဒေသကြီးနဲ့ပြည်နယ်ခုနစ်ခုက အခြေခံကျန်းမာရေးဝန်ထမ်းတွေအတွက် ၁၀၇၄ လုံးနဲ့ တိုက်နယ်ဆရာဝန်၊ မြို့နယ် ဆရာဝန်တွေအတွက် ၄၀၂ လုံး ဖြန့်ဝေပေးထားပါတယ်။ လာမယ့် လေးလအတွင်း Gavi Vaccine Alliance uae ထောက်ပံ့မှုနဲ့ Mobile Tablet ၁၄၀၀၀ လုံး ထပ်ရမှာဖြစ်လို့ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးကို ဖြန့်ဝေပေးသွားနိုင်မှာ ဖြစ်ပါတယ်။ ရွေ့လျားစာကြည့်တိုက်သဖွယ်ဖြစ်တဲ့ Mobile Tablet တွေကနေ ပညာရပ်တွေကို လေ့လာနိုင်မှာ ဖြစ်တဲ့အတွက် ဝန်ထမ်းတွေဟာ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အသိပညာတွေ တိုးတက်ရရှိလာမှာဖြစ်ပါတယ်၊ ဒါကြောင့် ပြည်သူတွေကို ပိုမိုထိရောက်စွာ ကျန်းမာရေးအသိပညာပေးလာနိုင်မှာ ဖြစ်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက တတိယ (၁)နှစ်တာ ဖြတ်သန်းမှုများ အကြောင်းကို ရှင်းပြသည်။

အဆိုပါ Tablet ဖုန်းများတွင် စာမျက်နှာ ၃၃၀ ရှိ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်စာအုပ် အပါအဝင် မြောက်မြားစွာသော ကျန်းမာရေးစံလုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းလမ်းညွှန်များပါရှိသည်။ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများနှင့် ကျန်းမာရေးအသိပညာပေးဆွေးနွေးကြသည့်အခါ ပြည်သူတို့၏ ကျန်းမာရေးအသိဉာဏ်များ ယခုထက် ပိုမိုမြင့်မားသွားနိုင်ပြီး ဖြစ်ပွားလေ့ရှိသော၊ ရောဂါလက္ခဏာများ၊ ကာကွယ်ရန်နည်းလမ်းများ သိရှိနိုင်မည့်အပြင် ရောဂါများကာကွယ်တားဆီးရန် အခြေအနေကောင်းများရလာမည်ဖြစ်သည်။ Tablet ဖုန်းမှတစ်ဆင့် ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျန်းမာရေးဝန်ထမ်းများ အကြား ဆက်သွယ်မှုပိုမိုကောင်းမွန်လျင်မြန်မည့်အပြင် ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့် အသိပေးချက်များသည် အချိန်နှင့် တစ်ပြေးညီ ဝန်ထမ်းများထံ ရောက်ရှိသွားမည်ဖြစ်သည်။

“ဒီကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်စာအုပ်ကို တိုင်းရင်းသားဘာသာ ၅၅ မျိုးအထိ Unicef ရဲ့အစီအစဉ်နဲ့ ဘာသာပြန်ပြီးသွားပါပြီ”ဟု ပြည်ထောင်စုဝန်ကြီးက ပြောပြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အရေးပေါ်အသက်ကယ်သင်တန်းကျောင်း(နေပြည်တော်)၌ သင်ကြားမှုသရုပ်ပြသခြင်းကို ကြည့်ရှုလေ့လာစဉ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပြည်သူများ၏ ကျန်းမာရေး အသိအမြင်များ တိုးမြင့်လာရေးအတွက် မီဒီယာများနှင့် လူမှုကွန်ရက်တို့မှ ကျန်းမာရေးအသိပညာ အချက်အလက်များ ဖြန့်ဝေပေးလျက်ရှိပါသည်။ ဥပမာ - ဝက်သက်ရောဂါကာကွယ်ရေး၊ မိခင်နို့ဦးရည်၏ အသုံးဝင်အကျိုးရှိပုံ၊ စပ်ဆေးအန္တရာယ်၊ လေဖြတ်ရောဂါ၊ အမျိုးသမီး သားအိမ်ခေါင်းကင်ဆာရောဂါနှင့် ရင်သားကင်ဆာရောဂါတို့ကို မိမိကိုယ်တိုင် စမ်းသပ်နည်း စသည်တို့နှင့်ပတ်သက်သည့် အသိပညာများကို လူမှုကွန်ရက်မှတစ်ဆင့် မျှဝေရာတွင် တစ်ပတ်အတွင်း လူဦးရေလေးသိန်းဝန်းကျင်အထိ ရောက်ရှိဖြန့်ဝေနိုင်ခဲ့သည်ကို မြင်တွေ့ရသည်။

ကျွမ်းကျင်မှုရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် မွေးဖွားသည့် ကိုယ်ဝန်ဆောင် အရေအတွက်မှာ ၂၀၁၆ ခုနှစ်တွင် ၆ ဒသမ ၈ သိန်းရှိရာမှ ၂၀၁၈ ခုနှစ်တွင် ၇ ဒသမ ၅ သိန်းသို့ မြင့်တက်လာခဲ့သည်။ ဆေးရုံတွင် မွေးဖွားသောနှုန်းလည်း ၂၀၁၆ ခုနှစ်တွင် ၃ ဒသမ ၉ သိန်းမှ ၂၀၁၈ ခုနှစ်တွင် ၄ ဒသမ ၅ သိန်း ရှိလာခဲ့သည်။ မွေးကင်းစကလေးကို သုံးရက်အတွင်း ကြည့်ရှုစောင့်ရှောက်နိုင်သည့်နှုန်းမှာ ၂၀၁၆ ခုနှစ်တွင် ၇၄ ရာခိုင်နှုန်းရှိရာမှ ၂၀၁၈ ခုနှစ်တွင် ၈၃ ဒသမ ၆ အထိ တက်လာကြောင်း သိရသည်။

နိုင်ငံအတွင်း မိခင်သေဆုံးမှုနှင့် ကလေးသေဆုံးမှုတို့ကို လျှော့ချနိုင်ရေးအတွက် အခြေခံအရေးပေါ် သားဖွားမိခင်စောင့်ရှောက်ခြင်းသင်တန်းကို မြို့နယ် ၃၁၂ ခုတွင် ၇၀၇ ကြိမ် သင်တန်းပေးအပ်ခဲ့ပြီး မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းများကြောင့် ၂၀၁၁ ခုနှစ်တွင် မိခင် ၁၅၀၀ ကျော် သေဆုံးခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် သေဆုံးမှု ၈၀၀ အထိ လျော့ကျလာခဲ့ပြီး ဆက်လက်လျော့ကျရန်အတွက် အားထုတ် ဆောင်ရွက်လျက်ရှိပါသည်။ သားဆက်ခြားဆေးဝါးများ လက်လှမ်းမီရရှိရေးအတွက် လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားပစ္စည်းနှင့် သုံးလခံ သန္ဓေတားထိုးဆေးများကို သုံးနှစ်အတွင်း ငွေကျပ်သန်းပေါင်း ၈၀၀၀ ခန့် သုံးစွဲအကုန်အကျခံကာ အခမဲ့ဖြန့်ဝေပေးနေကြောင်း သိရသည်။

ထို့ပြင် လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးအခွင့်အရေးမူဝါဒကို ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲနိုင်ခဲ့သဖြင့် ၂၀၁၉ ခုနှစ် မေလအတွင်း ထွက်ရှိလာမည်ဖြစ်ကြောင်း ဝန်ကြီးဌာနမှ သိရှိရသည်။

မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုထိရောက်ကောင်းမွန်လာရန် ရည်ရွယ်၍ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများနှင့် မွေးကင်းစကလေးစောင့်ရှောက်မှု နေရာ (Newborn care corner)များ သတ်မှတ်ထားရှိကာ လိုအပ်သော ဆေးဝါး၊ ဆေးပစ္စည်းကိရိယာများ ပံ့ပိုးပေးလျက်ရှိပြီး မွေးကင်းစကလေး ပေါင်းစည်းကုသခြင်းလုပ်ငန်း သင်တန်းများကို အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် သင်တန်းများ ပို့ချပေးနေပြီး ၂၀၁၇ ခုနှစ်မှစ၍ ကလေးသေဆုံးမှု စောင့်ကြပ်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ရေးစနစ် ပြောင်းလဲဆောင်ရွက်ခဲ့သဖြင့် အသက် ငါးနှစ်အောက် ကလေးသေဆုံးနှုန်းသည် ၂၀၁၀ ပြည့်နှစ်တွင် ကလေး ၁၀၀၀ အရှင်မွေးလျှင် ၅၉ ယောက်နှုန်းရှိရာမှ ၂၀၁၇ ခုနှစ်မှာ ၄၉ ယောက်နှုန်းသာ သေဆုံးကြောင်း၊ တစ်နှစ်အောက် ကလေးသေနှုန်းတွင် ၂၀၁၀ ပြည့်နှစ်တွင် အရှင်မွေးကလေး ၁၀၀၀ တွင် ၄၆ ယောက်နှုန်းရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၃၀ နှုန်း သာရှိပြီး မွေးကင်းစကလေး သေနှုန်းမှာ ၂၀၁၀ ပြည့်နှစ်တွင် အရှင်မွေးကလေး ၁၀၀၀ တွင် ၃၀ နှုန်းရှိရာမှ ယခုအခါ ၂၄ ဦးနှုန်းသာ ရှိပြီး သိသာစွာလျှော့ချနိုင်ခဲ့ပြီဖြစ်သည်။

အာဟာရ မြှင့်တင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ ပါဝင်သော မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီဖွဲ့စည်းနိုင်ခဲ့ပြီး ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း ၂၀၁၈ - ၂၀၁၉ ခုနှစ်မှ ၂၀၂၂ - ၂၀၂၃ ခုနှစ် Multi - Sectoral National Plan of Action on Nutrition (MS - NPAN) ကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် အပြီးသတ်ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှု အခြေအနေ လေ့လာရေးစစ်တမ်း (Myanmar Micronutrient and Food Consumption Survey) ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ် မေလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ အိမ်ထောင်စုပေါင်း ၂၇၀၀၀ ကို မေးမြန်း၍ ဆောင်ရွက်နိုင်ခဲ့ကြောင်း ဝန်ကြီးဌာန၏ တတိယ (၁)နှစ်တာ ဖြတ်သန်းမှုများအရ သိရသည်။

“အဏုအာဟာရ စစ်တမ်းအရ ကိုယ်ဝန်ဆောင်တွေမှာ ၄၀ ရာခိုင်နှုန်းက သွေးအားနည်းနေတာနဲ့ အသက် ငါးနှစ်အောက်မှာ ၃၆ ရာခိုင်နှုန်းအထိ ရှိနေတာတွေ့ရပါတယ်။ ဒါဟာ လက်မခံနိုင်လောက်တဲ့ အတိုင်းအတာပါ။ ကျွန်တော်တို့မှာ ဆေးလည်းရှိတယ်၊ ဆေးလည်းကုလို့ရတယ်၊ ကာကွယ်လို့လည်းရပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ၂၀၁၇ ခုနှစ်မှာ သွေးအားနည်းရောဂါကာကွယ်ရေးအတွက် ကိုယ်ဝန်ဆောင်မိခင်တွေကို သံဓာတ်ပါဝင်တဲ့ ဆေးပြားလေးကြိမ်နဲ့အထက် ရရှိခဲ့တဲ့မီးဖွားပြီး မိခင် ၇၂ ဒသမ ၃ ရာခိုင်နှုန်း၊ မွေးဖွားပြီးတစ်လအတွင်း မိခင်တွေမှာ ဗီတာမင် ဘီဝမ်းဆေးပြား တိုက်ကျွေးတဲ့အခါ လွှမ်းခြုံနိုင်မှု ၈၃ ရာခိုင်နှုန်း ရရှိခဲ့ပါတယ်။ ပျိုဖော်ဝင်အရွယ် အလယ်တန်းနဲ့ အထက်တန်း ကျောင်းသူတွေကို သံဓာတ်ဆေးပြား တိုက်ကျွေးခြင်း၊ အသက်နှစ်နှစ်မှ ကိုးနှစ်အတွင်း ကလေးတွေနဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူတွေအားလုံး ခြောက်လတစ်ကြိမ် သန်ချဆေး တိုက်ကျွေးခြင်း၊ အိမ်ထောင်စုအဆင့်တွင် အိုင်အိုဒင်းဆားစားသုံးမှု ရာခိုင်နှုန်း ၈၅ ရာခိုင်နှုန်းရှိသော်လည်း စံချိန်မီ အိုင်အိုဒင်းဆား စားသုံးမှု (ဆားတွင် အိုင်အိုဒင်းပါဝင်မှု ၁၅ စစာ နဲ့အထက်)မှာ ၃၇ ရာခိုင်နှုန်းသာရှိသည့်အတွက် အိုင်အိုဒင်းချို့တဲ့မှု ရောဂါတွေ ပပျောက်ရေးအတွက် တစ်နိုင်ငံလုံးအိုင်အိုဒင်းဆား စားသုံးရေးအစီအစဉ်နဲ့ အာဟာရပညာပေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်”ဟု အာဟာရနှင့် သက်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်ချက်များအား ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

မြန်မာနိုင်ငံတွင် မကူးစက်နိုင်သည့် ရောဂါများဖြစ်သော သွေးတိုး၊ ဆီးချို သွေးချိုနှင့် နောက်ဆက်တွဲရောဂါများ ဖြစ်ပွားမှုနှုန်းသည် နှစ်စဉ်မြင့်တက်နေပြီး အချိန်မီ မထိန်းချုပ်နိုင်ပါက နောက်ငါးနှစ်အတွင်း ကျန်းမာရေးဘတ်ဂျက်၏ ထက်ဝက်နီးပါးသည်

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ

ယင်းရောဂါများကို ကုသရန်အတွက်သာ အသုံးပြုရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၈၀၀ ခန့်တွင် ဗုဒ္ဓဟူးနေ့တိုင်း ဆေးခန်းဖွင့်လှစ်၍ လူနာများ၏ သွေးတွင်းသကြားဓာတ်ကို စစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် လိုအပ်သူများကို အခမဲ့ဆေးပေးနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဖြစ်များသည့် သွေးတိုး၊ ဆီးချိုနှင့် သွေးချိုရောဂါများသည် စောစီးစွာသိရှိ ကုသပါက နောက်ဆက်တွဲ ဆိုးကျိုးများလျော့ပါးစေသည့်အတွက် တစ်ပြည်လုံးတွင် အားထည့်ဆောင်ရွက်နေကြောင်း ပြည်ထောင်စုဝန်ကြီးထံမှ သိရှိရသည်။

"မကူးစက်တတ်တဲ့ ရောဂါတွေထဲမှာ ကင်ဆာရောဂါတွေ တစ်နိုင်ငံလုံးမှာ ဘယ်လောက်ဖြစ်နေပြီလဲဆိုတာ အတိအကျပြောလို့မရသေးတဲ့အတွက် လူဦးရေ အခြေခံသော မှတ်ပုံတင်စနစ်(Population Based Cancer Registry)ကို ဆေးရုံကြီးတွေမှာ စလုပ်နေပါပြီ။ ဘယ်ကင်ဆာအမျိုးအစားသည် ဘယ်တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ ဘယ်လောက်အထိ ဖြစ်တယ်ဆိုတာသိရင် ဆေးတွေဝယ်တာကအစ၊ ကျန်တဲ့ ဆေးပစ္စည်းနဲ့ စက်ပစ္စည်းတွေဝယ်တာအထိအစ မှန်ကန်စွာ ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် အလွန်အရေးကြီးပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မကူးစက်တတ်သော ရောဂါများအနက် တစ်ခုဖြစ်သည့် အရက်စွဲရောဂါဖြစ်ပွားမှုနှုန်းသည် ၂၀၁၈ ခုနှစ်တွင် ၂၀၁၃ ခုနှစ်ကထက် နှစ်ဆခွဲခန့် မြင့်တက်လာခဲ့သည်။ ယင်းသည် နိုင်ငံတော်၏ ပြဿနာတစ်ရပ်ပင်ဖြစ်ပြီး အရက်ကြောင့် အခြားရောဂါများစွာလည်း ဖြစ်ပွားနိုင်ခြင်း၊ ခိုက်ရန်ဖြစ်ပွားမှုမှအစ အခြားထိခိုက်ဆုံးရှုံးမှုများစွာ အပါအဝင် ယာဉ်တိုက်မှုကဲ့သို့သော ဆုံးရှုံးမှုများကို ကြုံတွေ့နေရခြင်းကြောင့် နိုင်ငံတော်အဆင့်အနေဖြင့် ကာကွယ်ထိန်းသိမ်းသင့်သည်ဖြစ်ကြောင်း၊ ထို့အပြင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲမှုလျော့ကျရေးအတွက် ဥပဒေပြဋ္ဌာန်းခြင်းနှင့် ပညာပေးခြင်း စသည့်နည်းလမ်းပေါင်းစုံနှင့် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက မှတ်ချက်ပြုပြောပြသည်။

ကျောင်းကျန်းမာရေး ကဏ္ဍအတွက် တစ်နိုင်ငံလုံးရှိ ကျောင်းသားပေါင်း ၉ ဒသမ ၇ သန်းခန့်အတွက် ကျန်းမာကြံ့ခိုင်ရန်နှင့် နိုင်ငံတော် အနာဂတ်သာယာလှပရန် ရည်ရွယ်၍ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်အတွင်း ကျောင်းကျန်းမာရေး စစ်ဆေးပေးခြင်းကို တစ်နိုင်ငံလုံးရှိ ကျောင်းအားလုံးတွင် ဆောင်ရွက်နိုင်ခဲ့သည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် သန်ချဆေး တစ်နှစ်လျှင် နှစ်ကြိမ်တိုက်ကျွေးနိုင်ခဲ့သော်လည်း အာဟာရဖွံ့ဖြိုးမှုကို ကျောင်းများ၏ ၆၅ ရာခိုင်နှုန်းသာ ဆောင်ရွက်ပေးနိုင်ပြီး ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ကျန်းမာရေး အဆင့်မြင့်တင်ကျောင်းအဖြစ် ကျောင်းအားလုံး၏ ၄၃ ရာခိုင်နှုန်းသာ လုပ် ဆောင်နိုင်သေးပြီး ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ဆက်လက်အရှိန်မြှင့် ဆောင်ရွက်မည်ဖြစ်သည်။

ကူးစက်ရောဂါဖြစ်ပွားနှုန်းသည် ကျဆင်းလာပြီး ၂၀၁၂ ခုနှစ်တွင် ဆေးရုံတက်သူ၏ ၂၂ ဒသမ ၅ ရာခိုင်နှုန်းသည် ကူးစက်ရောဂါကြောင့် သေဆုံးခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် ၁၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါသည်။ ကူးစက်ရောဂါဖြင့် ဆေးရုံတက်သူနှုန်း ကျဆင်းလာပြီး ၂၀၁၄ ခုနှစ်တွင် ၄၁ ရာခိုင်နှုန်းရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၃၈ ရာခိုင်နှုန်းသာရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စာရင်းများအရ သိရှိရသည်။

HIV/AIDS နှင့်ပတ်သက်၍ HIV/AIDS ရောဂါကု ART ဆေး အခမဲ့တိုက်ကျွေးခြင်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ မြို့နယ် ၁၄၁ မြို့နယ်တွင်သာ ဆောင်ရွက်နိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ၂၇၂ မြို့နယ်ရှိ ဌာန ၃၂၂ ခုအထိ တိုးချဲ့နိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် HIV ပိုးကူးစက်ခံထားရသူလူ ၁၀၀၀၀၀ ခန့်ကိုသာ ART ဆေးတိုက်ကျွေးနိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၁၆၆၀၀၀ ဦးခန့်အထိ တိုးမြှင့်ကုသပေးနိုင်ခဲ့သည်ကို မြင်တွေ့ရ သည်။ မိခင်မှ သန္ဓေသားသို့ HIV ပိုးကူးစက်မှု ကာကွယ်ရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များကို HIV ပိုး ရှိ/မရှိကို ၂၀၁၅ ခုနှစ်က ရှစ်သိန်းခန့်သာ စစ်ဆေးနိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ်မှာ တစ်သန်းအထိ စစ်ဆေးပေးနိုင်ခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးစွဲလူနာများအား မက်သဒုန်းအစားထိုး တိုက်ကျွေးသည့်ဌာန ၂၀၁၅ ခုနှစ်တွင် ၄၁ ခုရှိရာမှ ၂၀၁၈ ခုနှစ်ကုန်တွင် ၅၅ ခုအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဌာန ၁၄ ခု ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်သည်။ မူးယစ်ဆေးသွေးကြောအတွင်း ထိုးသွင်းသူများအနက် ၁၆၀၀၀ ကို မက်သဒုန်း အစားထိုးတိုက်ကျွေးလျက်ရှိပါသည်။

"၂၀၁၈ ခုနှစ်မှာ တီဘီလူနာပေါင်း ၁၃၅၄၃၅ ဦးအား အခမဲ့ ရှာဖွေကုသပေးခဲ့ပြီး ဆေးကုသမှုအောင်မြင်မှုနှုန်း ၈၇ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တီဘီဆေးယဉ်ပါး တီဘီရှာဖွေကုသရေးကို အရှိန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းကုန်ကျတဲ့ ဇီဝလုံခြုံမှုအဆင့်(၃)ရှိတဲ့ ဓာတ်ခွဲခန်းကို တောင်ကြီးမြို့မှာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ GeneXpert လို့ခေါ်တဲ့ ဆေးယဉ်ပါးတီဘီကို မိနစ် ၉၀ ခန့်အတွင်းသိနိုင်တဲ့ စက် ၈၆ လုံးကို ခရိုင်အဆင့် တီဘီတိုက်ဖျက်ရေးဌာနတွေအတွက် တပ်ဆင်အသုံးပြုနိုင်ခဲ့ပါတယ်။ နိုင်ငံအတွက် အန္တရာယ်ကြီးမားတဲ့ ဆေးယဉ်ပါးတီဘီမှာ MDR-TB နဲ့ XDR-TB အဆင့် နှစ်ဆင့်ရှိပါတယ်။ ပြင်းထန်ဆေးယဉ်ပါးတီဘီ (XDR-TB) အဆင့်ဖြစ်ရင် အလွန်ပြင်းထန်ပြီး အသက်အန္တရာယ် စိုးရိမ်ရပါတယ်။ ဆေးတွေက ပြင်းထန်တဲ့အတွက် ဘေးထွက်ဆိုးကျိုးက များပါတယ်။ ဒီလိုဆေးယဉ်ပါးတီဘီတွေမဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်"ဟု တတိယ (၁)နှစ်တာ ဖြတ်သန်းမှုများအတွင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသည်။

၂၀၁၇ - ၂၀၁၈ ခုနှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်ခဲ့သည့် တီဘီရောဂါဖြစ်ပွားမှု အခြေအနေစစ်တမ်းရလဒ်အရ မြန်မာနိုင်ငံတွင် တီဘီရောဂါဖြစ်ပွားမှုနှုန်းမှာ ၂၀၁၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက သလိပ်မှာ ပိုးတွေ့လူနာထက်ဝက်အထိ လျော့ကျခဲ့ကြောင်း သိရသည်။

ငှက်ဖျားရောဂါဖြစ်ပွားမှုတွင် ၂၀၁၆ ခုနှစ်၌ ငှက်ဖျားဖြစ်ပွားသူ ၁ ဒသမ ၁ သိန်းရှိရာမှ ၂၀၁၈ ခုနှစ်တွင် ၆၈၀၀၀ သာရှိလာသည်။ ၂၀၁၈ ခုနှစ်တွင် ငှက်ဖျားကြောင့် သေဆုံးသူ တစ်နိုင်ငံလုံးတွင် ၁၄ ဦးသာရှိခဲ့ပြီး ငှက်ဖျားကင်းစင်ရေး ရည်မှန်းချက်ကို ရရှိအောင် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ ဆေးယဉ်ပါးငှက်ဖျားရောဂါနှင့် ပိုးသတ်ဆေးယဉ်ပါးသည့် ငှက်ဖျားခြင် မတွေ့ရှိရကြောင်းသိရပြီး ဆေးစိမ်ခြင်ထောင်များကို ၂၀၁၇ ခုနှစ်က ၄ ဒသမ ၉ သန်း ဖြန့်ဝေခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ခြောက်သန်းခန့်ဖြန့်ဝေမည်ဖြစ်သည်။

"သွေးလွန်တုပ်ကွေးက ၂၀၁၈ ခုနှစ်မှာ လူနာ ၂၃၀၀၀ ခန့် ဖြစ်နေပါသေးတယ်။ သေတာကလည်း ၁၁၂ ဦးရှိတယ်။ အမှန်ကတော့ သွေးလွန်တုပ်ကွေးရောဂါဆိုတာ ပြည်သူ့ကျန်းမာရေးနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို သေချာလုပ်ရင် ဖြစ်ပွားမှုတွေ အလွန်လျော့နည်းသွားနိုင်တဲ့ ရောဂါဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ကျန်းမာရေးအသိပညာရှိရှိနဲ့ ပိုးလောက်လမ်းနဲ့ ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းတွေကို ဂရုတစိုက် သေချာစွာဆောင်ရွက်ကြဖို့ အထူးအရေးကြီးပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

ဆင်ခြေထောက် ရောဂါကာကွယ်ရေးအတွက် တစ်ပြည်လုံး အတိုင်းအတာဖြင့် အမြစ်ပြတ်အောင် ဆောင်ရွက်နေပြီး သန်ချဆေးပေါင်းကို ဆင်ခြေထောက်ရောဂါ အမြစ်တွယ်နေမှုရှိနေသေးသည့် ခရိုင်နှင့် မြို့နယ်များမှ လူဦးရေ ၃၃ သန်းကို တိုက်ကျွေးလျက်ရှိသည်။ အနာကြီးရောဂါဖြစ်ပွားမှုနှုန်းမှာ ကျဆင်းလာသော်လည်း တစ်နှစ်လျှင် လူနာအသစ် ၂၀၀၀ ခန့် တွေ့နေရသေးသဖြင့် အနာကြီးရောဂါ လုံးဝကင်းစင်ရေးအတွက် အရှိန်အဟုန်မြှင့်တင် အလေးပေးဆောင်ရွက်လျက်ရှိသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မွေးကင်းစအရွယ်မှစ၍ ကလေးများကို ကာကွယ်ဆေးထိုးသည့်အစီအစဉ်အဖြစ် ကာကွယ်ဆေး ၁၁ မျိုး ထိုးနှံပေးနေကြောင်း သိရသည်။ ပုံမှန်ကာကွယ်ဆေးအစီအစဉ်အတွက် ကာကွယ်ဆေးများဝယ်ယူရန် နိုင်ငံတော်အစိုးရက ပျမ်းမျှတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းခန့် နှစ်စဉ်ထည့်ဝင်သုံးစွဲလျက်ရှိသည်။ ကာကွယ်ဆေးလွှမ်းခြုံမှုမှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် အမျိုးသမီးသားအိမ်ခေါင်းကင်ဆာနှင့် Rota virus ကြောင့်ဖြစ်သော ဝမ်းလျှောရောဂါကာကွယ်ဆေးအသစ် နှစ်မျိုးကို ထပ်မံထည့်သွင်း ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

"ခွေးရူးပြန်ရောဂါအတွက် သုံးနှစ်တာကာလလအတွင်းမှာ ခွေးရူးပြန်ကာကွယ်ဆေးနဲ့ ပဋိပစ္စည်းတွေအတွက် နိုင်ငံတော်က ငွေကျပ် ၁၄ ဘီလီယံခန့်ကိုဝယ်ယူသုံးစွဲပြီး အခမဲ့ထိုးနှံပေးခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ခွေးကိုက်ခံရတဲ့လူနာ ၁၉၀၀၀၀ အထိ ထိုးပေးခဲ့တယ်။ ခွေးရူးပြန်ရောဂါနဲ့ သေဆုံးမှုက လျော့နည်းလာပါတယ်။ ၂၀၁၈ ခုနှစ်မှာ ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူ ၇၀ သာရှိပါတော့တယ်။ ခွေးကိုက်မခံရရင် ခွေးရူးပြန်ကာကွယ်ဆေးထိုးစရာ မလိုတာကြောင့် ဘဏ္ဍာငွေလည်း သက်သာသွားမယ်။ ခွေးမကိုက်အောင် ကျွန်တော်တို့ လုပ်ပေးလို့ မရပါဘူး။ သက်ဆိုင်ရာဌာနတွေ စုပေါင်းအဖြေရှာကြရမှာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးကပြောသည်။

မြွေကိုက်ခံရပြီး သေဆုံးမှုနှုန်းမှာ ကျဆင်းလာ၍ ၂၀၁၃ ခုနှစ်တွင် လူတစ်သန်း၌ ၁၂ ဦး သေဆုံးရာမှ ၂၀၁၈ ခုနှစ်တွင် လူတစ်သန်း၌ ကိုးဦးသာ သေဆုံးကြောင်း သိရှိရသည်။

"ရခိုင်ပြည်နယ်မှာတွေ့ရှိခဲ့တဲ့ ရေချိုခရုကနေကူးစက်တဲ့ သန်ပြားကောင်ရောဂါ (Schistosomiasis) ဖြစ်ပွားမှုနဲ့ပတ်သက်လို့ ရောဂါမပြန့်ပွားအောင် စီမံချက်တွေရေးဆွဲပြီး စနစ်တကျ ဆောင်ရွက်နေပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်နေပါတယ်။ ဒီကိစ္စက အရေးကြီးတဲ့ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခု ဖြစ်ပါတယ်။ လူတွေက ရေထဲမှာ လမ်းလျှောက်သွားတဲ့အတွက် ရေထဲကတစ်ဆင့် အရေပြားကနေ ဝင်လာတဲ့ရောဂါဖြစ်ပါတယ်။ ဒီရောဂါ ဖြစ်ပွားမှုကို ထိန်းချုပ်ဖို့အတွက် အသုံးချသုတေသနတွေ သေချာစွာ လေ့လာပြုလုပ်လျက်ရှိပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားသည်။

ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများ ကူးစက်ရောဂါဗေဒဆိုင်ရာ အသိညာဏ်ဗဟုသုတ မြင့်မားရန်အတွက် ကူးစက်ရောဂါဆိုင်ရာ လက်တွေ့ကွင်းဆင်းလေ့လာခြင်းသင်တန်း (Field Epidemiology Training Program - FETP) များကို ဖွင့်လှစ်ပို့ချပေးနေကြောင်း ဝန်ကြီးဌာနမှ သိရသည်။

"နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ကျွန်တော်တို့ Global Fund, Gavi, Access to Health Fund, USAID, World Bank, ADB, DFID တို့နဲ့ ပူးပေါင်းပြီး လုပ်နေတဲ့အပြင် UN အဖွဲ့အစည်းတွေဖြစ်တဲ့ WHO, Unicef, UNDP, UNOPS, UNFPA, FAO တို့နဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။ ထိုင်းနိုင်ငံက TICA အဖွဲ့၊ ဂျပန်နိုင်ငံက JICA အဖွဲ့နဲ့ ကိုရီးယားက KOICA အဖွဲ့တွေကလည်း အကူအညီအထောက်အပံ့တွေ ပေးအပ်ထားတဲ့အပြင် INGO အဖွဲ့စည်း ၈၀ ကျော်နဲ့လည်း ပူးပေါင်းလုပ်နေပါတယ်။ ဒီလောက်များတဲ့ INGO တွေ ဘာလုပ်နေလဲဆိုတာ သိနိုင်အောင်လို့ ကျွန်တော်တို့ INGO Profile စာအုပ်ကို ပြုစုထုတ်ဝေပြီး ဘယ်နေရာမှာ ဘယ်အဖွဲ့က ဘာလုပ်နေလဲဆိုတာကို အတိအကျသိရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းတွေ ထပ်နေတယ်ဆိုရင် ပိုက်ဆံမကုန်သင့်ဘဲ ကုန်နေတာမျိုးဖြစ်နေမှာစိုးတဲ့အတွက် ယခုထက်ပိုပြီး စနစ်ကျဖြစ်အောင် လုပ်ဖို့ရှိပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ တက္ကသိုလ်တွေနဲ့ နိုင်ငံပေါင်း ၁၄ နိုင်ငံက ကျန်းမာရေးနဲ့ နှီးနွှယ်တက္ကသိုလ်တွေအကြား သဘောတူညီမှုစာချွန်လွှာ ၇၅ ခု ထိုးပြီး ကုသရေး၊ သင်ကြားရေးနဲ့ သုတေသနအပိုင်းမှာ အကုန်ပူးပေါင်း ဆောင်ရွက်နေပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

သုံးနှစ်အတွင်း နိုင်ငံတကာအစည်းအဝေး၊ ညီလာခံနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ ၁၅၅၇ ဦး၊ ခြောက်လအောက်သင်တန်းများ ၁၁၆၄ ဦး၊ ခြောက်လအထက် သင်တန်းများ ၂၆၂ ဦး၊ မဟာသိပ္ပံ ၈၆ ဦးနှင့် ပါရဂူသင်တန်း ၄၅ ဦးတို့ စေလွှတ်ခဲ့ရာလူဦးရေ ၆၅၃၅ ဦး ရှိပြီဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ အစည်းအဝေးနှင့် ညီလာခံ စုစုပေါင်း ၄၀ ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ဘွဲ့ကြိုလက်မှတ်ရ အထူးပြုသူနာပြုဒီပလိုမာတန်းအဖြစ် ၂၀၁၈ ခုနှစ်တွင် အစာအိမ်နှင့်အူလမ်းကြောင်း၊ နှလုံးနှင့် သွေးကြော၊ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းတို့ကို ထပ်မံဖွင့်လှစ်ထားပြီး အခြားဘွဲ့ကြို ဒီပလိုမာဖြစ်သော ကျန်းမာရေးသတင်းအချက်အလက်နည်းပညာ၊ ဓာတ်ရောင်ခြည်ကုသမှုနှင့် သူနာပြုသိပ္ပံ(ပေါင်းကူး)တို့ကို ထပ်တိုးဖွင့်လှစ်ခဲ့သည်။ ဘွဲ့လွန်သင်တန်း၊ ဒီပလိုမာသင်တန်း နှစ်မျိုး၊ မဟာသိပ္ပံသင်တန်း ခြောက်ခုနှင့် ပါရဂူဘွဲ့သင်တန်းလေးမျိုး စုစုပေါင်း ဘွဲ့လွန်သင်တန်း အသစ် ၁၂ မျိုး တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ယခုအခါ ဒီပလိုမာသင်တန်း၊ ဘွဲ့ကြိုသင်တန်း၊ ဘွဲ့လွန်သင်တန်း၊ မဟာသိပ္ပံ သင်တန်းနှင့် ပါရဂူသင်တန်း စုစုပေါင်း ၁၂၆ ခု ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ်မှာ M.B.B.S အပါအဝင် ဘွဲ့လွန်၊ ဘွဲ့ကြို ဒီပလိုမာနှင့် မဟာသိပ္ပံပါရဂူရရှိသူ စုစုပေါင်း ၈၃၃၆ ဦး မွေးထုတ်နိုင်ခဲ့ပြီး သုံးနှစ်တာကာလအတွင်း စုစုပေါင်း ၂၂၀၀၀ ခန့်ရှိသည်။

"နိုင်ငံက ဆေးတက္ကသိုလ်တွေမှာ သင်ကြားမှုစနစ်ကို ကမ္ဘာ့အဆင့်အတန်းမှီအောင် Integrated Teaching ပေါင်းစပ်သင်ကြားမှုစနစ်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ စတင်မှာ ဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ရဲ့

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၁ ] မှ

ဆေးတက္ကသိုလ်တွေရဲ့ ဘွဲ့ရတွေကို ကမ္ဘာ့နိုင်ငံတွေ က အသိအမှတ်ပြုမှာ ဖြစ်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

“နိုင်ငံမှာ သက်ကြီးရွယ်အိုတွေများလာတဲ့အတွက် သက်ကြီးရွယ်အိုစောင့်ရှောက်မှုသင်တန်းကို ဂျပန်နိုင်ငံနဲ့ပူးပေါင်းပြီး ဖွင့်လှစ်ခဲ့ပါတယ်။ သူနာပြုအင်အားက အတော်နည်းတဲ့အတွက် တစ်နှစ်ကို သူနာပြု၊ သားဖွားဒီပလိုမာသင်တန်းအတွက် ၁၈၀၀ ခေါ်ယူနေရာကနေ ၂၀၁၈ ခုနှစ်မှာ ၃၆၉၀ အထိ တိုးမြှင့်ခေါ်ယူခဲ့ပါတယ်။ သူနာပြုသိပ္ပံ (Bachelor of Nursing Science - B.N.Sc)ကို တစ်နှစ်လျှင် ၃၀၀ ခေါ်နေရာကနေ ၄၀၀ ခေါ်နေပါပြီ။ နောက်သုံးနှစ်မှာ သူနာပြု ၄၀၀၀ နီးပါး ထွက်လာမယ်ဆိုရင် နိုင်ငံက သူနာပြုရှားပါးမှုကို ဖြေရှင်းနိုင်မယ်လို့ ထင်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ခက်ခဲဒေသနှင့် အထူးဒေသ ခြောက်ခုရှိ ဆေးတက္ကသိုလ်တက်ရောက်လိုသော ကျောင်းသားများအတွက် ဆေးတက္ကသိုလ်တက်ခွင့်ရသူ စုစုပေါင်းပမာဏ၏ ခြောက်ရာခိုင်နှုန်းကို ဆေးတက္ကသိုလ်ဝင်ခွင့်များ ပေးအပ်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ခက်ခဲနှင့် အထူးဒေသ မှ ၅၆ ဦး၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၈၁ ဦး၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၇၂ ဦး တက်ရောက်လျက်ရှိသည်။ ၎င်းတို့အား အမှတ်လျှော့ပေါ့မှုဖြင့် တက်ရောက်ခွင့်ပြုထားပြီး ယင်းဒေသများမှ သူနာပြုသင်တန်းတက်ရောက်ခွင့်ကို စုစုပေါင်းပမာဏ၏ ၁၀ ရာခိုင်နှုန်းကို တက်ရောက်ခွင့်ပေးခဲ့ခြင်းဖြင့် ဝေးလံခက်ခဲဒေသများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုတိုးတက်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ အရည်အသွေးပြည့်မီ၍ ဘေးဥပါဒ်ကင်းစင်သော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များ ရရှိသုံးစွဲရန် လက်ရှိဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ Post Marketing Survillance ဖြစ်သည့် ဈေးကွက်ထောက်လှမ်းခြင်းလုပ်ငန်းဖြင့် ဈေးကွက်အတွင်းမှ အစားအသောက်များကို စစ်ဆေးလျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် အစားအသောက်နမူနာ ၆၇၄၆ ခု စစ်ဆေးခဲ့ပြီး စားသုံးရန်မသင့်သော စားသုံးကုန်များကို အများပြည်သူသိရှိအောင် ထုတ်ပြန်ကြေညာခြင်းနှင့် တရားစွဲဆို အရေးယူလျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် ဈေးကွက်အတွင်းမှ ဆေးဝါးနမူနာ ၂၉၈ မျိုးကို စစ်ဆေးပေးနိုင်ခဲ့သည်။

“ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ကနေ အစားအသောက်၊ ဆေးဝါးနဲ့ပတ်သက်ပြီး သွင်းကုန်ပို့ကုန်လုပ်ငန်းတွေ ထောက်ခံချက်က ၇၄၅၂ ခု၊ သွင်းကုန်ကျန်းမာရေး ထောက်ခံချက်က ၉၇၃၀၊ ပို့ကုန်လိုင်စင်ထောက်ခံချက် ၃၈၀ နဲ့ ပို့ကုန်ကျန်းမာရေးထောက်ခံချက် ၆၇ ခု ထုတ်ပေးခဲ့ပါတယ်။ အလားတူစွာ ဆေးဝါးနဲ့ ဆေးပစ္စည်းတွေအတွက် ထောက်ခံချက်မြောက်မြားစွာကို ပေးလျက်ရှိပါတယ်။ အရည်အသွေး မပြည့်မီတာတွေ၊ မကောင်းတာတွေကို လိုင်စင်ထုတ်ပေးလိုက်မိရင် ပြည်သူကို အသက်အန္တရာယ်ရှိတဲ့အတွက် ဒါကို လုံးဝမလျှော့ပါဘူး။ သေချာလုပ်ပါတယ်။ ဆေးဝါးမှတ်ပုံတင် လျှောက်ထားခြင်းကို အွန်လိုင်းကနေတစ်ဆင့် လျှောက်လို့ရပါပြီ”ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားသည်။

အလားတူ FDA ရှိ ဓာတ်ခွဲခန်းများမှာ ကမ္ဘာ့အဆင့်မီရန် ဆောင်ရွက်ထားပြီး ဆေးဝါး ဓာတုဓာတ်ခွဲခန်းသည် ISO/IEC 17025:2005 ရရှိထားခဲ့ပြီးဖြစ်သည့်အပြင် ၂၀၁၈ ခုနှစ်တွင် updated ဖြစ်သော ISO 17025/2017 ကို ဆက်လက်ရရှိထိန်းသိမ်းနိုင်ခဲ့ပါသည်။ နိုင်ငံတော်မှ ငွေကျပ်သန်း ၁၈၀၀ ခန့် အကုန်အကျခံတည်ဆောက်ခဲ့သည့် နိုင်ငံတကာအဆင့်မီဓာတ်ခွဲခန်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်ခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုကို ရွေ့လျားဓာတ်ခွဲခန်းယာဉ်(Mobile Lab Van) တစ်စီးစီ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ခြောက်လအတွင်း ရွေ့လျားဓာတ်ခွဲခန်းယာဉ်များကို အသုံးပြု၍ အစားအသောက်နှင့် ဆေးဝါးနမူနာပေါင်း ၆၂၀၀ ကျော်နှင့် ၂၆၄ ကြိမ်ခန့် စစ်ဆေးပေးနိုင်ခဲ့ကြောင်း ဝန်ကြီးဌာနမှ သိရှိရသည်။

သုတေသနကဏ္ဍတွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၆ ဒသမ ၅ သန်းသာ လျာထားနိုင်ခဲ့ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၁၀၀၀၊ ၂၀၁၈ ဘဏ္ဍာနှစ် ပထမခြောက်လတွင် ငွေကျပ်သန်း ၅၀၀ နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်တွင် ငွေကျပ်သန်း ၁၅၀၀ ခွင့်ပြုခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀၀၀ အထိ တိုးမြှင့်ဆောင်ရွက်နိုင်ရန် လျာထားလျက်ရှိပါသည်။ လက်တွေ့အသုံးချသုတေသနလုပ်ငန်း (Implementation Research)များ ဦးစားပေးဆောင်ရွက်နေပြီး နိုင်ငံအတွင်း ကျန်းမာရေးနှင့်ပတ်သက်သည့် သုတေသနစာရင်းများကို Health Research Registry ဖြင့် မှတ်ပုံတင်ထားရှိခြင်းစနစ်နှင့် သုတေသနသတင်းအချက်အလက်စနစ် (Research Information System)ကို ဖော်ဆောင်ထားရှိပြီး ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်တွင် အမျိုးသားကျန်းမာရေးသုတေသနမူဝါဒကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ရေးဆွဲ၍ နိုင်ငံတော်မှ အတည်ပြုပေးခဲ့ပြီး ၎င်းပါအချက်အလက်များအတိုင်း သုတေသနလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သုတေသနညီလာခံကို နှစ်စဉ် ဇန်နဝါရီလတွင် ကျင်းပလျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် စာတမ်းပေါင်း ၂၃၁ ခု ဖတ်ကြားနိုင်ခဲ့ပြီး နိုင်ငံများစွာက သုတေသနပညာရှင်များ လာရောက်ဆွေးနွေးခဲ့ခြင်းကြောင့် နိုင်ငံ၏ သုတေသနအဆင့်အတန်းသည် ကမ္ဘာသို့ပါရင် ပေါင်တန်းနိုင်ခဲ့ပြီဖြစ်သည်။

ပြင်ဦးလွင်မြို့နယ်ရှိ ဆေးသုတေသန ဦးစီးဌာန(ရုံးခွဲ)ကို သင်တန်းဌာနပုံစံအဖြစ် ယခုနှစ်တွင် စတင်ဆောင်ရွက်နေပြီး သုတေသနနှင့်ပတ်သက်သည့် သင်တန်းများ ပို့ချလျက်ရှိပါသည်။ ဆေးသုတေသနဦးစီးဌာနမှ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ် ၁၆ ခုရှိ ဘွဲ့ကြိုနှင့် ဘွဲ့လွန်ကျောင်းသားများအား သုတေသနစာတမ်းများ အရည်အသွေးမြင့်မားအောင် သုတေသနဆိုင်ရာ နည်းပညာအထောက်အပံ့ပေးလျက်ရှိရာ သုံးနှစ်အတွင်း ကျောင်းသားပေါင်း ၁၀၉၃ ဦးအထိ ရှိလာကြောင်း သိရသည်။

“တိုင်းရင်းဆေးတက္ကသိုလ် ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပညာရှင်ပေါင်းစုံပါဝင်တဲ့အဖွဲ့နဲ့ ဘက်စုံသုံးသပ်ပြီး တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို ဆေးတက္ကသိုလ်တွေနည်းတူဖြစ်အောင် ဆောင်ရွက်နေပါပြီ။ မြန်မာ့ပရဆေးပင်ကျမ်းအတွဲ(၂) (Myanmar Herbal Pharmacopia, Volume 2)ကို ထုတ်ဝေနိုင်ခဲ့တဲ့အပြင် မြန်မာ့တိုင်းရင်းဆေးဖုံတွေရဲ့ ဖော်စပ်ပုံကို စံသတ်မှတ်ခြင်း (Standardization of Traditional Medicine Formulations)ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဌာနသုံးတိုင်းရင်းဆေးနည်းတွေနဲ့ သမားစဉ်ဆေးဖုံ ဘယ်လောက်သုံးရမယ်ဆိုတာတွေကို သုတေသန လုပ်နေပါပြီ။ နိုင်ငံတော်က ငွေကျပ် ၄ ဒသမ ၆၇ ဘီလီယံ အကုန်အကျခံပြီး ခေတ်မီတိုင်းရင်းဆေးစက်ရုံကြီးကို မန္တလေးမြို့မှာ ၂၀၁၉ ခုနှစ် မတ်လအတွင်း ဖွင့်လိုက်ပါ ပြီ။ တိုင်းရင်းဆေးလောက မြှင့်တင်ဖို့အတွက် နှစ်စဉ်တိုင်းရင်းဆေး သုတေသနစာတမ်းဖတ်ပွဲတွေအပြင် တိုင်းရင်းဆေးသမားတော်တွေ ညီလာခံကို ကျင်းပပါတယ်။ စာတမ်းဖတ်ပွဲနဲ့ ညီလာခံတွေက ထွက်ရှိလာတဲ့ ထောက်ခံချက်နဲ့ အဆိုပြုချက်တွေကို လုံးဝအကောင်အထည်ဖော်ရပါမယ်။ တိုင်းရင်းဆေးပညာ အဆင့်မြှင့်တင်ရေးအတွက် အကြံပြုပေးနိုင်ဖို့ ဝါရင့်တိုင်းရင်းဆေးပညာရှင်တွေ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ အငြိမ်းစားပညာရှင်တွေ၊ တိုင်းရင်းဆေးထုတ်လုပ်သူတွေ ပါဝင်တဲ့ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ (Technical advisory Group on Traditional Medicine) ကို ဖွဲ့စည်းထားပြီး ၎င်းအဖွဲ့ရဲ့ အကြံပေးချက်တွေကို စိစစ်သုံးသပ်ပြီး တိုင်းရင်းဆေးလောကကြီး တိုးတက်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။



အခြေခံကျန်းမာရေးဝန်ထမ်းများ အရည်အသွေးတိုးတက်စေရန်အတွက် ဖြန့်ဝေထားသော Mobile Tablet များ အသုံးပြုနည်း သင်တန်းတွင် လေ့လာသင်ယူနေကြပုံကို တွေ့ရစဉ်။

“ပြည်သူလူထုရဲ့ ကျန်းမာရေးတိုးတက်ကောင်းမွန်ဖို့ အားကစားနဲ့ ကိုယ်လက်လှုပ်ရှားမှုဟာ အလွန်အရေးကြီးတဲ့အတွက် ၂၀၁၇ ခုနှစ် အောက်တိုဘာလမှာ Healthy Myanmar Seminar: Exercise is Medicine တစ်ခုကျင်းပခဲ့ပါတယ်။ ထွက်ပေါ်လာတဲ့ ဆုံးဖြတ်ချက် ၁၃ ချက်အပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်နေပါတယ်။ အမျိုးသမီးအားကစားအဖွဲ့ချုပ်က တိုင်းဒေသကြီးနဲ့ ပြည်နယ် ခုနစ်ခုမှာ ‘ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး’ အစီအစဉ်နဲ့ လေ့ကျင့်ခန်းတွေ စနစ်တကျသင်ကြား ဆောင်ရွက်နေပါတယ်။ အားကစားနဲ့ ကာယပညာဦးစီးဌာနက ဝန်ထမ်းတွေကို ကိုယ်လက်လှုပ်ရှားမှု (Physical Fitness Dance)ကို ရုံးဆင်းချိန်တွေမှာ နေ့စဉ်ပြုလုပ်ပါတယ်။ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်တို့က အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ အရာရှိ၊ အရာထမ်း၊ အကြပ်စစ်သည် မိသားစုတွေ၊ သူနာပြု သင်တန်းကျောင်းနဲ့ သားဖွားသင်တန်းကျောင်းတွေကို နည်းပြတွေစေလွှတ်၍ သင်တန်းပို့ချပေးခဲ့ပါတယ်။ Physical Fitness Dance သင်တန်းတွေကို နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းတွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်က အားကစားမှူးတွေနဲ့ ဆရာမတွေ ၅၀၀ ခန့်ကို နေပြည်တော်တွင် သင်တန်းပေးခဲ့ပါတယ်။

နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိရေးမှသည် မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် အမှန်တကယ်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီအမံချမှတ်သွားရန် ရည်ရွယ်၍ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် National Sports Seminar ကို နေပြည်တော်တွင် ၂၀၁၈ ခုနှစ် မတ်လအတွင်းမှာ ပြုလုပ်ခဲ့ပြီး ဝန်ကြီးဌာနများနှင့် ကဏ္ဍပေါင်းစုံမှ ကိုယ်စားလှယ် ၄၈၃ ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးမှ ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့်နယ်ပယ် ကိုးရပ်မှ ဆက်လက်ဆောင်ရွက်ရမည့် အချက် ၇၃ ချက်အနက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်ရမည့် ၁၉ ချက်ကို ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိသည်။

“ပြည်သူတွေ အလွယ်တကူ လေ့ကျင့်ခန်းပြုလုပ်နိုင်ရန် Outdoor Fitness Equipment ၁၁၂၇ စုံ(တစ်စုံလျှင် အားကစားနည်း လေးမျိုးပါ)ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ တပ်ဆင်ပေးတဲ့အပြင် သူနာပြုနဲ့ သားဖွားသင်တန်းကျောင်း ၅၀ မှာ ပံ့ပိုးပေးခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး (၁၉)ကြိမ်မြောက် ASEAN University Games ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပပေးနိုင်ခဲ့ပါတယ်။ အားကစားသိပ္ပံ ခြောက်ခု(ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာနဲ့ လွိုင်ကော်) တို့မှ ဘက်စုံခြုံငုံသုံးသပ်မှုကိုလုပ်ခဲ့ပြီး မြန်မာ့လက်ရွေးစင်အားကစားသမားတွေ မွေးထုတ်နိုင်အောင် လေ့ကျင့်ပေးနေပါတယ်။ အထူးသဖြင့် သိပ္ပံနည်းကျ ခေတ်မီနည်းစနစ်တွေနဲ့ လေ့ကျင့်သင်ကြားနိုင်ဖို့ B.Sc(Sports)ဘွဲ့ရ အားကစားမှူးတွေ မွေးထုတ်ထားပါပြီ။ သူတို့ကို ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနမှာ အလုပ်ခန့်ထားပါတယ်။ နွေရာသီ အားကစားသင်တန်းတွေ ဖွင့်လှစ်ပြီး ကျောင်းသားတွေကို ပုံမှန်သင်တန်းပေးနေရာ ယခင်က သင်တန်းသားဦးရေ ၇၀၀၀၀ ခန့်သာ တက်ရောက်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၁၂၀၀၀၀ လောက်တက်ရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ (Myanmar Olympic Council)ကို နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးလိုက်ပါပြီ။ ဒီကောင်စီကနေ မြန်မာနိုင်ငံရဲ့ အားကစားလောကတစ်ခုလုံး တိုးတက်အောင် ဘာတွေလုပ်သင့်လဲ ဘယ်လိုလုပ်ရမလဲဆိုတာကို မူဝါဒတွေချမှတ်ပါမယ်” ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ဝန်ထမ်းများသည် ပြည်သူများ ရောဂါဘယကင်းရှင်းရေးနှင့် ရောဂါဖြစ်ပွားလာပါက ထိရောက်စွာ ကုသမှုခံယူရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေဖြင့် ကျန်းမာရေးအတွက် နံပါတ်(၁) ဆေးလိပ်၊ အရက်နှင့် ကွမ်းယာကို လျှော့ချ၍ ဖြစ်နိုင်ပါက လုံးဝမသောက်ကြရန်၊ နံပါတ်(၂) ကိုယ်လက်လှုပ်ရှားအားကစား မှန်မှန်လုပ်ဆောင်ရန်၊ နံပါတ်(၃)အလွန်ချိုသော အစာ၊ အလွန်ငန်သော အစာ၊ အလွန်အဆီများသော အစာများကို လျှော့စားရန်၊ နံပါတ်(၄) FDA အသိအမှတ်ပြုသည့် ဆေးများကိုသာ သုံးစွဲရန်၊ နံပါတ်(၅)နှလုံး၊ သွေးတိုးနှင့် လေဖြတ်ရောဂါများ ဖြစ်ပွားစေတတ်သော စိုးရိမ်သောကများနှင့် လောဘ၊ ဒေါသ၊ မောဟတို့ကို လျှော့ချရန်၊ နံပါတ်(၆) ကလေးများအား ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်သော ကူးစက်ရောဂါ ၁၁ မျိုးမှ ကြိုတင်ကာကွယ်နိုင်ရန် ထိုးသင့်သည့်အချိန်၌ မပျက်မကွက်လာရောက် ထိုးနှံတိုက်ကျွေးကြရန်နှင့် နံပါတ်(၇) ကျန်းမာရေးဝန်ထမ်းများနှင့် မီဒီယာများမှတစ်ဆင့် ဖြန့်ဝေပေးနေသော ကျန်းမာရေးအသိပညာများကို အလေးအနက်မှတ်သားလိုက်နာရန်၊ နံပါတ်(၈)ဝန်ကြီးဌာနမှ ထုတ်ဝေထားသော ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ်ကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ရယူနိုင်သည်ဖြစ်ပြီး စာအုပ်ပါ အချက်အလက်များကို လေ့လာ၍ လိုက်နာကျင့်သုံးခြင်းဖြင့် ရောဂါတော်တော်များများဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ကြပါရန်နှင့် နံပါတ်(၉) ရောဂါဖြစ်ပွားပါက စောစီးစွာ ဆေးရုံ/ဆေးခန်းများတွင် ကုသမှုခံယူရန်တို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။

သို့မှသာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကပေးအပ်သည့် ဝန်ဆောင်မှုများက ထိရောက်အကျိုးရှိမည်ဖြစ်ကာ ပြည်သူများအနေဖြင့် ကျန်းမာခြင်းသုခကို ရရှိခံစားနိုင်မည် ဖြစ်ပါသည်။ ။

# ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မပျက် ဆက်လက်ချီတက်နေသည့် တိုင်းအလှ တနင်္သာရီ

သတင်းဆောင်းပါး - နန္ဒာဝင်း၊
ဓာတ်ပုံစုစည်း - အေးသန်း



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်

သာယာလှပသော ကမ်းခြေနှင့် နေဝင်ချိန်ဆည်းဆာအလှကို ခံစားနိုင်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်စားစွာ လာရောက်လည်ပတ်လေ့ရှိသော မောင်းမကန်ကမ်းခြေသည် မြန်မာပြည်တောင်ဘက်အဖျားစွန်း ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်လက္ခဏာများ ပေါကြွယ်ဝသည့် တိုင်းအလှ တနင်္သာရီတွင် တည်ရှိသည်။

မီးခိုးမထွက်သော စက်ရုံအဖြစ် တင်စားခေါ်ဝေါ်သည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ် ၃၀ နှင့် တည်းခိုရိပ်သာ ၁၀ ခု ဖွင့်လှစ်ထားရှိပြီး ခရီးသွားလာရေးကုမ္ပဏီ ၉၄ ခုတို့ဖြင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကော့သောင်းမြို့၌ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် မတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပခဲ့သည့် ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှု ပွဲတော်တွင် တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးခရီးစဉ် ဒေသများဖြစ်သော ကျွန်းစုဒေသ ခရီးသွားလုပ်ငန်းများကို အဓိကမိတ်ဆက်ပြသခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး၏ ခရိုင်အလိုက် ခရီးသွားများ လေ့လာလည်ပတ်စရာ အထင်ကရ နေရာများအနေဖြင့် ထားဝယ်ခရိုင်တွင် ရှေးဟောင်းသမိုင်းဝင် ရှင်ကိုးရှင်ဘုရားများ (ရှင်ပင်ခရ၊ ရှင်တောက်ထိန်၊ ရှင်တောင့်ပုံ၊ ရှင်ဇလွန်၊ ရှင်မုတ္ထီး၊ ရှင်ဓာတ်ဝဲ၊ ရှင်ဉသြ၊ ကလိန်အောင်ရှင်ဆံတော်နှင့် မြတ်ရှင်မော်)၊ ရွှေတောင်စားစေတီတော်နှင့် လောကမာရဇိန်ဘုရားကြီး၊ မျှော်ရစ်စေတီတော်၊ မောင်းမကန်ကမ်းခြေ၊ မြင်းခွာအော်ကမ်းခြေ၊ ဖိုးဖိုးကျောက်ကမ်းခြေ၊ စမ်းလှမ်းကမ်းခြေ၊ မောင်းမကန်ရေပူစမ်း၊ ထားဝယ်ရိုးရာ ပုဆိုး၊ လုံချည်လက်ရက်ကန်းလုပ်ငန်း၊ ထားဝယ်ရိုးရာ အိုးမျိုးစုံလုပ်ငန်း၊ ပလတ်စတစ်ခြင်းတောင်း ရက်လုပ်ငန်းနှင့် သဘော့ဖျာရက်လုပ်ငန်း၊ မြိတ်ခရိုင်တွင် လေးကျွန်းဆီမီး သိမ်တော်ကြီး၊ အတုလရံသီ(ပထက်တောင်) ရွှေသာလျောင်း လျောင်းတော်မူဘုရားနှင့် ကျွန်းအခြေပြု ခရီးသွားလုပ်ငန်းများ၊ ကော့သောင်းခရိုင်တွင် ပြည်တော်အေးဘုရား၊ မလိဝမ်းရေတံခွန်၊ ၅၅၅ တောင်ကုန်း၊ ဘုရင့်နောင်ကုန်းမြေနှင့် ဘုရင့်နောင်အင်္ဂူ၊ ကျွန်းဇီလာ၊ ဗိုလ်ရွှေ၊ ငမန်းကျွန်း၊ ခေင်ညိုကြီးကျွန်း၊ ညောင်ဦးဖီးကျွန်း၊ ကျွန်းအမှတ်(၁၁၅)၊ ခရင်းခွကျွန်း၊ ဘားလားကျွန်း (ခ) သံယုတ်ကျွန်း၊ ဖိုးနီကျွန်း (ခ) ဗိုလ်ရာညွန့်ကျွန်း၊ ဗိုလ်နက်ကျော်ကျွန်း၊ လိုဏ်ဂူကျွန်း၊ ငထွေရှူးကျွန်းစသည့် ကျွန်းအခြေပြုခရီးသွားလုပ်ငန်းများမှာ ခရီးသွားများ လေ့လာလည်ပတ်စရာ အထင်ကရ နေရာများ ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးကို ထားဝယ်၊ မြိတ်နှင့် ကော့သောင်းခရိုင်ဟူ၍ ခရိုင် သုံးခု၊ မြို့နယ် ၁၀ ခုတို့ဖြင့် ဖွဲ့စည်းထားပြီး တိုင်းဒေသကြီး၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ စတင်တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်လာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူနေမှုဘဝများ တိုးတက်အောင် ဆောင်ရွက်ရေးဆိုသည့် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## ရည်မှန်းချက်များ

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုမ္ပဏီများမှ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိသည့် မြေယာများကို ဒေသခံတောင်သူများအား ပြန်လည်ပေးအပ်လုပ်ကိုင်ရေး၊ ဒေသတွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေထွက်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေး၊ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ဒေသတွင်းလုံခြုံရေးနှင့် တရားဥပဒေအရ အကာအကွယ်ပေးမှုများ အပြည့်အဝရရှိရေး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားခ ဈေးနှုန်းချိုသာစွာ ရရှိနိုင်ရေးစသည့် ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## လုပ်ငန်းစဉ်များ

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပြဿနာများကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်သည့် နိုင်ငံရေး ဆွေးနွေးပွဲများကို ကျင်းပရန်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာသွားရန်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာများ၊ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီအလိုက် ခံစားသင့်ခံစားထိုက်သော အခွင့်အရေးများနှင့် လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေးများ၊ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာများ၊ မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာများတွင် လုပ်ငန်းစဉ်များ ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## မဏ္ဍိုင်(၃)ရပ်

တိုင်းဒေသကြီး အစိုးရအဖွဲ့သည် သုံးနှစ်တာကာလအတွင်း ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဒုတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ဥပဒေ ၁၄ ခု အသစ်ပြဋ္ဌာန်းခြင်းကို ဆောင်ရွက်ခဲ့ပြီး ထုတ်ပြန်ထားရှိသည့် ဥပဒေများအပေါ် နည်းဥပဒေနှစ်ခုတို့ကို အတည်ပြုထုတ်ပြန်နိုင်ခဲ့သည်။

အုပ်ချုပ်ရေး မဏ္ဍိုင်အနေဖြင့် ပြည်ထောင်စုဗဟိုရုံးများ၏ လက်အောက်ခံရုံးလေးခု၊ ဝန်ကြီးဌာန ၂၀ ၏ လက်အောက်ခံရုံး ၉၀၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လက်အောက်ခံရုံး နှစ်ခုတို့ကို ဗဟိုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းများအကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ)အရ ကြီးကြပ်

အထူးကဏ္ဍ [ ၈ ] သို့ »»



လန်ပိကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ်ကို ဝေဟင်မှ တွေ့ရစဉ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကော့သောင်းမြို့ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

»» အထူးကဏ္ဍ [ င ] မှ

ဆောင်ရွက်လျက်ရှိသည်။

တရားစီရင်ရေး မဏ္ဍိုင်အနေဖြင့် တိုင်းဒေသကြီး တရားလွှတ်တော်ချုပ်ရုံး တစ်ခု၊ ခရိုင်ရုံး သုံးခုနှင့် မြို့နယ်ရုံး ၁၀ ခုတို့ဖြင့် လွတ်လပ်သော တရားစီရင်ရေးစနစ်ဖြင့် အမှီအခိုကင်းစွာ စီရင်ဆုံးဖြတ်နိုင်ရေးအတွက် ကြိုးကြပ်ထိန်းကျောင်းပေးလျက်ရှိသည်။

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ သုံးနှစ်တာကာလ အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ ကျပ်သန်း ၃၆၉၉၀ ဒသမ ၆၈၆၇ သန်းဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၃၅၁ ခုနှင့် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၁၀၈၁၈ ဒသမ ၇၉၄၅ သန်းဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်း ၁၇၉ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ၄၉၁၇၉၁ ဧက စိုက်ပျိုးခဲ့ရာ တင်းပေါင်း ၄၉၈၄၇၀၉၇ တင်းထွက်ရှိခဲ့ပြီး နွေစပါး စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ၂၉၃၀၃ ဧက စိုက်ပျိုးခဲ့ရာ တင်းပေါင်း ၁၂၃၂၇၁၉ တင်း ထွက်ရှိခဲ့ပြီး ဆောင်းသီးနှံစိုက်ပျိုးနိုင်မှုအနေဖြင့် ၂၅၅၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၁၈ - ၂၀၁၉ ခုနှစ်အထိ စိုက်ပျိုးပြီး ၁၀၄၁၆၆၅ ဧကအပေါ်တွင် အစေးလှီးဧက ၄၃၆၀၁၂ ရှိပြီး စုစုပေါင်း ၂၄၄၇၄၅၀၀၅ ပေါင် ထွက်ရှိခဲ့ပြီး ဆီအုန်း စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၁၈ - ၂၀၁၉ ခုနှစ်အထိ စိုက်ဧက ၁၁၉၂၀၃၅ အပေါ်တွင် အသီးခူးဧက ၄၂၂၄၈၄ ဧကရှိပြီး ၁၀၉၂၃၅၆ တန် ထွက်ရှိခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး၏ အရေးကြီးသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်သည့် ကမ်းနီးငါးဖမ်း/ငါးသယ်ရေယာဉ် လိုင်စင်ထုတ်ပေးမှုအနေဖြင့် ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၁၈ - ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ၂၂၀၅၄ စင်း ထုတ်ပေးနိုင်ခဲ့ပြီး ကမ်းဝေးငါးဖမ်းရေယာဉ် လိုင်စင်ထုတ်ပေးမှုအနေဖြင့် ငါးဖမ်းရာသီတွင် ၄၂၈၉ စင်း ထုတ်ပေးနိုင်ခဲ့သည်။ ထို့အပြင် ကမ်းနီး/ကမ်းဝေး/အခြားရေလုပ်သားကတ်ထုတ်ပေးနိုင်မှုအနေဖြင့် ၂၀၁၆ - ၂၀၁၇ ခုနှစ်မှ ၂၀၁၈ - ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ၁၄၄၂၀၇ ဦးကို ထုတ်ပေးနိုင်ခဲ့သည်။

ငါး/ပုစွန် မွေးမြူထုတ်လုပ်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ကုန်ချိန် ၆၅၄၅၃၅၆ တန်၊ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၈၉၇ သန်း တင်ပို့နိုင်ခဲ့ပြီး ငါး/ပုစွန် ရေထွက်ပစ္စည်း တင်ပို့မှုမှာ ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ကုန်ချိန် ၇၈၀၁၂၅ ဒသမ ၄၄ တန်၊ အမေရိကန် ဒေါ်လာ ၇၄၄ ဒသမ ၀၇၂ သန်း၊ မြန်မာငွေကျပ် ၆၉၈၁ ဒသမ ၅၀၃ သန်း ရရှိခဲ့သည်။ အအေးခန်းစက်ရုံများမှ ကုန်ချောထုတ်လုပ်တင်ပို့ရောင်းချနိုင်မှုမှာ ကုန်ချိန် ၁၇၂၂၁ ဒသမ ၄၇ တန်၊ အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၈၀၈ သန်း တင်ပို့နိုင်ခဲ့သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအဆောက်အအုံဖြစ်သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍတွင် သုံးနှစ်တာကာလအတွင်း ထားဝယ်ခရိုင်တွင် ၅၇၇၇၉၃၆ ယူနစ် ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ယခင်နှစ်ထက် ၂၈၁၂၈၁၅ ယူနစ်၊ မြိတ်ခရိုင်တွင် ၃၅၂၂၄၆၁ ယူနစ် ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ယခင်နှစ်ထက် ၂၀၁၆၂၉၆ ယူနစ်၊ ကော့သောင်းခရိုင်တွင် ၁၄၈၆၉၀၉ ယူနစ် ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ယခင်နှစ်ထက် ၄၄၅၁၂၆ ယူနစ် ပိုမိုထုတ်လုပ်နိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ သုံးနှစ်တာကာလအတွင်း ထားဝယ်ခရိုင်တွင် လျှပ်စစ်မီးသုံးစွဲသူ အိမ်ထောင်စု ၁၀၄၀၉၂ စု (ရာခိုင်နှုန်းအားဖြင့် ၁၆ ဒသမ ၄၀ ရာခိုင်နှုန်း)၊ မြိတ်ခရိုင်အတွင်း အိမ်ထောင်စု ၁၃၂၉၁၉ စု (ရာခိုင်နှုန်းအားဖြင့် ၇ ဒသမ ၄၈ ရာခိုင်နှုန်း)၊ ကော့သောင်းခရိုင်အတွင်း အိမ်ထောင်စု ၄၆၀၈၈ စု (ရာခိုင်နှုန်းအားဖြင့် ၁၆ ဒသမ ၀၉ ရာခိုင်နှုန်း) တိုင်းဒေသကြီးအတွင်း စုစုပေါင်းအိမ်ထောင်စု ၂၈၃၀၉၉ စု (ရာခိုင်နှုန်းအားဖြင့် ၁၂ ဒသမ ၂၁ ရာခိုင်နှုန်း)အထိ တိုးတက်လာခဲ့သည်။

တိုင်းဒေသကြီးအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် စစ်ဆေးရေးကိရိယာများဖြင့် တိုင်းတာစိစစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ သုံးနှစ်တာကာလအတွင်း ပုဂ္ဂလိက စက်မှုလုပ်ငန်း ၆၀၇ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အစိုးရသက်တမ်း သုံးနှစ်တာကာလအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၅၇၈၂ ဒသမ ၃၇ သန်းဖြင့် ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ၁၅ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်ထောင်စုလမ်းမကြီး ၆၃၁ မိုင် ၃ ဖာလုံနှင့် တိုင်းဒေသကြီးလမ်း ၄၄၈ မိုင် ၁ ဒသမ ၅ ဖာလုံ၊ ပေ ၅၀ အောက်တံတား ၉၅၉ စင်း၊ ပေ ၅၀ နှင့် ၁၀၀ အောက်တံတား ၁၀၅ စင်း၊ ပေ ၁၀၀ နှင့် ၁၈၀ အောက်တံတား ၃၆ စင်း၊ ပေ ၁၈၀ နှင့်အထက် တံတား ၂၄ စင်း၊ ရေပြွန်နှင့် ပိုက်များ ၂၃၇၁ စင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

တိုင်းဒေသကြီးအတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် ကျေးလက်လမ်းများ ဆောင်ရွက်မှုအနေဖြင့် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်း ဖောက်လုပ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး တံတားလုပ်ငန်းများအနေဖြင့် ၁၀ ပေ မှ ပေ ၅၀ အထက် တံတား ၅၇ စင်း၊ ပေ ၅၀ မှ ပေ ၁၈၀ အထက် တံတား ၁၄ စင်းနှင့် Box Culvert ရေပြွန် ၁၆၁ စင်း ဆောက်လုပ်ဆောင်ရွက်ပေးနိုင်ခဲ့သလို ရာသီမရွေး သွားလာနိုင်သော လမ်း ၈၄၃ မိုင် ၃ ဒသမ ၆၈ ဖာလုံသို့ တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့သည်။

မြို့ပြလမ်းလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် သုံးနှစ်တာကာလတွင် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေသားလမ်း၊ ကတ္တရာလမ်းပေါက်ဖာ စုစုပေါင်း ၉၇ မိုင် ၅ ဒသမ ၇၇ ဖာလုံကို ကုန်ကျငွေ ၁၂၀၄၉ ဒသမ ၇၅၂၅ သန်း၊ မြို့ပြတံတားလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ကုန်ကျငွေကျပ် ၁၁၀၄ ဒသမ ၂၈၆၂၅ သန်း၊ မြို့ပြရေပေးရေးလုပ်ငန်းများအတွက် ကုန်ကျငွေကျပ် ၂၅၆ ဒသမ ၁၂၃ သန်း ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီး အမှတ်(၂)သတ္တုတွင်းလုပ်ငန်းအနေဖြင့် Mini Budget စီမံကိန်း ရည်မှန်းချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ခဲမဖြူနှင့် အဖြိုက်နက် ရောရာသတ္တု ၈၃၄ ဒသမ ၈၁၆ မက်ထရစ်တန် ထုတ်လုပ်ရန် ရည်မှန်းထားပြီး ၂၉၅ ဒသမ ၀၃၃ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့သည်။

ပုလဲနှင့် မုတ်ခွံ ထုတ်လုပ်နိုင်မှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ ပုလဲထုတ်လုပ်ရန် လျာထားချက် မိုမီ ၃၈၇၀၀၀ တွင် ၃၃၆၉၅၅ ဒသမ ၃၂ မိုမီနှင့် မုတ်ခွံထုတ်လုပ်ရန် လျာထားချက် ၁၄၂ မက်ထရစ်တန်တွင် ၈၉ ဒသမ ၀၄ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အထိ သုံးနှစ်တာကာလအတွင်း အခွန်အရပ်ရပ် ကောက်ခံရရှိမှုမှာ မြန်မာငွေကျပ် ၁၄၇၇၂၀ ဒသမ ၈၃၆ သန်း၊ ထိုင်းဘတ်ငွေ ၁၀၀ ဒသမ ၇၉၇ သန်း၊ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၅၆ သန်း ကောက်ခံရရှိခဲ့သည်။

တိုင်းဒေသကြီးအတွင်း ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ သုံးနှစ်တာကာလအတွင်း ကုန်သွယ်ရေးစခန်းများ၏ ပို့ကုန်၊ သွင်းကုန်၊ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၈၂ ဒသမ ၇၅၃ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)မှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ သုံးနှစ်တာကာလအတွင်း ငွေကျပ် ၅၄၅၀၉၂၀ ဒသမ ၉ သန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လူတစ်ဦးချင်း ဝင်ငွေရရှိမှုအနေဖြင့် နှစ်အလိုက် ဈေးနှုန်းများအရ ငွေကျပ် ၂၉၄၁၂၂၅ ရရှိရန် ရည်မှန်းထားသည်။

ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် ကျောင်းထွက်သူ ပပျောက်ရေးအတွက် နှစ်စဉ် မေ ၂၅ ရက်မှ မေ ၃၀ ရက်အထိ ကာလကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ပြီး ကျောင်းအလိုက်၊ မြို့နယ်အလိုက် ကျောင်းအပ်နှံရေးအခမ်းအနားများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျင်းပခဲ့သည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ ၂၀၁၇-

»» အထူးကဏ္ဍ [ ဆ ] သို့

»»» အထူးကဏ္ဍ [ စ ] မှ

၂၀၁၈ ပညာသင်နှစ်နှင့် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားများတွင် နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများမှ ကျောင်းသား ကျောင်းသူများကို ထောက်ပံ့ငွေ၊ ကျောင်းသုံးစာရေးကိရိယာ၊ ကျောင်းသုံးပရိဘောဂများနှင့် ကျောင်းဝတ်စုံများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၄၉၆ ဒသမ ၀၇၂၄ သန်းခန့် ထောက်ပံ့ပေးနိုင်ခဲ့သည်။

လစ်လပ်လျက်ရှိသော မူလတန်းပြ ရာထူးနေရာများတွင် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဒေသခံဘွဲ့ရ ပြင်ပပုဂ္ဂိုလ် ၂၇၉ ဦးကို ခန့်ထားပေးခဲ့ပြီး မူလတန်းဆရာ အတတ်သင် တစ်လသင်တန်း တက်ရောက်ကာ မူလတန်းပြ အမြဲတမ်းဝန်ထမ်းများအဖြစ် ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် ခန့်ထားပေးနိုင်ခဲ့သည်။ တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၂၀၁၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုသူ ၂၀၂၃၇ ဦး အနက် ၆၁၇၄ ဦး အောင်မြင်ခဲ့သဖြင့် အောင်ချက် ၃၀ ဒသမ ၅၁ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့သည်။

တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၀ မြို့နယ်၌ ဆင်းရဲချို့တဲ့သည့် အခြေခံပညာ မူလတန်းကျောင်း ၁၀ ကျောင်းမှ သူငယ်တန်း (KG)နှင့် ပထမတန်း (Grade-1) ကျောင်းသား ကျောင်းသူများကို ကျောင်းအလိုက် အာဟာရကျွေးမွေးရေး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ နှစ်စဉ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ ငွေကျပ် ၁၄၂၇၆၀၀၀၀ ကို ထောက်ပံ့ပေးခဲ့သည်။

တိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း လွှမ်းခြုံနိုင်မှုအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနနှင့် လူဦးရေအချိုးမှာ ၁း၂၂၀၃၁၊ ကျေးလက် ကျန်းမာရေးဌာနခွဲနှင့် လူဦးရေအချိုးမှာ ၁း၄၈၇၃၊ သားဖွားဆရာမနှင့် လူဦးရေအချိုးမှာ ၁း၃၈၁၄ ဖြစ်သည်။ လူဦးရေနှင့် ဆရာဝန်အချိုးမှာ ၁း၇၆၇၉၊ လူဦးရေနှင့် သူနာပြုအချိုးမှာ ၁း၂၄၆၉ ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်ပေးရန် ဘာသာရပ်အလိုက် သင်တန်းများ၊ မွမ်းမံသင်တန်းများကို ပို့ချပေးလျက်ရှိရာ ၂၀၁၆ ခုနှစ်အတွင်း တိုင်းဒေသကြီးအဆင့် သင်တန်းစုစုပေါင်း ရှစ်ကြိမ်၊ ၂၀၁၇ ခုနှစ်အတွင်း သင်တန်း စုစုပေါင်း ၁၄ ကြိမ်၊ ၂၀၁၈ ခုနှစ်အတွင်း သင်တန်းစုစုပေါင်း ၁၉ ကြိမ် သင်တန်းပို့ချပေးနိုင်ခဲ့ပြီး ထားဝယ်သူနာပြုသင်တန်းကျောင်းမှ သူနာပြု ဆရာဆရာမ ၁၈၂ ဦး၊ မြိတ်သားဖွားသင်တန်းကျောင်းမှ ၂၀၁ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးအဆင့်၊ ခရိုင်/မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပမှုအနေဖြင့် သုံးနှစ်တာကာလတွင် အားကစားနည်း ၁၈ နည်း ကျင်းပနိုင်ခဲ့သည်။ မြို့နယ်များတွင် အားကစားပြိုင်ပွဲ ၃၀၂ ပွဲ ကျင်းပပေးနိုင်ခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ခုနှစ်၌ အားကစားနည်း ၃၂ နည်း ကျင်းပခဲ့ပြီး ဆုရရှိမှုအနေဖြင့် ရွှေ ၃၁ ခု၊ ငွေ ၂၇ ခု၊ ကြေး ၂၇ ခု ရရှိခဲ့ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အဆင့်(၃)ရရှိခဲ့သည်။

### ပြည်သူ့အကျိုးပြု

တနင်္သာရီတိုင်းဒေသကြီး အတွင်း



ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းပုံစံငယ်ကို တွေ့ရစဉ်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း (ထားဝယ်)၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(မြိတ်)၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ကော့သောင်း)တို့ကို ဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိရာ သုံးနှစ်တာကာလအတွင်း သင်တန်း ၅၆ ကြိမ်နှင့် သင်တန်းသား သင်တန်းသူဦးရေမှာ ၁၃၉၆ ဦးကို သင်ကြားပို့ချပေးနိုင်ခဲ့သည်။

ပညာသင်ကြားရေးတွင် အခက်အခဲရှိသည့် ဒေသခံတိုင်းရင်းသားလူငယ်များကို အလယ်တန်းပညာ၊ အထက်တန်းပညာများ သင်ကြားနိုင်ရေး ဆောင်ရွက်ပေးမည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းကို ထားဝယ်မြို့ကြက်စားပြင်ရပ်ကွက်တွင် ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မြိတ်မြို့တွင် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းဖွင့်နိုင်ရန် မြေနေရာရရှိရေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးတွင် တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနိုင်မှုမှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်အထိ သုံးနှစ်တာကာလတွင် မိုးရာသီ(စပါး)စိုက်ပျိုးစရိတ်အတွက် ထုတ်ချေးငွေကျပ် ၅၁၇၇၈ ဒသမ ၆၅၀ သန်း၊ နွေစပါးနှင့် အခြားသီးနှံအတွက် ငွေကျပ် ၄၀၃ ဒသမ ၉၅၀ သန်း၊ ပြည်ပဂျပန်နှစ်ဆင့်ချေးငွေ JICA (TSL) (၅ နှစ် ၅ ရစ်ဆပ်) နှစ်ရှည် လယ်ယာသုံးစက်ချေးငွေကျပ် ၁၄၁၅ ဒသမ ၇၅ သန်း၊ ပြည်တွင်းမြန်မာ့စီးပွားရေးဘဏ် နှစ်ဆင့်ချေးငွေကျပ် MEB (TSL) (၃ နှစ် ၆ ရစ်ဆပ်)၊ နှစ်တိုလုပ်ငန်း ချေးငွေကျပ် ၆၇ ဒသမ ၃၁၅ သန်း ထုတ်ချေးနိုင်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်မှုစနစ် ကောင်းမွန်ရန် ကျေးလက်ဒေသများတွင် မိုဘိုင်းစခန်းအသစ်များ တပ်ဆင်ဆောင်ရွက်ပေးခဲ့သည်။ အစိုးရသစ်၏ သုံးနှစ်တာကာလအတွင်း တနင်္သာရီတိုင်းဒေသကြီးအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်း BTS စခန်း စုစုပေါင်း ၁၂၈ ခု ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့ပြင် အများပြည်သူ ခရီးသွားလာမှု၊ လူမှုစီးပွားဘဝ အဆင့်မြှင့်တင်နိုင်ရေးနှင့် ကုန်စည်ပို့ဆောင်မှု လွယ်ကူချောမွေ့ရေးအတွက် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ထားဝယ်မြို့ ဆန်းချီရပ်ရှိ မြို့သစ် ၄ လမ်းနှင့် ၆ လမ်းများအား အဆင့်မြှင့်တင် ဆောင်ရွက်ပြီး မြို့သစ် ၅ လမ်းနှင့် ၇ လမ်းများကို အသစ်ဖောက်လုပ်ပေးခဲ့သည်။

အဆိုပါလမ်းများမှ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မောင်းမကန်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဇုန်များသို့ အချိန်တိုအတွင်း ရောက်ရှိနိုင်သည့်အပြင် ထားဝယ် - ရေး - ရန်ကုန်လမ်းမကြီးနှင့် ထားဝယ် - မြိတ်လမ်းမကြီးများသို့ အချိန်တိုအတွင်း သွားလာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်း မြို့နယ်များဖြစ်သော တနင်္သာရီမြို့နယ်တွင် FM ရေဒီယိုလွှင့်စက်၊ ဘုတ်ပြင်းမြို့နယ်တွင် ရုပ်မြင်သံကြားလွှင့်စက်၊ သရက်ချောင်းမြို့နယ် ပဲဒက်ကျေးရွာတွင် ရုပ်မြင်သံကြားလွှင့်စက်နှင့် စက်ရုံတစ်ရုံ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည်။

ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းကို ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် စမ်းလှမ်းကျေးရွာတွင် အိပ်ခန်း လေးခန်းပါ အိပ်ဆောင် နှစ်ဆောင်၊ စားသောက်ဆောင် တစ်ဆောင်ဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ဒုံးညောင်မှိုင်းကျေးရွာနှင့် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် မကြံ့ဂုလက်ကျေးရွာများအား အစဉ်တိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါ ကျေးရွာများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးမှသာ ကျန်ဆလုံကျေးရွာများတွင် ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်း (CBT) ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများ အပန်းဖြေ အနားယူနိုင်ရန်အတွက် ထားဝယ်မြို့တွင် ဆိပ်ကမ်းသာကစားကွင်း၊ မြိတ်မြို့တွင် ဦးမြတ်လေး ပန်းခြံကစားကွင်းအသစ်များ တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့အပြင် ထားဝယ်မြို့တွင် ပြည်သူများ မြစ်အလှကို ကြည့်ရှုပြီး အပန်းဖြေအနားယူနိုင်ရေးအတွက် ဆိပ်ကမ်းသာလမ်းတွင် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဘိုးပိုင်အခြေပြု ကျောက်စီနံရံ ဆောက်လုပ်ခြင်း၊ ၁၈ ပေအကျယ် ရှစ်လက်မဒုကွန်ကရစ်ခင်းခြင်း၊ RCC Box Culvert နှစ်စင်းဆောက်လုပ်ခြင်း၊ လမ်းလယ်ကျွန်းတွင် ရေမြောင်းနှင့် လမ်းဘေးကပ်တုံးများပြုလုပ်ခြင်း၊ ရောင်စုံဘလောက်တုံးဖြင့် ပလက်ဖောင်းပြုလုပ်ခြင်းကို မြောင်းပုလဲတံတားမှ အာဇာနည်လမ်းပိုင်းကြားတွင် ပထမအဆင့်အနေဖြင့် ဆောင်ရွက်ပြီးဖြစ်သည်။

မြိတ်မြို့ ကန်တော်မင်္ဂလာ (ရေကန်ပေါင်)တွင် ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရေးအတွက် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ရေကန်ပေါင်ပတ်လမ်း ရေမြောင်းကျောက်စီခြင်း၊ ရေကန်ပေါင်အဝင်လမ်း ကွန်ကရစ်ခင်းခြင်း၊ ရေကန်ပေါင်ပတ်လမ်း ရေမြောင်းတွင် ရေမြောင်းအဖုံးပြုလုပ်ခြင်း၊ ရေကန်ပေါင်ပတ်လမ်း သံပန်းတပ်သစ်သားကြမ်းခင်းထိုင်ခုံများ ပြုလုပ်ခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### သဘာဝဘေးအန္တရာယ်

တနင်္သာရီတိုင်းဒေသကြီး အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ သဘာဝဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၁၅၁၄၆၀၃၁၁ ကို ထောက်ပံ့ပေးနိုင်ခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုများကြောင့် ဘေးသင့်အိမ်ထောင်စုများနှင့် ထိခိုက်ပျက်စီးသွားသော နေအိမ်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၂၃၄ ဒသမ ၁၂၈ သန်း ထောက်ပံ့ပေးခဲ့သည်။

တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများနှင့် Tanintharyi Regional Development Plan ရေးဆွဲနိုင်ရေးအတွက် JICA အဖွဲ့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသည် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရေးအတွက် VSI Thai Union Co.,Ltd (Thailand) နှင့် ပူးပေါင်းဆွေးနွေးခြင်း၊ Development Planning in Tanintharyi Region and Dawei

အထူးကဏ္ဍ [ ဇ ] သို့ »»»

»»» အထူးကဏ္ဍ [ ဆ ] မှ



ပြည်တွင်း ပြည်ပခရီးသွားများ ဆွဲဆောင်ရာနေရာတစ်ခုဖြစ်သော ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ဆင်ထောက်ကမ်းခြေအလှကို တွေ့ရစဉ်။ ဓာတ်ပုံ-ဘိုဘို

SEZ ခေါင်းစဉ်ဖြင့် Master Plan ရေးဆွဲထားရှိမှု Draft Plan နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ JICA အဖွဲ့နှင့် ပူးပေါင်းဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်း တရားမဝင်သစ်ထုတ်လုပ်မှုများ လျော့နည်းပပျောက်နိုင်ရေးအတွက် မိတ်ဖက်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တရားမဝင်သစ်ထုတ်လုပ်မှု ဖမ်းဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ ကျွန်းသစ် သုည ဒသမ ၄၈၂ တန်၊ အုပ်စု(၁) သစ်ခွဲသား ၂၉ ဒသမ ၆၆၄၃ တန်၊ အုပ်စု(၂) အခြားသစ်လုံး ၄၀ ဒသမ ၇၆၁၃ တန်၊ အုပ်စု(၂) အခြားခွဲသား ၃၂၁ ဒသမ ၀၇၉၇ တန်ကို ဖမ်းဆီးရမိခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထု၊ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ လူကုန်ကူးမှုဆိုင်ရာ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ NGO၊ INGOs များနှင့်ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ၊ လူစည်ကားရာနေရာများတွင် အသိပညာပေး Bill Board များ စိုက်ထူခြင်းများအပြင် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့၏စီစဉ်မှုဖြင့် UD Counder ၁၀ ဘီးယာဉ်အသုံးပြု၍ ဝေးလံခေါင်းပါးသည့် နေရာများအထိ ရောက်အောင် အသိပညာပေး လှည့်လည်ဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်း**

ဖြေလျှော့မှုများအနေဖြင့် ယခင်က ဓာတ်အားလိုင်းခွဲရုံ (ထရန်စဖော်မာ)များအား စစ်ဆေးပြီးပါက လျှပ်စစ်စစ်ဆေးရေးမှူးချုပ်၊ လျှပ်စစ်စစ်ဆေးရေးဌာန (ရုံးချုပ်) နေပြည်တော်မှ ခွင့်ပြုလက်မှတ်ထုတ်ပေးခဲ့သော်လည်း ယခုဘဏ္ဍာနှစ်များတွင် ဓာတ်အားလိုင်းခွဲရုံ (ထရန်စဖော်မာ)အား ၄၀၀ ကေဗွီအေ နှင့်အောက် လျော့နည်းပါက တိုင်းဒေသကြီး လျှပ်စစ်စစ်ဆေးရေးမှူးက ခွင့်ပြုလက်မှတ်ထုတ်ပေးပိုင်ခွင့်ပြုခဲ့သည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် လုပ်ငန်းရှင်များ ချေးငွေရယူရန်အတွက် ယခင်က လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက် Recommendation Letter ကို နေပြည်တော်(ရုံးချုပ်)မှ ထောက်ခံချက်ထုတ်ပေးခဲ့ပြီး ယခုအခါ ငွေကျပ်သိန်း ၁၀၀၀

**ကျောင်းများ အဆင့်တိုးမြှင့်မှုအနေဖြင့် တိုင်းဒေသကြီး အတွင်းရှိ ကျောင်းပေါင်း ၃၇၄ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့သလို ဆေးရုံ၊ ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်း ၇၅ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့**

အောက် ဘဏ်ချေးငွေရယူလိုသော လုပ်ငန်းရှင်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးက ထောက်ခံချက်ဖြင့် ထုတ်ပေးနိုင်အောင် လုပ်ငန်းဖြေလျှော့ပေးလျက်ရှိသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး အခြေစိုက် တိုင်းရင်းသားလူမျိုးရေးရာ ဖွံ့ဖြိုးရေးနှင့် သုတေသနအသင်း (CDEF) နှင့် မြိတ်ခရိုင် အခြေစိုက် ငါတို့အနာဂတ်အရှေ့ဆောင် (OTF) တို့ ပူးပေါင်းဆောင်ရွက်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲကို မြိတ်ခရိုင် မြိတ်မြို့နယ် Green Eye ဟိုတယ်တွင် လာမည့် အောက်တိုဘာလတွင် ကျင်းပရန် ခွင့်ပြုပေးခဲ့သည်။

တိုင်းဒေသကြီးအတွင်း ထားဝယ်ခရိုင် ထားဝယ်မြို့နယ်အတွင်းရှိ မောထ၊ အမြှား၊ ထီးထနှင့် ဆင်ဖြူတိုင်ကျေးရွာများတွင် စစ်ရေးပဋိပက္ခကြောင့် နေရပ်စွန့်ခွာပြီး ပြန်လည်အခြေချနေထိုင်သော ဒေသခံ တိုင်းရင်းသားများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အခက်အခဲများ ဆောင်ရွက်ရန် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားရန် စီစဉ်ထားကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ နေထိုင်မှုအဆင့်အတန်း တိုးတက်ကောင်းမွန်ရန်၊ အကျဉ်းထောင်အတွင်း သောက်ရေသုံးရေ သန့်ရှင်းလုံလောက်မှုရှိရန်၊ အနံ့အသက်များကင်းစင်ပြီး သန့်ရှင်းမှုရှိရန်၊ ကျန်းမာရေးစောင့်ရှောက်မှုများ အလုံအလောက်ပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် အမျိုးသမီးကော်မတီများ ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီး အမျိုးသမီးကော်မတီနှင့် သင်္ဂဟဂျန်ဒါတို့ ပူးပေါင်းပြီး "လူဖြစ်ခွင့်ပေးပါ" လှုပ်ရှားမှုနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအဖြစ် "မတူကွဲပြား အကြမ်းမဖက်ရေး မိမိကစ ပါဝင်ပေး" လှုပ်ရှားမှုတို့ကို ကျင်းပပေးနိုင်ခဲ့သည်။

**အကျိုးသက်ရောက်မှုများ**

တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတော်၏ မဟာဓာတ်အားလိုင်း မရောက်ရှိမီက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များ၊ ဒီဇယ်ဓာတ်အားပေးစက်များ၊ အသေးစားရေအားစက်များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ စက်တပ်ဆင်နိုင်မှု အင်အားအနေဖြင့် ဓာတ်အားပေးစက် ၄၈ လုံး တပ်ဆင်အင်အား ၃၀ ဒသမ ၈၃ မဂ္ဂါဝပ်တိုးချဲ့တပ်ဆင်နိုင်ခဲ့သည်။

ကျောင်းများ အဆင့်တိုးမြှင့်မှုအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ကျောင်းပေါင်း ၃၇၄ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့သလို ဆေးရုံ၊ ဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်း ၇၅ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အားကစားကဏ္ဍ တိုးတက်ရေးအတွက် ၂၀၁၈- ၂၀၁၉ ခုနှစ်၌ တိုင်းဒေသကြီးအတွင်း ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်းတွင် ကစားသမားတည်းခိုဆောင် နှစ်ဆောင်၊ ကွန်ကရစ်ရေစင်တစ်လုံး၊ အမိုးပါ အုတ်ရေကန်နှစ်လုံးတည်ဆောက်ခြင်း၊ ရေဖြူမြို့ အားကစားကွင်းနယ်နိမိတ် ခြံစည်းရိုးကာရံခြင်း၊ သရက်ချောင်းမြို့ အားကစားကွင်း ပြေးလမ်း မြေဖြည့်ခြင်း၊ Inner Fence ကာရံခြင်းနှင့် ခြောက်ခန်းတွဲ အိမ်သာဆောက်လုပ်ခြင်း၊ မြိတ်မြို့ အားကစားခန်းမ နယ်နိမိတ်ခြံစည်းရိုးကာရံခြင်း၊ မီတာ ၄၀၀ ပြေးလမ်း ကျောက်မှုန့်ခင်းခြင်းနှင့် တင်းနစ်ကွင်း ပွဲကြည့်စင်ဆောက်လုပ်ခြင်း၊ ကျွန်းစုမြို့ အားကစားကွင်း ပြေးလမ်းကျောက်မှုန့်ခင်းခြင်း၊ ဖြတ်ရေမြောင်းပြုလုပ်ခြင်း၊ ကပ်တုံးပြုလုပ်ခြင်း၊ ရေလမ်းကြောင်းတူးဖော်ခြင်းနှင့် ကွင်းအတွင်းမြေကြီးတူးထုတ်ခြင်း၊ ပုလောမြို့ အားကစားကွင်း Inner Fence ကာရံခြင်း၊ တနင်္သာရီမြို့(မောတောင်) အားကစားကွင်း နယ်နိမိတ် ခြံစည်းရိုးကာရံခြင်း၊ ဘုတ်ပြင်းမြို့ အားကစားခန်းမပတ်လည် ခြံစည်းရိုးကာရံခြင်းတို့ကို ဆောက်လုပ်ပေးလျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်တို့နှင့် ပလကျေးရွာတို့ကို ပေါင်း၍ ပလမြို့သစ် (Town Plan) နှင့် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မောင်းမကန်ဒေသရှိ မောင်းမကန် (Town Plan) ကို ရေးဆွဲဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် ဒသမအကြိမ် ပုံမှန်အစည်းအဝေးတွင် အတည်ပြုခဲ့ပြီးဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာ လုပ်ငန်းအစီအစဉ်နှင့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေအရ မြန်မာနိုင်ငံသား အသက်(၉၀)နှစ် ပြည့်ပြီးသူ ဘိုးဘွားများကို လူမှုရေးပင်စင် အစီအစဉ်အရ တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း ထောက်ပံ့လျက်ရှိသလို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မသန်စွမ်းသူများ လူ့အသိုင်းအဝိုင်းတွင် ဝင်ဆံ့နိုင်ရေးအတွက် Right to Play အခမ်းအနားများကို ကျင်းပပေးခဲ့သည်။

သက်ငယ်မုဒိမ်းမှု ကျူးလွန်ခံရသူများအတွက် တရားရုံးထောက်ပံ့စရိတ် ငွေကျပ်တစ်သိန်းစီနှင့် ၁၇ ဦးကို ဘဝရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်းပစ္စည်းများ ဝယ်ယူရန် ငွေကျပ်ငါးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၁၀၉ သိန်း ထောက်ပံ့ပေးခဲ့သည်။

တိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး ဥပဒေပုဒ်မ(၄)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစည်းအဝေး အမှတ်စဉ်(၁၈/၂၀၁၇) ဆုံးဖြတ်ချက်အရ မြိတ်ခရိုင် တနင်္သာရီမြို့နယ် တနင်္သာရီမြို့ဟောင်းကို ရှေးဟောင်းနေရာ တည်နေရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းရေးဇုန်အဖြစ် သတ်မှတ်နိုင်ခဲ့သည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ဒြပ်ရှိ/ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် (ICH) ၉၆ ခုအနက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ရှင်မာလဲပွဲတော်၊ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်၊ ထားဝယ်မုန့်ကာလာမဲလုပ်ငန်း၊ ထားဝယ်ခေါက်မုန့်လုပ်ငန်း၊ ကောက်ညှင်း ကျည်တောက်လုပ်ငန်း၊ ထားဝယ်မုန့်လက်သုပ်၊ ဝါးခမောက်လုပ်ငန်း၊ သကျက်ဖျာလုပ်ငန်း၊ ရေဖြူလှေလှော်ပြိုင်ပွဲ၊ ခေါသရပ်ပွဲတော်၊ တနင်္သာရီမင်္ဂလာဆောင်ဓလေ့၊ ထားဝယ်မင်္ဂလာဆောင်ဓလေ့၊ ခနိပွင့်ယိုလုပ်ငန်းများကို ယူနက်စကိုယဉ်ကျေးမှု အမွေအနှစ်အဖြစ် UNESCO သို့ မှတ်တမ်းတင်ပေးပို့နိုင်ခဲ့သည်။

ထိုကဲ့သို့ အမွေအနှစ်များသည် တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွဲဆောင်မှုများပင်ဖြစ်သည်။ ခရီးသွားလုပ်ငန်းအပါအဝင် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့က ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။